www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အောင်မြင် စာပေ




၈၉၅-၈၃

ငြိမ်းလူ

စာပေစိစစ်ရေးဌာန/ငြိမ်းလူ - ရုန်းတုန်း

အောင်မြင်စာပေ ၂၀၁၂

၂၄၀ - တား၊ ၁၂၅ - ၀၈ - ၃ ဝင်းဝိုး

(၁) ငြိမ်းလူ

ထုတ်ဝေသူ ဦးအောင်မြင့်

ပုံနှိပ်သူ - အောင်မြင်စာပေ

အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်

အောင်မြင်ပုံနှိပ်တိုက်

ပထမအကြိမ် ၂၀၁၁ ခုနှစ်

(စုံစမ်းရန်) ဖုန်း(၅၀၀)




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏အမှာစာ

ဤဝတ္ထုရေးသားရာမှာ အကြောင်းအရာ အချက်အလက်များ ပြည့်စုံနိုင်မှုရှိစေရန် ရှေးက ပြုစုရေးသားခဲ့ကြသော စာအုပ်ပေါင်းများစွာတို့ ကြည့်ရှုလေ့လာပြီးရေးသားခဲ့ပါသည်။

ထိုအထဲမှ အဓိကကျသော စာအုပ်မျိုးမှာ -

(၁) ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ရေးသား ပြုစုတော်မူသော "ဇိနတ္ထပကာသနီ" ကျမ်းနှင့်
(၂) ဆရာသက်လုံ၏ ဂန္ထာရီအလ္လာမှမှတ်တမ်းများ၊
(၃) (World Book Encyclopaedia)
ကမ္ဘာ့ဇဟုသုတဒီ ပနီကျမ်း၊
တို့မှ အချက်အလက်များကို မှီငြမ်းရေးသားခြင်း ဖြစ်ပါကြောင်း...၊

ကျွန်တော့် စာဖတ်ပရိသတ်များ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ...၊

စာဖတ်သူများ၏မေတ္တာရိပ်အောက်မှ..

တိုးစက္က

BURMESE CLASSIC .com

# ဇာတ်လမ်းလက်ဆောင်

❖ တောထဲမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်တွေက မုဆိုးတစ်ယောက်ကို မသတ်ဖူးကြပေမယ့် မုဆိုးတစ်ယောက်ကတော့ သတ္တဝါ အတော်များများကို သတ်ဖြတ်နိုင်ပါတယ်။

❖ ဝမ်းနည်းခြင်းနှင့်ကြုံတွေ့ရတဲ့အခါ မျက်ရည်ကျလေ့ရှိပါတယ်။ ဒါပေမယ့် မကျသေးတဲ့မျက်ရည်တစ်စက်ဟာ ပူဆွေးခြင်းရဲ့ဇစ်မြစ်ပဲဖြစ်ပါတယ်။

❖ ခက်ခဲတဲ့မေးခွန်းတိုင်းမှာ အဖြေတစ်ခုတော့ရှိပါတယ်။ ဒါပေမယ့် အဖြေရပြီးတဲ့နောက်မှ ပေါ်လာတဲ့မေးခွန်းမျိုးကတော့ ပဟေဠိအဆန်းဆုံးဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလင်္ကာဆောင်

❖ အချစ်ဖော်စွမ်းအင်ကို
ရှာဖွေကြည့်သောအခါ
အခြားစွမ်းရည်တူသော အရာတစ်ခုကိုပါ
တွေ့ရနိုင်ပါသည်။
စည်းတစ်ခုသာ ခြားပြီးရပ်နေသော
အမုန်းပင်ဖြစ်ပေသည်။

❖ ယဉ်ကျေးမှုဆိုတာ
ဘဝရဲ့နေနည်းတစ်ခုပါပဲ
ဘဝရဲ့နေနည်းတွေကို ဆန့်ကျင်လျှင်တော့
အားလုံးရဲ့ဆန့်ကျင်ဘက်ဖြစ်လာမှာအမှန်ပါပဲ။

❖ လူ့ဘဝမှာ
ဝမ်းနည်းစရာကောင်းတာတွေရှိတယ်
အဲဒီအထဲမှာ
နှလုံးသားရဲ့လိုအင်ဆန္ဒကို
ပြည့်ဝအောင်ဘာမှလုပ်မပေးနိုင်ခဲ့တဲ့
အဖြစ်ကအဆိုးဆုံးပါပဲ...။

BURMESE CLASSIC .com

# ဒဿနလင်္ကာဆောင်

❖ ကောင်းကင်ပေါ်က တောက်ပတဲ့
အလင်းရောင်တွေကို တိမ်တိုက်တွေက
ဖုံးအုပ်ထားနိုင်တယ်...။
အဲ့ဒီလိုပဲ..သင့်မျက်လုံးမှာရှိတဲ့ မျှော်လင့်ချက်
အလင်းရောင်တွေကို မျက်ရည်တွေနဲ့
မဖုံးကွယ်မိစေဖို့..အရေးကြီးပါတယ်။

❖ ဥယျာဉ်ထဲမှာ ဆေးပင်စိုက်ရင်
နံဘေးက ပေါင်းပင်တွေအများကြီး
ပေါက်လာပါလိမ့်မယ်..။
ဆေးပင်နဲ့ပေါင်းပင် ခွဲခြားမသိရင်တော့..
မှားနုတ်မိမှာအသေအချာပါပဲ...

❖ ငယ်ရွယ်နုပျိုတဲ့အချိန်မှာ
ဆင်းရဲမှုဒဏ်ကိုခံနိုင်သော်လည်း
အိုမင်းမစွမ်းအချိန်ရောက်မှ ငွေမရှိလျှင်တော့
ဒုက္ခက အဖော်အပေါင်းနဲ့
ရောက်လာတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဧဿယနုလင်္ကာဆောင်

❖ ကံကောင်းခြင်းဆိုတာ
မကြာခဏရောက်လာတတ်တာမျိုး
မဟုတ်ပေ၊ ဒါပေမယ့်...
ကံကောင်းခြင်းရောက်လာတဲ့အချိန်မှာ
မှုးပြီးအိပ်ပျော်မနေမိဖို့တော့
အရေးအကြီးဆုံးဖြစ်ပါတယ်၊

❖ အချစ်ဆိုတာ အသုံးချဖို့မဟုတ်ပါဘူး
အသုံးပြုဖို့အတွက်ပါ၊
ကိုယ့်ကိုယ်ကိုယ်ချစ်တဲ့အချစ်ကတော့
အများတွေထဲမှာ ကြောက်စရာအကောင်းဆုံး
ဖြစ်ပါတယ်၊

❖ မချစ်ဘဲနဲ့ အိမ်ထောင်ဖက်ဖြစ်လာရင်
အချိန်ရတာနဲ့
အိမ်ထောင်ဖက်မရှိတဲ့သူတွေဆီ
စိတ်ရောက်နေပေလိမ့်မည်၊


BURMESE CLASSIC .com

# ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း(၁) – ဗုဒ္ဓမိတ်တော်နှင့် တူတာဝါဟနပညာ
အခန်း(၂) – ယန္တရားအတတ်ဖြင့် အသက်သေရသောသူ
အခန်း(၃) – အသက်ပေးပြီး ယန္တရားအတတ်ကိုယူခဲ့သောသူ
အခန်း(၄) – မိစ္ဆာဝိုက်းသားနှင့် ခြေရာပျောက်လူသတ်သမား
အခန်း(၅) – သချိုင်းထဲမှ အလောင်းပျောက်သောသူ
အခန်း(၆) – ဖုတ်ဝင်လာသောအလောင်းကောင်များ
အခန်း(၇) – မဟိန္ဒနှင့်မိစ္ဆာစွမ်းအား
အခန်း(၈) – ရေတန့်ပေါ်မှရုပ်ပြောင်းနာဝိဇ္ဇာအလောင်း
အခန်း(၉) – ရေကန်အနီးမှ မိန်းမပျိုတစ်ဦး
အခန်း(၁၀) – မဟိန္ဒနှင့်ဒေါက်တာမင်းထင်ကျော်
အခန်း(၁၁) – မိစ္ဆာဓါတ်ကိုပယ်ဖျက်စေသော စက္ကာရစွမ်းအား
အခန်း(၁၂) – ကောသရီနှင့်လျှို့ဝှက်သောနေရာ
အခန်း(၁၃) – အစားထိုး၍မရသော ခံစားမှုများ
အခန်း(၁၄) – မိစ္ဆာလက်တွင်းကျရောက်ရခြင်း
အခန်း(၁၅) – ဦးဒီပင်္ကရ၏အကြံအစည်
အခန်း(၁၆) – မဟိန္ဒနှင့်နောက်ဆုံးတိုက်ပွဲ
အခန်း(၁၇) – ဟိမဝန္တာကိုပဲသက်သေတည်


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

# ဗုဒ္ဓဓါတ်တော်နှင့် ဘူဏာဓါဟနပညာ

ဗုဒ္ဓဝင်သမိုင်းကြောင်းများ၌သော်လည်းကောင်း၊ ရာဇဝင်သမိုင်းကြောင်းများ၌သော်လည်းကောင်း ထင်ရှားသော မင်းအချို့ရှိခဲ့ကြသည်။

မောရိယအင်ပါယာကြီးတစ်ခုလုံး သိမ်းပိုက်စိုးစံခဲ့သော သီရိဓမ္မာသောကမင်းကြီးနှင့် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ကပင် ထင်ရှားခဲ့သော အဇာတသတ်မင်းတို့ပင် ဖြစ်ကြလေသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

အချို့ထင်ရှားသော ဘုရင်များရှိကြပါသော်လည်း အသောကဘုရင်နှင့် အဇာတသတ်မင်းနှစ်ပါးတို့ကိုတော့ ရာဇဝင်သမိုင်းကြောင်းများအရ ပိုပြီးလူသိများထင်ရှားခဲ့ကြလေသည်။

အသောကမင်းကြီးထင်ရှားပုံက တစ်မျိုးပင်ဖြစ်သည်။ ဘိုးတော်စန္ဒဂုတ်မင်း တည်ထောင်ခဲ့သော မောရိယအင်ပါယာနိုင်ငံကြီးကို ဆက်လက်သိမ်းပိုက်စိုးစံနိုင်ခဲ့ရုံမက နောက်ထပ်နယ်ပယ်သစ်များကိုပင် ချဲ့ထွင်နိုင်ခဲ့လေသည်။

ထို့ပြင် အဇာတသတ်မင်းကြီး သို့ဝှက်ထားခဲ့သော ဓါတ်တော်တိုက်ကြီးကို ဖော်ထုတ်နိုင်ခဲ့ပြီး စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် လှူဒါန်းခဲ့သောကြောင့် ကမ္ဘာအရပ်ရပ်မှ သိကြခြင်းဖြစ်သည်။

အဇာတသတ်မင်းကြီးနှင့် အသောကမင်းကြီးတို့မှာ ဆက်စပ်မှုလည်းရှိ၊ သာသနာပြုဖက်များ ဖြစ်ကြသည်ဆိုလျှင်လည်း မှားမည်မဟုတ်ပေ။

အဘယ့်ကြောင့်ဆိုသော်. . .

အဇာတသတ်မင်းကြီးသည် မြတ်စွာဘုရားဓါတ်တော်များကို ဓါတ်တော်တိုက်ကြီးပြုလုပ်စဉ်ကပင် သီရိဓမ္မာသောကမင်းကြီးဖော်မှ ဓါတ်တော်တိုက်ပေါ်ပါစေသားဟု အမိဋ္ဌာန်ပြုခဲ့သောကြောင့်ပင်ဖြစ်၏။

သီရိဓမ္မာသောကမင်းကြီးလည်း သာသနာပြုမင်းတစ်ပါးအဖြစ် ထင်ရှားခဲ့သော်လည်း အဇာတသတ်မင်းကြီးကတော့



BURMESE CLASSIC .com



ဖခင်သတ်သော ကံကြီးထိုက်သူအဖြစ် ရာဇဝင်မှာ အမည်းစက်ထင်ခဲ့ရသူဖြစ်သည်။

ပင်ကိုစရိုက် မဆိုးဝါးသော်လည်း ဒေဝဒတ်ကဲ့သို့သော မိတ်ဆွေယုတ်နှင့် ပေါင်းဖက်ခဲ့မိသောကြောင့်သာ ကောင်းမှုကုသိုလ် များစွာရှိပါလျက်နှင့် မဟာအဝီစိငရဲ၌ ကျခံရခြင်းဖြစ်ပေသည်။

ရှင်ဒေဝဒတ်သည် မြတ်စွာဘုရားအဖြစ်ကို အလိုရှိသဖြင့် မြတ်စွာဘုရားအား နည်းအမျိုးမျိုးနှင့် သတ်ဖြတ်ရန်ကြံစည်သူဖြစ်သည်။

နာဠာဂီရိဆင်နှင့် တိုက်သတ်ခြင်း၊ စိဥ္စမာဏ မိန်းမဗိုက်အစရှိသော တိရစ္ဆာန်မိုက်၊ မိန်းမမိုက်တို့ဖြင့် သေကျေပျက်စီးအောင်ပြုလုပ်ပါသော်လည်း မအောင်မြင်သောအခါ ဒေဝဒတ်ကိုယ်တိုင် ကျောက်မောင်းဆင်ကာ မြတ်စွာဘုရားကို သတ်ဖြတ်ရန် ကြံစည်ခဲ့သူဖြစ်သည်။

သို့သော်လည်း မအောင်မြင်ခဲ့ပေ။

တစ်နေ့သောအခါ မြတ်စွာဘုရားက စေလွှတ်တော်မူသဖြင့် အဂ္ဂသာဝကနှစ်ဦးဖြစ်သော အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလန်တို့ ရှင်ဒေဝဒတ်ရှိရာသို့ ကြွလာကြလေသည်။

ရှင်ဒေဝဒတ်ကတော့ ၎င်းကိုယုံကြည်သဖြင့် မြတ်စွာဘုရားထံမှ အဂ္ဂသာဝကနှစ်ဦး ၎င်းထံသို့ရောက်လာသည်ဟု ထင်ကာ များစွာဝမ်းမြောက်ဝမ်းသာဖြစ်သောကြောင့် တရားဓမ္မများကို ဟောပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလန်တို့နှစ်ပါးသည် ဒေဝဒတ်ဟောသောတရားကိုနာ၍ ဆိတ်ဆိတ်သာနေသည်။ ဒေဝဒတ်လည်း တပည့်ပရိသတ်တို့အား တရားဟောပြောပြ၍ ညဉ့်ဦးယံသို့ရောက်သောအခါ. .

"ငါ့ရှင် သာရိပုတ္တရာ. . ငါကား ညောင်းညာပြီ၊ သင်သာလျှင် သံဃာတော်တို့အား တရားဟောဦးလော့"

ဟုဆို၍ အိပ်လေသည်။

ရှင်သာရိပုတ္တရာလည်း မြတ်စွာဘုရားသင်သောနည်းဖြင့် သစ္စာလေးပါးနှင့်စပ်သော မဖျှိမပဋိပတ် မမ္မအာဏာဒေသနာ ပါဋိဟာရိယာနုသာသနီယအားဖြင့် ဩဝါဒပေးတော်မူလေသည်။

ထို့နောက် အရှင်မောဂ္ဂလန်လည်း ဣဒ္ဓိပါဋိဟာရိယာနုသာသနီယအားဖြင့် ဩဝါဒပေးတော်မူ၏။

ထိုဒေသနာတို့ကို နာကြားရလျှင် ဒေဝဒတ်၏တပည့်ငါးရာသောရဟန်းငယ်တို့သည် လေးသွယ်သောသစ္စာကို မြင်၍ အစဉ်သော ဝိပဿနာဖြင့် သောတာပတ္တိဖိုလ်သို့ရောက်ကြလေကုန်၏။

နံနက်အချိန်သို့ရောက်သောအခါ အရှင်သာရိပုတ္တရာလည်း. .

"ဆရာဒေဝဒတ်. . ကျွန်ုပ်တို့သွားတော့အံ့၊ ဘုရားတရားကို နှစ်သက်သူတို့လည်း ဘုရားထံသို့ လိုက်ပါစေ၊ ရှင်ပင့်တရားကို နှစ်သက်ကြသောသူတို့လည်း ရှင်ပင့်ထံမှာနေရစ်ပါစေ"





ဟုဆို၍ ပြန်ခဲ့လေလျှင် ထိုသံဃာငါးရာတို့သည်လည်း ပရိက္ခရာကိုပြင်၍ အရှင်သာရိပုတ္တရာတို့နောက်သို့ လိုက်လာကြကုန်၏။ ထိုအကြောင်းကို ဒေဝဒတ်မြင်လျှင် ပြည့်ရှင်မင်း၏စည်းစိမ်မှ လျှောကျသော ယောက်ျားကဲ့သို့ ကြီးမားသောစိတ်ဒုက္ခဖြင့် ခံတွင်းမှသွေးအန်သောဝေဒနာ ဖြစ်လေသည်။

အရှင်သာရိပုတ္တရာလည်း ရဟန်းငါးရာတို့ကို မြတ်စွာဘုရားထံ ခေါ်ဆောင်သွားလေတော့သည်။

ဒေဝဒတ်လည်း မိမိပရိသတ်ပျက်စီးသောနေ့မှစ၍ ရင်မှသွေးအန်သောဝေဒနာသည် တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာလေရာ ကိုးလလွန်မြောက်သောနေ့တွင်. .

"ငါသည် မြတ်စွာဘုရားအား ပြစ်မှားခြင်းကြီးသောကြောင့် ဤမျှလောက်သောဒုက္ခတို့ကို ခံရချေသည်၊ ကန်တော့မှသာ ထိုအပြစ်ကံကိုကင်းတော့မည်. ."

ဟု ကြံစည်မိလေသည်။

၎င်းထံမှာလည်း ကောကာလိကာ အစရှိသောရဟန်းရှစ်ဦးသာ ကျန်ခဲ့လေသည်။

ထိုရဟန်းရှစ်ဦးအား. . .

"ဘုရားထံသို့ ငါ့ကိုရောက်အောင်ဆောင်ပါ. ."

ဟုဆိုလျှင် ထိုရဟန်းတို့လည်း အိပ်ရာညောင်စောင်းတို့ကို ထမ်းစင်ပြု၍ ဘုရားရှိရာ သာဝတ္ထိပြည်သို့လာကြလေသည်။

ထိုသို့လာလေရာ ဇေတဝန်ကျောင်းအနီး ရေကန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အပါးသို့ရောက်လာသောအခါ မိမိကိုယ်ကို ရေသန့်စင်စေဦးမည်ဟု ထမ်းစင်ပေါ်မှချကာ မြေသို့ဆင်းလေသည်။

ထိုအခါ မဟာပထဝီမြေကြီးသည် ပြင်းစွာသောတုန်လှုပ်လာလျက် ကြောက်မက်ဖွယ်ကောင်းသော မြည်ဟည်းသံနှင့်အတူ ဟက်တက်ကွဲကာ ဒေဝဒတ်လည်း ထိုနေရာမှကျွံ၍ မဟာအဝီစိငရဲသို့ ရောက်လေတော့သည်။

ဒေဝဒတ်ကိုဆရာတင်မှားသဖြင့် ဖခင်ကိုသတ်မိသော အဇာတသတ်မင်းသည် ပြင်းစွာသောတုန်လှုပ်မှုကို ဖြစ်လေတော့သည်။

၎င်းသည် မင်းစည်းစိမ်ကိုရထားသော်လည်း ခါးသွားလုံ့သွားဖျားမှာနေရသကဲ့သို့ များစွာထိတ်လန့်ကြောက်ရွံ့နေရလေသည်။

ဒေဝဒတ်မြေမျိုကြောင်း ကြားရလျှင်. . .

"ငါလည်း ဒေဝဒတ်၏စကားကြောင့် ဘုရားသခင်ကို ပြစ်မှားမိချေသည်. . .

မြေကြီးသည် ငါ့ကိုလည်း မျိုဦးလေမလားမသိပေ. ."

တွေးမိကာ မပျော်ရွှင်နိုင်ဘဲ ကြောက်ရွံ့တုန်လှုပ်နေတော့သည်။

ထို့နောက်မှာတော့ ဆေးဆရာဇီဝက၏ အကြံပေးမှုကြောင့် မြတ်စွာဘုရားထံသွားရောက်ကာ ဆည်းကပ်ကိုးကွယ်ခွင့်ရလေသည်။

ထိုမင်းကား ဘုရားပရိနိဗ္ဗာန်မလွန်မီ ရှစ်နှစ်၊ နိဗ္ဗာန်လွန်





ပြီးနောက် နှစ်ဆယ့်လေးနှစ်အားဖြင့် သုံးဆယ့်နှစ်နှစ်တိုင်အောင် ဗုဒ္ဓသာသနာနှင့် ထိတွေ့ပူဇော်ခွင့် ရခဲ့လေသည်။

အဇာတသတ်မင်းသည် တိဟိတ်ပဋိသန္ဓေနေသောသူ ဖြစ်ပါသော်လည်း ပိတုဃာတကကံကို ပစ်မှားမိသောကြောင့် နန်းစံသက် သုံးဆယ့်နှစ်နှစ်အရောက်တွင် သားတော် ဥဒယဘဒ္ဒ လုပ်ကြံသောကြောင့် ကံတော်ကုန်လေသည်။

အဇာတသတ်မင်းနောက်ပိုင်း ဖခင်ကို သားကသတ်သောအဖြစ်အပျက်တို့မှာ အစဉ်အဆက်ရှိခဲ့ကြလေသည်။

အဇာတသတ်မင်းသည် အဆွေခင်ပွန်းယုတ်ဖြစ်သော ဒေဝဒတ်နှင့်သာ မပေါင်းဖော်မိပါက နိဗ္ဗာန်ဇင်နိုင်သူဖြစ်ပါသော်လည်း ပေါင်းဖော်ခဲ့မိသောကြောင့် အဝီစိအနီးအပါဖြစ်သော လောဟကုမ္ဘီငရဲ၌ အနှစ်ခြောက်သောင်းကျခံရလေသည်။

ထိုမှလွတ်လျှင် မေတ္တေယျဘုရားရှင်အကြား၌ ဝိဇိတာမည်သော ပစ္စေကဗုဒ္ဓါဖြစ်လာပေလိမ့်မည်။

အဇာတသတ်မင်းကိုသတ်ပြီး နန်းတက်သောသားတော် ဥဒယဘဒ္ဒမင်းသည် စည်းစိမ်(၁၆)နှစ်၊ သက္ကရာဇ်(၄၀)တွင် သားတော် အနုရုဒ္ဒါကလုပ်ကြံပြီး နန်းတက်ပြန်လေသည်။

ထိုအနုရုဒ္ဒါဘုရင်ကို သားတော်မုဏ္ဍာလုပ်ကြံပြီး မင်းပြုပြန်လေသည်။

ထိုမင်းနှစ်ဦးမှာ နန်းစည်းစိမ်ရှစ်နှစ်သာ ကြာသည်။

သက္ကရာဇ် (၄၈)ခုနှစ်ရှိသောအခါ သားတော်နာဂဒါသသည် ခမည်းတော်မုဏ္ဍာကို လုပ်ကြံလျက်မင်းပြုပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နာဂဒါသ စည်းစိမ် နှစ်ဆယ့်လေးနှစ်၊ သက္ကရာဇ်(၇၂) ခုနှစ်ရှိသောအခါ အဖသတ်မင်းမျိုးငါးဆက်ကိုဖြတ်၍ သုသုနာဂ အမတ်ကြီးကို ပြည်သားအပေါင်းတို့က မင်းမြှောက်ကြလေသည်။

အဇာတသတ်မင်းသည် အဖသတ်သောဘုရင်တစ်ပါးပင်ဖြစ်သော်လည်း မြတ်စွာဘုရား၏ တရားတော်များစွာတို့ကို နာကြားရသူဖြစ်သောကြောင့် သာသနာတော်ကို များစွာကြည်ညိုလေးစားမှုရှိကာ ချီးမြှင့်ထောက်ပံ့ပေးသော သာသနာဒါယကာတစ်ဦးလည်း ဖြစ်ခဲ့လေသည်။

သို့ကြောင့် သက္ကရာဇ်(၁၄၈)ခု ဝါခေါင်လပြည့်ကျော် တစ်ရက်နေ့တွင် ရှင်မဟာကဿပမှ ဦးဆောင်ပြီး ပထမသင်္ဂါယနာ တည်ထောင်မှုလေရာ ခုနှစ်လခန့် အချိန်ကြာမြင့်ခဲ့လေသည်။

ထိုအချိန်ကာလအတွင်း သံဃာတော်ငါးရာတို့အား ဆွမ်းကွမ်းဝေယျာဝစ္စကို မင်းကြီးကပင် လှူဒါန်းတော်မူခဲ့ပေသည်။

ထို့နောက် ရှင်မဟာကဿပသည် အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်တော်မူသော် ဓါတ်တော်များဝေငှပေးစဉ်က နေရာဒေသအသီးသီးသို့ ပျံ့နှံ့ရောက်ရှိသွားသော ဓါတ်တော်တို့ကို စေတီတည်၍ ကိုးကွယ်ကြသောအခါ . . နောင်အခါတွင် ဓါတ်တော်တို့အား အန္တရာယ်အနှောင့်အယှက်များ ဖြစ်ပေါ်လာမည်ကို မြင်သောကြောင့် အဇာတသတ်မင်းကြီးအိမ်တော်သို့ ကြွ





တော်မူလေသည်။

"မင်းကြီး . . ဓါတ်တော်ကို ဝေပြီးလျှင် အသီးသီးပင့်ဆောင်၍ မိမိတို့ပြည်ရွာ၌ အလွယ်တကူစေတီတည်၍ ကိုးကွယ်ကြခြင်းသည် မသင့်သေးချေ။

ဘေးရန်မရှိစေဖို့ ဤပြည်သို့ ပြန်လည်ပင့်ဆောင်ပြီး တစ်စုတစ်ဝေး တစ်ပုံတည်းထားမှသာ ရှည်လျားစွာတည်နိုင်ရာပေသည် . ."

ဟု မိန့်တော်မူလေသည်။

ထိုအခါ အဇာတသတ်မင်းက . . .

"အရှင်ဘုရား . . ဓါတ်တော်တို့ကို သိမ်းရမည့်အမှုမှာ ကျွန်ုပ်တာဝန်ဖြစ်ပါစေ . . ၊ တိုင်းတစ်ပါးသို့ပါသွားသော ဓါတ်တော်တို့ကို ဤပြည်သို့ရောက်အောင်မှာ အကျွန်ုပ်မကြံနိုင်ပါ"

ဟု လျှောက်ထား၏။

ထိုအခါ ရှင်မဟာကဿပက . . .

"ဤဓါတ်တော်တို့ကို ဆောင်ခြင်းကိစ္စသည် ငါ့တာဝန်ပင်ဖြစ်စေ . ."

ဟု ဝန်ခံလေ၏။

ယင်းသို့ဝန်ခံပြီးသော် တန်ခိုးတော်ဖြင့်ကြွလေ၍ ထိုသို့သော မင်းတို့၏ပြည်၌တည်လေသော စေတီ၏အတွင်းဝယ် ကိုးကွယ်ပူဇော်ရန် အနည်းငယ်သောဓါတ်တော်တို့ကိုချန်၍ ကြွင်းသောဓါတ်တော်တို့ကို တန်ခိုးတော်ဖြင့် ဆောင်ယူလေသည်။

ရာမရွာ၌ရှိသော ဓါတ်တော်တစ်စုကို နဂါးတို့စောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်ကြသောကြောင့်. . အန္တရာယ်မရှိဘဲ. . နှောင်သောအခါ လက်ာဒီပ၌ မဟာဝိဟာရတိုက်တွင် မဟာစေတီ၌ တည်ထား လတ္တံ့ဟု နှလုံးပြုလျက် မယူဆောင်ဘဲ ခြွင်းချန်ထားခဲ့လေသည်။

ကြွင်းသောပြည်ထောင်မင်းတို့ထံမှ စေတီတည်လျက် ကိုးကွယ်ထားသော ဓါတ်တော်တို့ကိုမူ ၎င်းတို့ကိုးကွယ်ရန် အ နည်းငယ်မျှစီသာ ခြွင်းချန်ထားခဲ့ပြီး ကျန်ဓါတ်တော်များအား ရာဇဂြိုဟ်သို့ရောက်အောင် ပင့်ဆောင်သွားလေသည်။

ရာဇဂြိုဟ်သို့ရောက်သော် မြို့၏အရှေ့တောင်၊ ကုန်း ခေါင်မြင့်မောက်သောအရပ်၌ တည်ရပ်တော်မူ၍. . .

"ဤဌာန၌ မညီလှသောကျောက်တုံးတို့သည် ကွယ် ပျောက်စေသား၊ မြေမှုန့်သက်သက်သာဖြစ်စေသား. . ၊ တူး၍ နက်သော်လည်း ရေမထွက်သည်ဖြစ်စေသော်"

ဟု အဓိဋ္ဌာန်ပြုတော်မူ၏။

အဇာတသတ်မင်းလည်း ထိုအရပ်ကိုတူးစေ၍ တူရွင်း စာမြေကို အုတ်ပြုလုပ်ပြီးလျှင် တွင်း၏ထက်ဝန်းကျင်၌ ရှစ်ကျိတ် သော မဟာသာဝကတို့၏စေတီတော်များ စီမံတည်ထားလေ သည်။

အဘယ်ကြောင့် ထိုစေတီများတည်ထားရသော အ ကြောင်းရင်းမှာ. . .

မင်းကြီးသည် ထိုစေတီများကို ပြုပြင်ခြင်းအတွက်သာ ထိုမြေကိုတူးခြင်းဟု ထင်စေခြင်းဖြစ်ပြီး ဓါတ်တော်များ သိုဝှက် ရန်အတွက် တူးခြင်းဖြစ်သည်ကို အခြားသူများမသိကြစေရန်





သာဝကတို့၏စေတီများ တည်ထားခြင်းဖြစ်ပေသည်။

တူးသောတွင်းသည် အတောင်ခြောက်ဆယ်အနက် ရှိ လေသော် အောက်၌ သံပြားကိုခင်းစေ၍ ထိုသံပြားပေါ်၌. . . သီဟိုဠ်ကျွန်း၊ ထူပါရုံစေတီပမာဏရှိသော ကြေးနီဖြင့်ပြုလုပ် သော ကျောင်းဆောင်ကို စီမံပြုလုပ်စေသည်။

ကျောင်းဆောင်ပြီးသောအခါ အတွင်း၌ သာယာစွာခင်း ကျင်းလျက် ဓါတ်တော်တို့ကို စန္ဒကူးကြုတ်ရှစ်လုံးတို့၌ သွင်းလျက် ထိုအထက်၌ ရွှေကြုတ်၊ ငွေကြုတ်တို့ဖြင့် မွမ်းမံပြီးလျှင် ထပ်ကာ ထပ်ကာ ရတနာကိုးပါးဖြစ်သော ကျောက်တို့ကိုထွင်းပြီးလျှင်. . အထပ်ထပ်ထွင်းပြီးမှ. . အပေါ်မှ ပတ္တမြားပြောက်ကျောက်ကို စေတီပြု၍ထားလေ၏။

ထိုစေတီအပေါ်၌ ရွှေဖြင့်ပြီးသောကျောင်း၊ ငွေဖြင့်ပြီး သောကျောင်း၊ ဖန်ဖြင့်ပြီးသောကျောင်းတို့ကို ဆင့်ကာဆင့်ကာ ပြုလုပ်ပြီးလျှင် အမြင့်ဘက်ဆုံးမှာရှိသော ကြေးပြာသာဒ်ရောက် သည်အထိ အထပ်ပေါင်းတစ်ရာ့ခြောက်ဆယ်တိုင်အောင် ပြု လုပ်လေသည်။

ထိုဓါတ်တော် ဌာပနာရာတိုက်၌ ရတနာဖြင့်ပြီးသော သဲတို့ကို ကြဲဖြန့်၍ ရေပန်း၊ ကြည်းပန်းအပေါင်းတို့ကိုလည်း ကောင်းစွာခင်းထားလျက် နံပါးရှစ်ဖက်တို့၌လည်း ငါးရာ့ငါးဆယ် သောဇာတ်ရုပ်၊ သုဒ္ဓေါဒနမင်း၊ သီရိမဟာမာယာမိဖုရား၊ ဖွားဖက် တော်တို့၏အရုပ်တို့ကိုသော်လည်းကောင်း. . ရွှေအတိဖြင့်သွန်း လုပ်၍ထားပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြား၌ အထက်ဝန်းကျင်မှရံလျက် ရွှေတံခွန်ငါးရာ၊ ငွေတံခွန်ငါးရာ၊ ရွှေအမြုတေ၊ ငွေအမြုတေငါးရာတို့ကိုလည်း ကောင်းစွာဆောက်စေ၏။

ရွှေဆီမီးတိုင်ငါးရာ၊ ငွေဆီမီးတိုင်ငါးရာတို့ နံ့သာဆီမီးတိုင်ငါးရာတို့ကိုလည်း တစ်ညီတည်းပူဇော်၏။

အထုံ၊ အခိုး၊ မွှေးမျိုးပေါင်းများစွာတို့ကိုလည်း ကောင်းစွာကြဖြန့်၏။

ထိုသို့စီရင်အပြီးမှာ အရှင်မဟာကဿပသည် မွှေးကြ[illegible]လှသော ကြာညိုပန်းကိုစိုက်ပြီးမှ . . .

"ဤပန်းသည် နောင်သောအခါ သီရိဓမ္မာသောကမင်း[illegible]ကြီးသည် ဓါတ်တော်ကိုပင့်ဆောင်၍ ဇမ္ဗူဒိပ်ကျွန်းသို့ ဖြန့်လတ္တံ့[illegible]ထိုအခါတိုင်အောင် မညှိုးနိုင်သည်ဖြစ်စေသော် . . ၊

နံ့သာမျိုးတို့သည် အခိုးရနံ့မပြယ်သည်ဖြစ်စေသော်၊

ဆီမီးမငြိမ်းသည်ဖြစ်စေသော် . . "

အဓိဋ္ဌာန်တော်မူလေ၏။

ထို့နောက် . . . .

အဇာတသတ်မင်းလည်း အလုံးစုံသော တန်ဆာတို့[illegible]ပူဇော်ပြီးမှ တံခါးဝကိုအစဉ်အတိုင်း ပိတ်လျက် အထက်ဆုံးဖြ[illegible]သောကြေးနီတံခါးဝယ် ကြီးကျယ်သောမင်းတုံ်ကိုဖွဲ့၍ နှစ်ဆယ်[illegible]လေးကုဋေအဖိုးထိုက်တန်သော ပတ္တမြားကို တံခါးဝ၌ထား[illegible]သော် . . .

"နောင်သောအခါ ဆင်းရဲစွာသောမင်းတို့သည် ဤပ[illegible]





များကိုယူ၍ ဓါတ်တော်တို့ကို ပူဇော်စေသတည်း . . "

ဟု အက္ခရာတို့ကိုရေးလျက် ပတ္တမြားနှင့်အတူ ထားစေသည်။

ထို့နောက်မှ ဘူတာဝါဟနယန္တရားစက် ဆင်တတ်သောသူကိုရှာဖွေ၍ ဆုလာဘ်များစွာပေးပြီးလျှင် အသက်ရှင်သောသူ ယောက်ျားကဲ့သို့ သစ်သားဖြင့်ပြီးသော . .

(အချို့မှတ်တမ်းများမှာ သံဖြင့်ပြုလုပ်သည်ဟုဖော်ပြထားသည်။ ပြုလုပ်သော ယန္တရားစက်ဆင်သူမှာလည်း အခြားမဟုတ်ဘဲ သိကြားမင်းစေလွှတ်သဖြင့် ဝိသကြုံနတ်သားရောက်လာပြီး စီမံပြုလုပ်ပေးသွားသည်ဟုလည်း ရေးသားဖော်ပြထား၏။)

အရုပ်တို့သည် ကြောက်မက်ဖွယ်သောလက်နက်တို့ကို စွဲကိုင်ထားလေသည်။

လေအဟုန်ကဲ့သို့ လျင်မြန်သောလျင်ခြင်းဖြင့် အဆင့်ဆင့် လည်စေလျက်ထားပေ၏။

(အချို့မှတ်တမ်းများ၌မူ ယန္တရားစက်တို့ကို ရောမတိုင်းမှ ဘူတာဝါဟနပညာရှင်များ လာရောက်ပြုလုပ်ပေးသွားခြင်းဖြစ်သည်ဟု ရေးသားဖော်ပြရာ ဆီလျော်သောအကြောင်းတစ်ခုလည်း ဖြစ်ပေ၏။)

ထိုကဲ့သို့သော ကြောက်မက်ဖွယ်ကောင်းသော ယန္တရားစက်တို့ကိုထားပြီးမှ အထက်၌ တစ်ခုသောကျောက်ဖျာဖြင့် ဖုံး၍ ကျောက်ဖျာပေါ်တွင် မြေမှုန့်တို့ကိုဖို့ပြီးသော် အပေါ်၌ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



စေတီတည်ထားလေ၏။

ဤကဲ့သို့ ဓါတ်တော်တို့ကို ကောင်းစွာသိုမှီးပြီးသော် သာ၀ကကြီးဖြစ်သော အရှင်မဟာကဿပလည်း ပရိနိဗ္ဗာန်လွန်တော်မူလေသည်။

အဇာတသတ်မင်းလည်း မင်းစည်းစိမ်သုံးဆယ့်နှစ်နှစ်ကြာသောအခါ သားတော်ဥဒယဘဒ္ဒလုပ်ကြံသဖြင့် ကံတော်ကုန်ရလေသည်။







# အခန်း(၂)

# ယန္တရားအတတ်ဖြင့် အသက်သေရသူ

အဇာတသတ်မင်းကြီး သိုဝှက်ခဲ့သော ဗုဒ္ဓဓါတ်တော်တိုက်အကြောင်းကို ရေးသားလျှင်. . ၎င်းနှင့်ဆက်နွယ်နေသော သီရိဓမ္မာသောကမင်းကြီးအကြောင်းကိုလည်း ရေးသားရမည်ဖြစ်ပေသည်။

အဘယ်ကြောင့်ဆိုသော်. . .

သီရိဓမ္မာသောကမင်းကြီးဆိုသည်မှာ ဗုဒ္ဓဓာတ်တော်များနှင့်ပတ်သက်၍ အရှင်မဟာကဿပ အဓိဋ္ဌာန်ပြုခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



မင်းတစ်ပါးဖြစ်သောကြောင့်ပင်ဖြစ်၏။

ခရစ်သက္ကရာဇ်မစတင်မီ နှစ်ပေါင်း(၃၀၀)လောက်က ပါဋလိပုတ်ပြည်၌ စန္ဒဂုတ်မင်း နတ်ရွာစံခဲ့ပြီးနောက် သားတော် ဗိန္ဒုသာရ ထီးနန်းစိုးစံခဲ့သည်။

ဗိန္ဒုသာရမင်း၏ သားတော်ပေါင်း(၁၀၀)ကျော်တွင် အသောကမင်းသားလည်း တစ်ပါးအပါဝင်ဖြစ်ခဲ့လေသည်။

အသောကသည် မင်းသားဘဝ၌ပင် ဝိဒိစ သို့မဟုတ် ဥဇ္ဇေနီပြည်တွင် ဘုရင်ခံအဖြစ် ခန့်အပ်ခြင်းခံရလေသည်။

ဒေါသကြီးလှသောကြောင့် လူအများက သူ၏နာမည်ရှေ့မှ 'ကန္ဒ' တပ်ပြီး 'ကန္ဒအသောက' ဟုခေါ်ဝေါ်ကြသည်။

သူသည် သာကီဝင်သူဌေးသမီး ဝေဋိသဒေဝီနှင့် အကြောင်းပါခဲ့ရာ နောင်သောအခါ ရှင်မဟိန္ဒမထေရ်လောင်းသားတော်နှင့် သင်္ဃမိတ္တာထေရီလောင်း သမီးတော်တို့ကို ဖွားမြင်ခဲ့လေသည်။

ဗိန္ဒုသာရမင်း နတ်ရွာစံအံ့ဆဲဆဲတွင် ပါဋလိပုတ်ပြည်သို့ လာရောက်ပြီးလျှင် မြို့ကိုသိမ်းပိုက်ခဲ့လေသည်။

ထို့နောက် မိမိညီအရင်းတစ်ဦးကိုသာ ချန်လှပ်ပြီး ကျန်သော ညီတော်နောင်တော် မင်းညီမင်းသားအားလုံးတို့ကို ဖမ်းဆီးသတ်ဖြတ်ခဲ့သည်။

ထိုကဲ့သို့သတ်ဖြတ်သည်ကို တိုင်းပြည်အဝှမ်းမှ မကျေမနပ်ဖြစ်နေကြသောကြောင့် လေးနှစ်ကြာအောင် စောင့်ဆိုင်းပြီးမှ ဘိသိက်တော်ခံယူရသည်။





အသောကမင်း၏ (၁၃)ခုမြောက်သော. . ကမ္ပည်းကျောက်စာမှတ်တမ်းများအရ ကလိင်္ဂတိုင်း(ယခု သြရိသာနယ်)ကို တိုက်ခိုက်သိမ်းပိုက်ရာ ကလိင်္ဂတိုင်းသား ထောင်သောင်းချီကာ သေကျေပျက်စီးကြလျက် သိန်းသန်းမကသောလူတို့ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရလေသည်။

ထိုစစ်ပွဲပြီးသောအခါ အသောကမင်းကိုယ်တိုင် သေကျေပျက်စီးနေသောလူများ၊ ဖမ်းဆီးထားသော သုံ့ပန်းများ. . ၊

စစ်ဘေးစစ်ဒဏ်ကြောင့် ဒုက္ခရောက်နေကြသော အိုးမဲ့အိမ်မဲ့ပြည်သူအများကို တွေ့မြင်သောအခါ နောင်တကြီးစွာရလျက် သူ့ဘဝလမ်းကြောင်းလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲခဲ့ရလေသည်။

ကမ္ဘာ့သမိုင်းမှတ်တမ်းများကို ရေးသားပြုစုသော စာရေးဆရာကြီး အိပ်ချ်ဂျီဝဲလ်က. . .

"စစ်ပွဲအောင်နိုင်မှုရပြီးသောအခါမှ စစ်တိုက်မှုများကို လုံးဝစွန့်လွှတ်လိုက်သူ စစ်သူကြီး ဘုရင်မင်းမြတ်ဆိုလျှင်. . . အသောကမင်းတစ်ပါးတည်းသာ ကမ္ဘာ့သမိုင်း၌ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်. ."

ဟု ရေးသားခဲ့လေသည်။

ရှေးအချိန်များကဆိုလျှင် အသောကမင်း၏ နန်းတော်စားဖိုဆောင်တွင် မြောက်များလှစွာသော တိရစ္ဆာန်တို့ကို သတ်ဖြတ် ချက်ပြုတ်ကြရသည်။

နောင်သောအခါ ဥဒေါင်းနှစ်ကောင်နှင့် သမင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကိုသာ နေ့စဉ်သတ်ဖြတ်ပြီး စားဖိုဆောင်၌ ချက်ပြုတ်ရလေသည်။

နောင်သောအခါ စားဖိုဆောင်တွင် တိရစ္ဆာန်များသတ်ဖြတ်ခြင်း မပြုလုပ်ကြရန် အမိန့်ထုတ်ပြန်ခဲ့လေသည်။

တစ်နေ့သ၌ အသောကမင်း၏နောင်တော် သုမနမင်း၏သား အသက်(၇)နှစ်အရွယ်သာ ရှိသေးသော နိဂြောဓကို. . မဟာဝရုဏရဟန္တာထေရ်က ရဟန်းပြုပေးရာ ဆံရိတ်သောအဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်လေသည်။

ထိုနိဂြောဓသာမဏေသည် တစ်နေ့သောနံနက်ခင်းတွင် ဥပဇ္ဈာယ်ဆရာအား ဝတ်ပြုပြီးနောက် သပိတ်သင်္ကန်းကိုယူ၍ အမိသုမနဒေဝီအိမ်သို့ သွားမည်ဟု တောင်တံခါးဖြင့်ဝင်၍ အရှေ့တံခါးမှထွက်ကာ ငြိမ်သက်သောဣန္ဒြေဖြင့်ကြွ၏။

ထိုအချိန်၌ အသောကမင်းသည် လေသာနန်းတံခါး၌ရပ်လျက်ရှိစဉ် နိဂြောဓသာမဏေကို မြင်ရလေသည်။ ရှေးဘဝများစွာက ပျားကုန်သည်ညီအစ်ကိုဖြစ်ခဲ့ကြသည်ကို မြင်သည်နှင့်ပင် ကြည်ညိုလှသည်ဖြစ်၍ နန်းတွင်းသို့ပင့်ဖိတ်၏။

ရှင်နိဂြောဓသည် မင်းကြီးအား သပိတ်ပေး၍ မိမိမှာမူ ရာဇပလ္လင်သို့ တက်၍ထိုင်နေ၏။

အသောကမင်းက ရာဂုခဲဘွယ်တို့ကို ကပ်လှူလေရာ ရှင်နိဂြောဓသည် မျှတရုံမျှ ဘုဉ်းပေးပြီးနောက်. . မင်းကြီးအား မမ္မပဒကျမ်းလာ အပ္ပမာဝဂ်ကို အနုမောဒနာပြုအံ့သောအခါ ဟောလေသည်။





မင်းကြီးက. .

"အရှင်. . ကျွန်ုပ်သိနှင့်ပါပြီ. . "

ဟုဆိုလျက် တစ်နေ့ချင်း ဆွမ်းရှစ်ဝတ်လေးကြိမ်လှူလေ၏။ ထိုအချိန်မှစ၍ အသောကမင်းသည် ဗုဒ္ဓသာသနာတော်ကို ကြည်ညိုခြင်းများစွာဖြစ်၏။

တစ်နေ့သ၌ အသောကမင်းကြီးသည် အသောကရာမကျောင်းသို့သွား၍ ရဟန်းတော်ခြောက်သောင်းတို့အား စုဝေးစေလျက် ကြီးစွာသောအလှူကိုပြု၍ ပစ္စည်းလေးပါးဒါယကာခံယူတော်မူ၏။

ထို့နောက် မင်းကြီးက. . .

"အရှင်ဘုရားတို့ ဗုဒ္ဓဟောကြားခဲ့သော တရားတော်များသည် အဘယ်မျှများပြားပါသနည်း. . "

ဟု မေးလျှောက်လေသည်။

ရဟန်းတော်တို့က. .

"မင်းကြီး. . ဗုဒ္ဓဟောကြားခဲ့သော တရားတော်များမှာ ဓမ္မဝိနယနှစ်ပါး၊ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးပါး၊ အင်္ဂါကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင်ရှိသည်။

ဟု မိန့်ကြားလေသည်။

ဤတွင် အသောကမင်းသည် ဗုဒ္ဓတရားတော်တို့အား ကြည်ညိုလှသည်ဖြစ်ရကား ဓမ္မက္ခန္ဓာတစ်ပါးစီ၊ တစ်ပါးစီကိုရည်စူးလျက် စေတီပေါင်းရှစ်သောင်းလေးထောင် တည်လိုသောဆန္ဒဖြစ်၍ ရှစ်သောင်းလေးထောင်သော စေတီတော်များ၌. .



www.burmeseclassic.com

www.burmeseclassic.com



ဥာပနာရန် ဗုဒ္ဓခါတ်တော်များရနိုင်လျှင် ကောင်းလေစွဟု. . တောင်းတလေသည်။

ထိုအခါ ရဟန်းတော်တို့က အဇာတသတ်မင်းသည် ဗုဒ္ဓ၏ သရီရဓါတ်တော်မွေတော်များနှင့် ပရိက္ခရာများကို လျှို့ဝှက်စွာ ဌာပနာတိုက် ပြုလုပ်ထားခဲ့သည်။

ထိုဓါတ်တော်များကို မင်းကြီးရရှိ၍ စေတီတော်တည်နိုင်ပေလိမ့်မည်ဟု မိန့်တော်မူလေသည်။

ထို့နောက်. . .

အသောကမင်းကြီးသည် အသပြာထောင်ထုပ်ကို ဆင်ပေါ်တွင်တင်ပြီးနောက် မြို့ပြင်လှည့်လည်စေလျက်. . .

"ဓါတ်တော်ဌာပနာတိုက် တည်ရာနေရာကို ပြပေးနိုင်သူယူစေ. ."

ဟု ကြေညာလေ၏။

တစ်နေ့သောအခါ ရဟန်းမိန်းမတစ်ဦးက မိမိသိကြောင်း ပြောလာသဖြင့် မင်းကြီးသည် ထိုရဟန်းမိန်းမကို နန်းတော်သို့ပင့်ပြီး မေးသည်။

"မင်းကြီး ကျွန်ုပ်ငါးနှစ်အရွယ် သာမဏေဘဝတုန်းက ဆရာဖြစ်သူနှင့် ဆီမီးပန်းနံ့သာကိုင်လျက် ထိုနေရာသို့ လိုက်ခဲ့ဖူးပါသည်. .

ကျွန်ုပ်ဆရာသည် ထိုနေရာ၏နိမ့်ရာအရပ်၌ ထိုင်၍နံ့သာ၊ ပန်းဆီမီးများ ပူဇော်သဖြင့် ရှိခိုးခဲ့ရပါသည်. ."

ဟု လျှောက်၏။





အသောကမင်းကြီးသည် ရဟန်းမိန်းမပြောသောနေရာသို့ မှူးမတ်ဗိုလ်ပါအပေါင်း ခြံရံလျက် သွားပြီးသော် ပူဇော်သက္ကာရများပြုပြီးနောက် တူးဖော်သည်တွင် ကျောက်ဖျာအမိုးကို တွေ့ရသဖြင့် ဖယ်ထုတ်ခဲ့လေသည်။

ယင်းမှတစ်ဖန် အုတ်ကြွပ်မိုး၊ သံအမိုး၊ ကြေးဖြူအမိုး၊ ကြေးနီအမိုး၊ သလဲဖြူအမိုး၊ သလဲနက်အမိုး စသည်ဖြင့် အဆင့်ဆင့်တွေ့ရသဖြင့် ထုတ်ယူပြီး နောက်ဆုံးတွင် ရတနာအတိဖြင့်ပြီးသော ပြာသဒ်၏ တံတိုင်းခုနစ်ထပ်တွင်း တဝင်းဝင်းတလက်လက်တောက်ပနေသော ဓါး၊ လှံ၊ သံလျက်ဆွဲလျက် အသက်ရှိသောလူအများကဲ့သို့ ပြေးလွှားလှုပ်ရှားကာကွယ်နေကြသော ယန္တရားအရုပ်များကို တွေ့ရလေရာ များစွာအံ့ဩ ချီးမွမ်းလျက်သာနေရသည်။

ထိုသို့သော ယန္တရားအရုပ်များကို မည်သူတစ်ဦးတစ်ယောက်ကမှ ရပ်တံ့အောင်မစွမ်းဆောင်နိုင်ကြပါချေ။

မင်းကြီးလည်း ထိုယန္တရားအရုပ်များမှာ စိရင်တတ်သူရှိသောကြောင့်သာ ထိုကဲ့သို့ရှိနေခြင်းဖြစ်သောအကြောင်းကိုသိသဖြင့် ဘူတာဝါဟနအတတ်ပညာကို တတ်ကျွမ်းသူ၏အဆက်အနွယ်ကိုရှာဖွေရန် အကြံဖြစ်လေ၏။

ထို့နောက် ဆင်တော်ပေါ်သို့ အသပြာထောင်ထုပ်တင်လျက် ဌာပနာတိုက်မှယန္တရားကို ဖျက်နိုင်သူယူစေဟု ရာဇဂြိုဟ်ပြည်တစ်ဝိုက် လှည့်လည်ကြေညာစေ၏။

ရာဇဂြိုဟ်မြို့တွင် ယန္တရားအရုပ်များကို ဖျက်ဆီးနိုင်သူ



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးရှိလေသည်။

ထိုသူ၏အမည်မှာ 'သံမလ'ဆိုသူဖြစ်သည်။

သံမလမှာ အခြားသူမဟုတ်ပေ. . ။

အဇာတသတ်မင်းကြီး ဓါတ်တော်တိုက်စီမံစဉ်က ဓါတ်တော်တိုက်မှာစောင့်ရန် ယန္တရားအရုပ်များကို စီမံပေးသူ၏ အဆက်အနွယ်တစ်ဦးဖြစ်ပေသည်။

သံမလသည် ထိုအတတ်ပညာကို တတ်ကျွမ်းသော်လည်း အခြားမည်သူမှအသိမပေးဘဲ လျှို့ဝှက်စွာနေထိုင်လေသည်။ ထိုအတတ်ပညာသည် အခါအားလျော်စွာ အသုံးချရသောပညာမျိုး မဟုတ်သည့်အပြင် အခြားသူများသိသွားပါက ၎င်း၏အသက်အန္တရာယ်ကို ဖြစ်စေမည်စိုးသောကြောင့် နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် လျှို့ဝှက်စွာနေလာခြင်းဖြစ်သည်။

တစ်နေ့သောအခါမှာတော့ အသောကမင်းကြီးမှ ယန္တရားအရုပ်များကို ရပ်တံ့နိုင်သူရှိပါက အသပြာထောင်ထုပ်ကိုယူစေဟု ကြေညာသံကြားသောအခါမှ ယူရန်အကြံဖြစ်လေသည်။

ထိုအကြောင်းကို ဇနီးမယားနှင့် သားသမီးတို့ကိုပြောသောအခါ မသင့်ကြောင်းပြောပြီး. . အတန်တန်တားကြလေသည်။ ထိုအခါ သံမလက. . .

"ငါတတ်ကျွမ်းထားသောပညာသည် အသုံးမပြုဘဲ လျှို့ဝှက်စွာထားသောကြောင့် အသွားထက်သော်လည်း သံချေးတက်သော ဓါးတစ်လက်ကဲ့သို့ ဖြစ်နေချေပြီ. . ။





ယခု 'ငါတတ်ထားသောပညာကို ငါ့သားဖြစ်သူအားလည်း အလုံးစုံသင်ကြားပေးသဖြင့် တတ်မြောက်ပြီးခဲ့ပေပြီ၊

ဘုရင်မင်းမြတ်၏အရေးသည် ငါအကူအညီမပေးပါက အခြားမည်သူတစ်ဦးတစ်ယောက်မှ အကူအညီပေးနိုင်ကြမည်မဟုတ်ပေ. . ။

ဤအရေးကိစ္စသည် သာသနာတော်နှင့် သက်ဆိုင်သောကိစ္စဖြစ်သောကြောင့် ငါ့အားအန္တရာယ်ဖြစ်စေတော့ ငါဆောင်ရွက်ပေးရပေလိမ့်မည်. . "

ဟု ပြောလေသည်။

ထို့နောက် ဇနီးဖြစ်သူက အတန်တန်တားနေသော်လည်း ဘုရင်မင်းမြတ်၏ အသပြာထောင်ထုပ်ကိုယူ၍ ယန္တရားရုပ်များကို ရပ်တံ့ပေးနိုင်ကြောင်း ဝန်ခံလေသည်။

ထိုသို့ဝန်ခံသောအခါ ၎င်းအား ပါဋလိပုတ်ပြည်မှ ရာဇဂြိုဟ်မြို့သို့ ခေါ်ဆောင်ကာ ယန္တရားရုပ်များကို ရပ်တံ့ဖယ်ရှားစေရာ သံမလလည်းကောင်းစွာဆောင်ရွက်နိုင်လေသည်။

ယန္တရားများ ပျက်သွားသောအခါ တံတိုင်းခုနစ်ထပ်ကို တွေ့ရပြန်သဖြင့် အစဉ်လိုက်ဖယ်ရှားကာ နောက်ဆုံးဓါတ်တော်များထားရာ ဂန္ဓကုဋီတိုက်သို့ ရောက်တော့သည်။

ထိုဓါတ်တော်တိုက်အတွင်း၌မူ ရှင်မဟာကဿပ အဓိဋ္ဌာန်ပြုခဲ့သည့်အတိုင်း. . .

ကြာညိုပန်းလည်း ရနံ့မပြယ်ဘဲ လန်းဆန်းလျက်ပင်ရှိနေ၏။ နံ့သာမျိုးတို့သည်လည်း အခိုးရနံ့မပြယ်ဘဲ ရှိနေ၏။


www.burmeseclassic.com

www.burmeseclassic.com



ရွှေဆီမီးတိုင်၊ ငွေဆီမီးတိုင်များမှာလည်း မီးမငြိမ်းဘဲ ပကတိအတိုင်း ရှိနေကြသည်။

အသောကမင်းမှာ ထိုမြင်ကွင်းကိုမြင်သောအခါ များစွာ ဝမ်းသာပီတိဖြစ်မိလေ၏။

ပြာသာဒ်အတွင်းသို့ ရောက်သောအခါ ရွှေစင်အတိဖြင့် ပြုလုပ်ထားသော မြင်းရုပ်ကိုတွေ့ရသဖြင့် ယန္တရားအတတ်ဖြင့် ဖွင့်ရပြန်လေသည်။

မြင်း၏ဝမ်းအတွင်း၌ ဝဇီရစိန်ကဲ့သို့ ထွန်းလင်းတောက်ပနေသော ဓါတ်တော်များကို ဖူးတွေ့ရသဖြင့် မင်းကြီးလည်း လွန်စွာဝမ်းမြောက်တော်မူလေသည်။

ထို့နောက်မှာတော့ ဗုဒ္ဓဓါတ်တော်များ၊ ပရိက္ခရာတော်များတို့ကို အထူးထူးအပြားပြားသော ပူဇော်ခြင်းတို့ဖြင့် ပူဇော်လျက် ပါဋ္ဌလိပုတ်သို့ ဆောင်ယူတော်မူကာ နန်းတော်သို့ရောက်သောအခါ ပြာသာဒ်ခုတင်၌ထားလေသည်။

ဓါတ်တော်တိုက်မှ ယန္တရားရုပ်များကို ရပ်တံ့ပေးစေသော ဘူတာဝါဟနပညာရှင် သံမလအားလည်း နန်းတော်သို့ ခေါ်ဆောင်ကာ အမှုတော်ထမ်းစေသည်။

အသောကမင်းကြီးနှင့် ယန္တရားဆရာတို့ ဓါတ်တော်တိုက်မှ ယန္တရားရုပ်များကို ရပ်တံ့၍ ဓါတ်တော်များကို ဆောင်ယူနိုင်သောသတင်းကို ရောမတိုင်းဘုရင် ကြားသိလေသည်။

ထိုအခါ မှူးမတ်တို့အားခေါ်၍ မေးလေသည်။

"ဘူတာဝါဟနပညာသည် ငါတို့တိုင်းပြည်သာ တတ်





ကျွမ်းသောပညာဖြစ်ပါလျက် ဤယန္တရားရုပ်များအား မည်သူဖျက်ဆီးပေးနိုင်မည်နည်း. ."

ထိုအခါ မှူးမတ်တို့က ပြန်လည်လျှောက်တင်ကြသည်။

"မင်းကြီး ဤတိုင်းပြည်သို့လာရောက်၍ ဘူတာဝါဟနပညာ လာရောက်သင်ကြားသွားသောသူ၏ အဆက်အနွယ်များ ပါဋ္ဌလိပုတ်ပြည်၌ ရှိနေကြဟန်ဖြစ်ပြီး ၎င်းတို့ထဲမှ တစ်ဦးတစ်ယောက်သည် ဓါတ်တော်တိုက်မှ ယန္တရားရုပ်များကို ရပ်တံ့ပေးခြင်းဖြစ်နိုင်ပါတယ်ဘုရား. ."

ဟု လျှောက်ထားကြလေရာ ရောမဘုရင်လည်း ထိုပညာကို အခြားတိုင်းပြည်များကို မပျံ့နှံ့စေလိုသောကြောင့် ပါဋ္ဌလိပုတ်မှ ယန္တရားဆရာအား သတ်ဖြတ်ရန်ကြံစည်လေသည်။

"ဤသို့ဆိုလျှင် ထိုသူကိုသွားရောက်သတ်ရန် စီမံချေတော့၊ ဘူတာဝါဟနပညာများ ပျံ့နှံ့နေပါက ငါတို့ထံတစ်ဖန်ပြန်လာပြီး အန္တရာယ်ပြုချေလိမ့်မည်. .।

ယခုပင် သံယန္တရားတံတင်းကို ပြုလုပ်တော့. .।

ဖုတ်သွင်းသောယောကျ်ားရုပ်ကို သံလျက်စွဲစေလျက် တံတင်း၌ထည့်စေ. .।

အပေါ်မှလျှို့ဝှက်သော ယန္တရားအဖုံးကိုပြု၍ ရတနာတံတင်းနှင့်တူစွာပြင်လျက် အသောကမင်းထံသို့ပို့စေ. .।

အသောကမင်းသည် ရတနာတံတင်းဟုထင်လျက် ပါဋ္ဌလိပုတ်ယန္တရားဆရာအား ဖွင့်စေလိမ့်မည်၊ အမြန်စီစဉ်လျက်ပို့စေ. ."



www.burmeseclassic.com

www.burmeseclassic.com



ဟု အမိန့်ပေးလေရာ မှူးမတ်တို့လည်း မင်းအမိန့်တော်အတိုင်း စီရင်လျက် သံတံတင်းကို အသောကမင်းထံသို့ ပို့ဆက်ကြလေသည်။

အသောကမင်းသည် ရောမမင်းထံသို့ လက်ဆောင်ပဏ္ဏာများ ပြန်လည်ပေးပို့ပြီးနောက် ယန္တရားဆရာအားခေါ်ပြီး သံတံတင်းကို 'ဖွင့်စေ'ဟု အမိန့်ပေးသည်။

ဘူတဝါဟနပညာရှင် သံမလလည်း သံတံတင်းကို တိုင်းထွာကြည့်ကာ အားလုံးစစ်ဆေးပြီးသောအခါ ထိုသံတံတင်းမှာ မိမိအား အန္တရာယ်ပြုစေမည့် ပစ္စည်းဖြစ်ကြောင်းသိလေသည်။

"အရှင်မင်းကြီး ဤသံတံတင်းသည် ရတနာပစ္စည်းထည့်ထားသော သံတံတင်းမဟုတ်ပါ။ ကျွန်ုပ်ကို သတ်ဖြတ်ရန်အတွက် ဥပါယ်တံမျဉ်ဖြင့်ပို့သော အန္တရာယ်ပစ္စည်းသာဖြစ်ပါသည်၊

ကျွန်ုပ်ကဲ့သို့သော ဘူတဝါဟနယန္တရားအတတ်ပညာကျွမ်းကျင်သူမျိုး ရောမတိုင်းမှတစ်ပါး အခြားတိုင်းပြည်များ၌ရှိပါက ရောမတိုင်းအတွက် အန္တရာယ်ရှိနိုင်ပါသည်၊ ကျွန်ုပ်၏အဘိုးသည် ရောမတိုင်းသို့သွားရောက်ကာ ထိုပညာကို သက်စွန့်ဆံဖျား သင်ယူခဲ့ရပါသည်. . ၊

ယခု ကျွန်ုပ်သည် အဘိုး၏ပညာကို အဆင့်ဆင့်သင်ယူခဲ့ရာမှ ယန္တရားအတတ်ပညာကို တတ်မြောက်နေခြင်းဖြစ်ပါသည်၊ ယခု ကျွန်ုပ်အား သတ်ဖြတ်ရန် ဤသံတံတင်းရောက်လာ





ခြင်းဖြစ်ပါသည်. . ၊

ကျွန်ုပ်၏အသက်ကို သနားတော်မူပါ. . "

ဟု လျှောက်ထားလေသည်။

ထိုအခါ အသောကဘုရင်က. .

"ဤသံတံတင်းကား သင့်အားပေးလိုက်ခြင်းမဟုတ်ပါ၊ ငါ့အားသာလျှင်ဆက်သခြင်းဖြစ်သည်၊ အဘယ်အကြောင်းကြောင့် သင့်အားသတ်နိုင်အံ့နည်း. . "

"မင်းမြတ်. . ဖုတ်သွင်းထားသော လူရုပ်တစ်ခုသည် ထိုးခုတ်ရန် လက်နက်နှင့်တကွ ဤတံတင်းအတွင်း၌ ပါရှိပါသည်၊

တံတင်းကိုဖွင့်လိုက်သည်နှင့် ထိုအရုပ်သည် ဖွင့်သူကို လက်နက်ဖြင့် လျင်မြန်စွာသတ်ဖြတ်၍ သူ့အရုပ်ကိုပြန်ပါလိမ့်မည်. . . "

ဟု လျှောက်ပြန်လေ၏။

"အဘယ်ကြောင့် သင်သိသနည်း. . "

"ဥပါယ်တံမျဉ်ဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်ကို မြင်ရုံနှင့် သိနိုင်ပါသည်. . "

ထိုအခါ အသောကမင်းကြီးက အမတ်တို့ကို အဘယ်သို့ပြုလုပ်သင့်သနည်းဟု တိုင်ပင်ပြန်၏။

ထိုအခါ အမတ်တို့က. . .

"ဤသူ့စကားကို မယုံကြည်သင့်ပါ၊ တိုင်းပြည်အချင်းချင်း လေးမြတ်သော လက်ဆောင်အဖြစ် ပို့လိုက်သော ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်ပါသည်. . ”

ဟု လျှောက်ထားကြသည်။

သံမလလည်း ရောမတိုင်းသားတို့က မိမိကိုသတ်ရန် ဥပါယ်တံမျဉ်ဖြင့်ပို့လိုက်သော တံတင်းဖြစ်ပါကြောင်း အတန်တန်လျှောက်ထားသော်လည်း မယုံကြည်ကြပေ။

ထိုအခါ အမတ်တို့က. .

“သို့ဆိုလျှင်. . ဤတံတင်းကို ဘယ်သို့ပြုလုပ်ရပါမည်နည်း. . ”

ဟု မေးသည်။

“မီးပုံကြီးပုံလျက် ဤတံတင်းကိုပစ်ချရပါမည်”

ဟု လျှောက်လေရာ အမတ်တို့က. . .

“အရှင်မင်းကြီး ယန္တရားဆရာသည် အရာမဟုတ်သည်ကိုတွေး၍ ကြောက်ရွံ့နေခြင်းဖြစ်ပါသည်၊ သူထင်သည့်အတိုင်း မဟုတ်နိုင်ပါ. . ”

ဟု လျှောက်တင်ကြရာ မင်းကြီးလည်း အမတ်တို့၏ စကားကို ယုံကြည်သောကြောင့်. . .

“တံတင်းကိုသာဖွင့်လော့. . ”

ဟု အမိန့်ပေးလေသည်။

ထိုအခါ ယန္တရားဆရာလည်း မငြင်းသာတော့သဖြင့် မင်းကြီးထံမှ ခွင့်တောင်းပြီး အိမ်သို့ပြန်သွားလေသည်။

မိမိအိမ်သို့ ပြန်ရောက်သောအခါ ဇနီးနှင့်သားဖြစ်သူတို့အား အကျိုးအကြောင်းပြောပြရာ ငိုကြွေးကြလေသည်။





“ငါသည် ဤပညာကို သင်ယူမိသောကြောင့်. . ယခု ဤပညာနှင့်ပင် အသက်သေရပေတော့မည်၊ ငါ့အဘိုးသည်လည်း ဤအတတ်ပညာကိုသင်ယူလိုသောကြောင့် ဤအတတ်ပညာနှင့်ပင် သေခဲ့ရသည်. . ၊

သို့ကြောင့် ငါ့သားသက္ကအား ဤအတတ်ပညာအား အမွေပေးခဲ့ရမည်. . ”

ဟု ပြောဆိုလျှက် နှစ်ပေါင်းများစွာ သိုဝှက်သိမ်းဆည်းထားသော ကြေးသေတ္တာငယ်တစ်လုံးကိုပေးလေသည်။

“ဤကြေးသေတ္တာအတွင်း၌ ငါတို့၏အဘိုး အသက်နှင့်ရင်းပြီး သင်ယူခဲ့ရသော ဘူတာဝါဟန စက်ယန္တရားအတတ်ပညာများ ရှိလေသည်. . ၊

သင်တို့သည် ဤသေတ္တာကိုဆောင်ယူ၍ အခြားအရပ်တစ်ပါးသို့သွားရောက်ကာ အသက်မွေးဝမ်းကျောင်း ပြုကြပေလော့. . ”

ဟု စုဆောင်းထားသော ရွှေငွေရတနာတို့နှင့် ကြေးသေတ္တာကို ပေးထားခဲ့ပြီး နန်းတော်သို့ ပြန်သွားလေသည်။ နန်းတော်သို့ပြန်ရောက်သောအခါ မိမိအားချီးမြှင့်ပေးထားသော. . ရာထူးနှင့် အဆောင်အယောင်တို့အား ပြန်လည်အပ်နှင်းလေသည်။

ထို့နောက် ရတနာသုံးပါးကို အောင်းမေ့ပူဇော်ပြီး တံတင်းမှသော့ချက်ကို ဖွင့်လိုက်လေသည်။

သော့ချက်ပွင့်သွားသောအခါ တံတင်းအတွင်းမှ ယန္တ



www.burmeseclassic.com

www.burmeseclassic.com



ရားစက်ရုပ်ထွက်လာပြီး သံဗလကို ချက်ခြင်းသတ်ဖြတ်လေသည်။ ယန္တရားရုပ်က လျင်မြန်စွာ သုတ်သင်သတ်ဖြတ်ပြီးနောက် လျင်မြန်သောအဟုန်ဖြင့် ရောမတိုင်းသို့ ပြန်သွားလေတော့သည်။

ထိုမြင်ကွင်းကိုမြင်သောအခါ အသောကမင်းနှင့် မှူးမတ်အပေါင်းတို့မှာ ထိတ်လန့်ကြောက်ရွံ့ကြလေသည်။

သို့သော် လွန်ခဲ့ချေပြီ။

ထိုအခါမှ အသောကမင်းကြီးမှာ များစွာစိတ်မကောင်းသောအမူအရာဖြင့် အမတ်တို့အား အပြစ်တင်တော်မူသည်။

"ငါသည် ပညာမဲ့သောအမတ်တို့၏စကားကို ယုံကြည်မိခဲ့သောကြောင့် အတတ်ပညာရှင်တစ်ဦးကို ဆုံးရှုံးခဲ့ရချေသည်"

ဟု ရေရွတ်ညည်းတွားတော်မူရာ အမတ်တို့လည်း ဆိတ်ဆိတ်နေကြရလေသည်။

ဘူတာဝါဟနပညာရှင် သံမလနှင့်ပတ်သက်သော အကြောင်းများမှာ စိတ်ဝင်စားစရာ ကောင်းလှပေသည်။

၎င်း၏အဘိုးဖြစ်သူ ဝိမလမှာ ဘူတာဝါဟနယန္တရားအတတ်ပညာကို သင်ယူလိုသောကြောင့် ရောမတိုင်းသို့ သက်စွန့်ဆံဖျားသွားရောက်ခဲ့ရပုံများကို ရှေ့အခန်းတွင်ရေးသားဖော်ပြမည်ဖြစ်ပေသည်။







# အခန်း(၃)

# အသက်ပေး၍ ယန္တရားအတတ်ကိုယူခဲ့သောသူ

အချိန်က ကောဇာသက္ကရာဇ် (၁၄၈)ခုနှစ်နောက်ပိုင်းကာလဖြစ်ပေသည်။

ရာဇဂြိုဟ်မြို့တွင် အဇာတသတ်မင်းကြီးစိုးစံနေသောအချိန်လည်းဖြစ်သည်။

အဇာတသတ်သည် အဖသတ်ခဲ့သော ကံကြီးထိုက်ခဲ့သူဖြစ်သော်လည်း မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ရှစ်နှစ်တိုင်အောင် တရားတော်များ နာကြားခွင့်ရသောကြောင့် ဗုဒ္ဓ



www.burmeseclassic.com

www.burmeseclassic.com

ဘာသာကို များစွာကြည်ညိုလေးစားသော သာသနာပြုမင်းတစ်ပါးအဖြစ်သို့ ရောက်ခဲ့လေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ကြွင်းသော ဓါတ်တော်များမှာ အရပ်လေးမျက်နှာသို့ ပျံ့နှံ့ရောက်ရှိသွားခဲ့ကြသည်။

နောက်ပိုင်းမှာတော့ အရှင်မဟာကဿပ မထေရ်မြတ်ကြီးတန်ခိုးတော်ဖြင့် ဆောင်ကြဉ်းပေးသောကြောင့် ဗုဒ္ဓ၏သရီရဓါတ်တော်များ တစ်စုတစ်ဝေးတည်း ပြန်လည်စုမိသောအခါ အဇာတသတ်မင်းကြီးက ကြီးစွာသောဓါတ်တော်တိုက်ကြီးကို တည်ဆောက်လေသည်။

ထိုဓါတ်တော်တိုက်ကြီးပြီးသောအခါ တံခါးအထပ်ထပ်ပိတ်လျှက် အတွင်း၌ လူကဲ့သို့အသက်ဝင်လှုပ်ရှားစေသော ယန္တရားရုပ်များကို ထည့်သွင်းထားလေသည်။

ထိုယန္တရားအတတ်ပညာကို ရောမတိုင်းပြည်တစ်ပြည်သာတတ်မြောက်သောကြောင့် ထိုတိုင်းပြည်မှယန္တရားပညာရှင်တို့ကိုခေါ်ယူကာ စီမံပြုလုပ်ခဲ့လေသည်။

ထိုအချိန်က ရာဇဂြိုဟ်ပြည်သားဝိမလသည် အသက်(၂၀)အရွယ်ခန့်သာ ရှိသေးသည်။

သူသည် ဓါတ်တော်တိုက်ဆောက်လုပ်သောနေရာတွင် အလုပ်လုပ်နေရာမှ ယန္တရားအတတ်ပညာများဖြင့် စက်ရုပ်များပြုလုပ်နေသည်ကို တွေ့မြင်ရသောကြောင့် များစွာစိတ်ဝင်စားမှုဖြစ်ခဲ့လေသည်။





ရာဇဂြိုဟ်သည် ဗုဒ္ဓမပွင့်မီရှေးနှစ်ပေါင်းများစွာကတည်းက ဇရာသန္ဓမင်းတည်ထောင်ခဲ့သော မြို့ဖြစ်ပြီး တောင်ငါးလုံးကာခိုရာဇဂြိုဟ်ဟုခေါ်ကြသည်။

ရာဇဂြိုဟ်မြို့တော်ကို ဝန်းရံထားသောတောင်ငါးလုံးတို့မှာ ဝေဘာရတောင်၊ ဝိပုလ္လတောင်၊ ရတနတောင်၊ ဆက္ကတောင် ဥဒယတောင်စသော တောင်ငါးလုံးတို့ဖြစ်ကြသည်။

ဓါတ်တော်တိုက် ဆောက်ရာတွင် ပါဝင်နေရသော ဝိမလသည် တစ်နေ့တွင် ထိုပညာကိုတတ်မြောက်အောင်သင်ကြားမည်ဟုလည်း သံမိဋ္ဌာန်ချထားလေသည်။

နောက်ပိုင်းမှာတော့ ဝိမလသည် မိဘများထံခွင့်ပန်ပြီးနောက် ရောမတိုင်းသို့ ပညာသင်ရန်သွားလေသည်။ ရောမတိုင်းသည် အိန္ဒိယနိုင်ငံ၏ အနောက်ဘက်ယွန်းယွန်း၌ ရှိလေသည်။

ရောမတိုင်းသားတို့သည် သာမန်လူတို့နှင့်မတူဘဲ အရပ်အမောင်းမြင့်မားကြသည်။

ကိုယ်လုံးကိုယ်ထည် ထွားကျိုင်းကြသည်။

အစဉ်သဖြင့် နှင်းများဖုံးအုပ်နေသော နေရာဒေသ၌ နေကြရသောကြောင့် အပူဒဏ်ကိုမခံနိုင်ကြပေ။

၎င်းတို့ဒေသသို့ အရပ်တစ်ပါးမှ အခြားသူများ လာရောက်ကြသည်ကို မနှစ်သက်ကြပေ။

သူသည် ခရီးလမ်းတစ်လျှောက်လုံး ဘေးအန္တရာယ်ကင်းစွာဖြင့်သွားရာ ရက်အနည်းငယ်ကြာသောအခါ ရောမတိုင်းသို့ ရောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအရပ်ဒေသမှာ မြင့်မားသောတောင်တန်းကြီးများ၊ စိမ်းလန်းသောတောအုပ်ကြီးများက နေရာအနှံ့ရှိနေကြပြီး နှင်းများက ထူထပ်စွာဖုံးလွှမ်းထားကြလေသည်။

တောနက်ကြီးများအတွင်း၌ တိရစ္ဆာန်မျိုးစုံတို့ကိုလည်း တွေ့မြင်ရသည်။

ဝိမလသည် ၎င်းမှာပါလာသော လေးမြား၊ ဓား၊ လှံတို့ကိုအသုံးပြုပြီး တိရစ္ဆာန်အချို့ကို ဖမ်းဆီးသတ်ဖြတ်ကာ ရိက္ခာအတွက်အသုံးပြုလေသည်။

တစ်ခါတစ်ရံလည်း သစ်သီးဝလံများကို ခူးဆွတ်စားသောက်ရင်းနှင့် ခရီးဆက်လာခဲ့ခြင်းဖြစ်သည်။

ရောမတိုင်းနယ်နိမိတ်အတွင်းသို့ ရောက်သွားခဲ့သော်လည်း ဘယ်နေရာသို့သွား၍ မည်သူ့ထံမှာပညာသင်ရမှန်းမသိသေးပေ။

"ယန္တရားအတတ်ပညာတွေကိုလိုချင်လို့ ငါ့တိုင်းပြည်ကတောင်ထွက်လာခဲ့တာ၊ ဒီတိုင်းပြည်ရောက်တော့မှ ဒီအတိုင်းလက်လျှော့မပေးနိုင်ဘူး၊ ငါလိုချင်တဲ့ပညာတွေ မတတ်ကျွမ်းမချင်း ငါ့တိုင်းပြည်ကိုမပြန်တော့ဘူး. . "

ဟုလည်း စိတ်ထဲမှဆုံးဖြတ်ချက် ချထားလေသည်။

တစ်နေရာရောက်သောအခါ လှပသောသမင်တစ်ကောင်ကိုတွေ့သောကြောင့် ရိက္ခာအတွက် ပစ်ခတ်ဖမ်းဆီးလေရာ ရလေသည်။

ထိုသမင်ကိုဖျက်ဆီးသောအခါမှ အံ့ဩဖွယ်ကောင်းသောမြင်ကွင်းကို တွေ့ရလေတော့သည်။

ထိုသမင်မှာ ယန္တရားအတတ်ဖြင့် ပြုလုပ်ထားသောသမင်တစ်ကောင် ဖြစ်နေသည်ကို တွေ့ရသောကြောင့်ဖြစ်သည်။ ဝိမလမှာ ထူးဆန်းသောမြင်ကွင်းကို ကြည့်ရင်း တအံ့တဩဖြစ်နေစဉ် မနီးမဝေးနေရာမှ တောတိုးလာသော ခြေသံများကိုကြားရလေသည်။

မရှေးမနှောင်းမှာပင် ထိုနေရာသို့ ခွေးနက်ကြီးသုံးကောင် ရောက်လာတော့သည်။

အရွယ်အစား အလုံးအထည်မှာ ကျားတစ်ကောင်လောက်ကြီးမားပြီး ရုပ်ဆင်းပုံသဏ္ဌာန်ကလည်း ကြောက်မက်ဖွယ်ရာဖြစ်တော့သည်။

ဝိမလမှာ လမ်းတစ်လျှောက်လုံး အန္တရာယ်နှင့်မတွေ့ခဲ့ရပါဘဲ ရောမနိုင်ငံနယ်နိမိတ်အတွင်းသို့ ရောက်လာတော့မှ ထိုကဲ့သို့ကြောက်စရာကောင်းသော အန္တရာယ်များနှင့်တွေ့ရသောကြောင့် မကြံတတ်အောင်ဖြစ်နေတော့သည်။

ခွေးနက်ကြီးသုံးကောင်ကတော့ သူ့ရှေ့မှာရှိနေသောသမင်အသေကောင်ကိုသော် လည်းကောင်း၊ ဝိမလကိုသော်လည်းကောင်း ကြည့်ပြီး တဂီးဂီး၊ တဂဲဂဲဖြင့် မာန်ဖီနေရာမှ တဖြည်းဖြည်းနှင့် ရှေ့သို့တိုးလာကြသည်။ ဝိမလအနေနှင့်လည်း သူ့မှာပါလာသော ဓားလှံများဖြင့် ခုခံ တိုက်ခိုက်ရန် ပြင်ထားရင်းမှ စိတ်ထဲမှတွေးလိုက်မိသည်။

"ဒီခွေးနက်တွေကရော ခွေးအစစ်တွေမှ ဟုတ်ရဲ့လား၊







www.burmeseclassic.com

www.burmeseclassic.com



ယန္တရားအတတ်နဲ့ စီမံထားတဲ့ခွေးတွေဆိုရင်တော့ မလွယ်လှဘူး"

ထိုသို့တွေးနေစဉ် ခွေးနက်ကြီးသုံးကောင်က ဝိုင်းဝန်းတိုက်ခိုက်ရန် ရှေ့သို့တိုးလာစဉ်မှာပင် တစ်နေရာမှ အမျိုးသမီးတစ်ယောက်အသံ ပေါ်ထွက်လာသည်။

"ဟဲ့ . . ရပ်လိုက်ကြစမ်း"

ထိုအသံကြောင့် ရှေ့သို့တိုးလာနေသော ခွေးနက်ကြီးသုံးကောင်စလုံး ခြေလှမ်းတန့်သွားကြသည်။

ဝိမလက အသံကြားရာသို့ကြည့်လိုက်သောအခါ ရောမတိုင်းသားတို့ဝတ်ဆင်လေ့ရှိသော အဝတ်အစားများကိုဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ကို တွေ့ရလေသည်။

ထိုအမျိုးသမီးက အသက်(၂၀)ကျော်အရွယ်ခန့်သာရှိသေးပြီး ရုပ်ရည်ချောမောလှပသူ ဖြစ်သည်။

သူမက ဝိမလကို အကဲခတ်ကြည့်ရင်း ရှေ့သို့တဖြည်းဖြည်း တိုးလာလေသည်။

သူမ ရှေ့တိုးလာတော့ ခွေးနက်ကြီးသုံးကောင်က တဖြည်းဖြည်းနှင့် နောက်ပြန်ဆုတ်သွားကြသည်။

"ရှင် . . ဘယ်သူလဲ"

"ကျွန်တော်က ခရီးသွားဧည့်သည်တစ်ယောက်ပါဗျာ၊ နာမည်က ဝိမလလို့ခေါ်ပါတယ် . . "

"ရှင့်ကြည့်ရတာ ဒီအရပ်သားတော့ ဟုတ်ဟန်မတူဘူး၊ ဘယ်ကလာတာလဲ"





"မဥ္စိမဒေသက လာခဲ့တာပါ . . "

"အို . . အဝေးကြီးကပဲ၊ ဒီတိုင်းပြည်ကို ဘာအတွက် ရောက်လာတာလဲ . . "

"ပညာသင်ချင်လို့ပါ . . "

အမျိုးသမီးက သူ့စကားကို စိတ်ဝင်စားသွားဟန်ရှိသည်။

"နေပါဦး . . ရှင်က ဘယ်လိုပညာမျိုးသင်ချင်တာလဲ"

"ယန္တရားအတတ်ပညာပါ . . "

ထိုအခါမှ အမျိုးသမီးက သဘောပေါက်သွားပြီး သဘောကျစွာဖြင့် ပြုံးလိုက်လေသည်။

"လက်စသတ်တော့ ရှင်က ယန္တရားပညာသင်ချင်လို့ ဒီနေရာအထိ ရောက်လာတာကိုး၊ ဒီလောက်ဝေးလှတဲ့ခရီးကို အခု လိုစွန့်စွန့်စားစားရောက်လာနိုင်တဲ့ ဇွဲသတ္တိကိုတော့ ချီးကျူးပါတယ် . . ဒါပေမယ့် . . "

စကားမဆက်သေးဘဲ စဉ်းစားနေသည်။

"ဒါပေမယ့် ဘာဖြစ်သလဲဟင်"

"ဒီတိုင်းပြည်မှာ စည်းကမ်းထုတ်ထားတာရှိတယ် . . ၊ ရောမပြည်သူပြည်သားမဟုတ်ရင် ပညာသင်ခွင့်မပြုဘူး၊ နောက်ပြီး တခြားတိုင်းပြည်ကလာတဲ့လူတွေကိုလည်း ယန္တရားအတတ်သင်မပေးရဘူးလို့ ဘုရင်က အမိန့်တော်ထုတ်ပြန်ထားတယ်"

ထိုစကားကြားသောအခါ ဝိမလမှာ များစွာစိတ်ပျက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်များဖြင့် ကြိုးစားပမ်းစားလာရောက်ခဲ့ရာ ထိုဒေသရောက်တော့မှ မျှော်လင့်ချက်တို့မှာ တစ်စစီပြိုပျက်သွားသကဲ့သို့ရှိလေသည်။

သူ့အမူအရာကိုကြည့်ပြီး အမျိုးသမီးက ကရုဏာသက်သွားဟန်ရှိလေသည်။

"ရှင့်အတွက်စိတ်မကောင်းပါဘူး၊ ရှင့်အနေနဲ့ ဒီပညာကိုသင်ချင်လို့. . တိုင်းပြည်တစ်ပြည်လုံးနဲ့အောင် လိုက်ရှာရင်လည်း ဘယ်သူမှ သင်ပေးဝံ့မှမဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ တခြားတိုင်းပြည်ကလူကို ပညာသင်ပေးတာကိုသိသွားရင် သင်တဲ့သူရော သင်ပေးတဲ့သူပါ နှစ်ယောက်စလုံးအသတ်ခံရမှာမို့ပဲ"

"ကျွန်တော်ကတော့ ဒီပညာကို မရမနေကြိုးစားသင်ပြီး ရအောင်ယူမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ လာခဲ့တာဆိုတော့ ဒီအတိုင်းနဲ့တော့ လက်လျော့ပြီး ပြန်သွားမှာမဟုတ်ပါဘူး၊ အခွင့်အရေးရလိုရငြား ကြိုးစားကြည့်ချင်ပါသေးတယ်"

"ရှင့်ရဲ့စိတ်ဓါတ်ကတော့ ချီးကျူးစရာပါပဲ. . ၊ ဒီတော့ ကျွန်မတတ်နိုင်သလောက်တော့ အကူအညီပေးပါ့မယ်၊ ကျွန်မနဲ့ အတူလိုက်လာခဲ့ပါ. ."

ဟုပြောပြီးခေါ်သွားရာ ဝိမလလည်း ဝမ်းမြောက်ဝမ်းသာစွာဖြင့်လိုက်သွားလေသည်။

သူမက တောင်ခြေတစ်ခုအနီးမှာရှိသော အဆောက်အအုံတစ်ဦးရှိရာသို့ ခေါ်သွားပြီး အဘိုးကြီးတစ်ယောက်နှင့် တွေ့ပေးလေသည်။





ထိုအဘိုးကြီးမှာ အသက်ခြောက်ဆယ်ကျော်အရွယ်ခန့်ရှိပြီဖြစ်သော်လည်း ကျန်းမာနေဆဲပင်ရှိ၏။

မိန်းကလေးက အကျိုးအကြောင်းပြောပြသဖြင့် သိရသောအခါ များစွာအံ့သြနေသည်။

"မဇ္ဈိမဒေသဆိုတာ ဗုဒ္ဓပွင့်တဲ့နေရာဒေသပဲ၊ အဲ့ဒီကနေ ဒီနေရာရောက်အောင်လာတဲ့ မင်းရဲ့ဇွဲသတ္တိကိုတော့ ချီးကျူးရမှာပဲ. . ၊

မင်းလိုချင်တဲ့ပညာကိုတော့ ဒီမှာသင်ပေးတဲ့သူ ရှိမှာမဟုတ်ဘူး၊ ဒီတော့ ဒီပညာကိုလိုချင်ရင်တော့ ရောမပြည်သားအဖြစ်ခံယူပြီး ဒီမှာအမြဲနေနိုင်မှပဲဖြစ်မယ်. ."

"ကျွန်တော်လိုချင်တဲ့ ယန္တရားပညာကိုသာ ရမယ်ဆိုရင်တော့ ဒီမှာအမြဲနေဆိုရင်လည်း နေပါ့မယ်ဆရာကြီး. ."

ဟု ကတိပေးလိုက်လေသည်။

ထို့နောက်တွင် ဝိမလသည် ထိုနေရာမှာပင်နေထိုင်ကာ လိုအပ်သောကိစ္စများကို လိုလေသေးမရှိအောင်ပြုလုပ်ဆောင်ရွက်ပေးလေသည်။

ထိုအိမ်၌ မြေးအဘိုးနှစ်ယောက်တည်းရှိလေရာ ဝိမလရောက်လာတော့ အားကိုးရာတစ်ခုဖြစ်လေသည်။

အဘိုးကြီးအမည်မှာ ဦးမိတ္တာဖြစ်ပြီး မြေးဖြစ်သူမှာ မာလာဖြစ်သည်။

လအတန်ကြာသောအခါ အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထားကြိုးချင်းငြိ ဆိုသကဲ့သို့ အနေနီးစပ်မှုရှိလာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဝိမလနှင့်မာလာတို့သည် ချစ်သူဘဝသို့ ရောက်ခဲ့ကြသည်။

ထိုအကြောင်းကို ဦးမိတ္တ သိသောအခါ ၎င်းတို့နှစ်ယောက်ကို သူကိုယ်တိုင် လက်ဆက်ပေးခဲ့သည်။

ထိုသို့လက်ဆက်ပေးပြီးမှ ဝိမလကိုခေါ်ပြောလေသည်။

"ဝိမလ. . ငါဟာ အခြားသူမဟုတ်ပေဘူး၊ ဘူတာဝါဟနလို့ခေါ်တဲ့ ယန္တရားအတတ်ပညာကိုတတ်ကျွမ်းသော ဆရာတစ်ဦးပင် ဖြစ်ပေတယ်. . ၊

ငါတို့နေသောနေရာ၌ ငါနှင့် ငါ့မြေးမာလာတို့ နှစ်ယောက်မှလွဲပြီး ကျန်သောသတ္တဝါတို့မှာ ငါ့အတတ်ပညာဖြင့်ဖန်ဆင်းထားသည့် စက်ရုပ်များသာဖြစ်ပေသည်. ."

ထိုစကားကြားသောအခါ သိသင့်သလောက်သိပြီး၊ ရိပ်မိသလောက်ရိပ်မိထားပြီးဖြစ်သောကြောင့် သိပ်တော့အံ့သြခြင်း မဖြစ်မိတော့ပေ။

"ယခုအခါ သင်သည် ငါတို့မိသားစုဝင်ဖြစ်ခဲ့ချေပြီ၊ သို့ကြောင့် သင်လိုချင်သော ယန္တရားအတတ်ကို ငါသင်ပေးတော့မည်၊ သို့သော်လည်း ထိုပညာကိုမသင်မီ ကတိတစ်ခုတော့ပေးရပေလိမ့်မည်. ."

"ဘယ်လိုကတိမျိုးပါလဲဆရာကြီး"

"အခြားတော့မဟုတ်ပေ. . ယန္တရားအတတ်ကို သင်ကြားတတ်မြောက်ပြီးပါက ရောမပြည်မှာပင် ရာသက်ပန်နေထိုင်ပါမည်ဆိုသော ကတိကိုပေးရပေလိမ့်မည်. . ."

"ပေးပါမည် ဆရာကြီး"





ဟုပင် ကတိပေးလိုက်သည်။

ဤသို့ဖြင့် ဝိမလတစ်ယောက် ဆရာကြီးမိတ္တထံတွင် ယန္တရားအတတ်ပညာများကို သင်ယူခွင့်ရလေတော့သည်။

ထိုကဲ့သို့နှစ်ပေါင်းအတော်ကြာသောအခါ မာလာမှာ သားတစ်ယောက်ဖွားမြင်ပြီး သေဆုံးသွားတော့သည်။

သားဖြစ်သူကို သောမဟုအမည်ပေးထားလေသည်။

သောမအရွယ်ရောက်လာသောအချိန်တွင် ဆရာကြီးမိတ္တလည်း ကွယ်လွန်သွားခဲ့ချေပြီ။

ဝိမလလည်း အသက်လေးဆယ်ကျော်အရွယ်သို့ ရောက်ပြီး ဘူတာဝါဟနယန္တရားအတတ်ပညာတို့ကိုလည်း ကုန်စင်အောင်တတ်မြောက်ခဲ့လေသည်။

ဝိမလသည် အကြံအစည်ရှိသောသူ ဖြစ်သောကြောင့် ၎င်းသင်ကြားတတ်မြောက်ထားသောပညာများကို ၎င်း၏ပေါင်နှစ်ဖက်၌ လျှို့ဝှက်စွာရေးမှတ်ထားလေသည်။

တစ်နေ့တော့ သားဖြစ်သူသောမကို ခေါ်ပြီး ပြောလေသည်။

"ချစ်သား. . ငါသည် ရောမတိုင်းသားတစ်ဦးမဟုတ်ပေ၊ မဇ္ဈိမတိုင်းသားတစ်ဦးသာ ဖြစ်ချေသည်၊ ယခုအခါ ဆရာကြီးနှင့် မောင့်မိခင်လည်းမရှိတော့ပြီ၊ ငါတို့သားအဖ မဇ္ဈိမတိုင်းသို့ ပြန်ကြရပေတော့မည်. . ၊

ဤတိုင်းသားတို့သည် ငါတို့အကြောင်းသိသွားပါက ကောင်းကင်မှ စက်ကြိုးယန္တရားအတတ်တို့ဖြင့်လိုက်လာပြီး ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



သတ်ကြပေလိမ့်မည်. . ၊

ငါသေသောအခါ ငါ၏ပေါင်နှစ်ဖက်တို့တွင် စက္ကော[...] ပညာရပ်များ ရှိပေသည်၊ ထိုအရေပြားကို မပျက်မယွင်းရအောင် ယူ၍ မဒ္ဒီမသို့ရောက်အောင်ပြန်ပါလေ. . ၊

အကယ်၍ မဒ္ဒီမရောက်သော် ရာဇဂြိုဟ်မှာမနေဘဲ ပါဋ္[...] လိပုတ်ပြည်သို့ ရောက်အောင်သွားပြီး လျှို့ဝှက်စွာနေပါလေ[...] အကယ်၍ သင်သည် ထိုပညာကို တတ်မြောက်ကြောင်း ရာမ[...] တိုင်းသားတို့ကြားသိပါက စက်ကြိုးယန္တရားအတတ်ဖြင့် ကောင်း[...] ကင်မှလိုက်လာပြီး သင့်အား သတ်ဖြတ်သုတ်သင်ကြပေလိမ့်[...] မည်”

ဟု မှာကြားပြီး သားအဖနှစ်ဦးတို့ လျှို့ဝှက်စွာထွက်ပြေး[...] ကြလေသည်။

၎င်းတို့ထွက်ပြေးကြောင်း ရာမတိုင်းသားတို့သိကြလေ[...] လျှင် ကောင်းကင်ခရီးမှလိုက်လာပြီး ဝိမလအား ခေါင်းဖြတ်[...] သတ်ကာ ဦးခေါင်းကို ယူဆောင်သွားကြလေသည်။

သားဖြစ်သူလည်း ဖခင်မှာထားခဲ့သောအတိုင်း ဖခင်[...] ပေါင်နှစ်ဖက်၌ ရေးထိုးထားသော ယန္တရားပညာများကို ဆောင်[...] ယူလျက် ရာဇဂြိုဟ်သို့ပြေးလေသည်။

ထို့မှတစ်ဆင့် ပါဋ္ဋလိပုတ်ပြည်သို့သွားကာ လျှို့ဝှက်စွာ[...] နေထိုင်လေသည်။

ဝိမလ၏သားဖြစ်သူ သောမသည် ၎င်းကွယ်လွန်ကာနီး[...] သောအခါ သားစဉ်မြေးဆက်တို့အား ထိုပညာပေးခဲ့ရာ နောက်[ဆုံး] သံမလလက်သို့ရောက်ခဲ့ခြင်းဖြစ်ပေသည်။





သံမလသည် ၎င်းသေရမည်ကိုသိသောအခါ အိမ်သို့[ပြ]န်ပြီး သားဖြစ်သူသက္ကအား မှာစရာရှိသည်များ မှာကြားကာ [ကြေ]းသေတ္တာတစ်လုံး ပေးထားခဲ့လေသည်။

၎င်းသည် အသောကမင်းကြီးအမိန့်တော်ဖြင့် ရာမ[တိုင်း]ထိုင်းမှလက်ဆောင်ပေးလာသော သံတံတင်းကိုဖွင့်ရာမှ သေဆုံး[သွား]ခဲ့ရလေသည်။

ထိုသတင်းကိုကြားသောအခါ သားဖြစ်သူသက္ကသည် [ဖ]ခင်ကိုပါခေါ်ပြီး ပါဋ္ဋလိပုတ်ပြည်မှ လျှို့ဝှက်စွာထွက်ပြေးသွား[ကြ]လေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# မိစ္ဆာဂိုဏ်းသားနှင့် ခြေရာပျောက်လူသတ်သမား

ပါမှုလိပုတ်နှင့် ရာဇဂြိုဟ်သည် ခရီးနီးလှသည်တော့ ဟုတ်ပေ။ ကြားထဲမှာ ဂင်္ဂါမြစ်ပင်ခြားနေသေးသည်။

ရာဇဂြိုဟ်က ဂင်္ဂါမြစ်အရှေ့ဘက်၊ အရှေ့တောင်ဘက်ရှိပြီး ပါမှုလိပုတ်က ဂင်္ဂါမြစ်အနောက်ဘက်၊ အနောက်စူးစူး၌ ရှိလေသည်။

ၿင်းမြို့နှစ်မြို့ကြား အရှေ့မြောက်စူးစူးတွင် ဂင်္ဂါမြစ်ရှိ ပြီး အရှေ့အနောက်သွယ်တန်းစီးဆင်းလျက်ရှိသည်။ ဂင်္ဂါမြစ်



www.burmeseclassic.com

www.burmeseclassic.com



ာသည် ဟိမဝန္တာတောင်မှ မြစ်ဖျားခံကာစီးဆင်းလာသော ရှေး
ဟောင်းသမိုင်းဝင်မြစ်တစ်စင်းလည်းဖြစ်ပေသည်။

ကေလာသတောင်ခြေရင်းမှာ မဟာရေကန်ကြီးဖြစ်တဲ့
မန်နာဆာရိုဗား (Great Lake Manasarovan)မှ မြစ်ချောင်းများ
အများအပြားစီးဆင်းပေါ်ထွက်ခဲ့ကြသည်။

သို့သော် အားလုံးသော မြစ်ချောင်းများ၏ မူလဇစ်မြစ်
သည် ဟိမဝန္တာတောင်တန်းများမှပင် အခြေခံလျက်စီးဆင်းလာ
ကြခြင်းဖြစ်သည်။

ဟိမဝန္တာတောင်တစ်ကြောမှ မြစ်ဖျားခံပြီးစီးဆင်းလာခဲ့
သော မြစ်ချောင်းများအားလုံး ဂင်္ဂါမြစ်အတွင်းသို့ တစ်ပေါင်း
တစ်စည်းတည်းဖြစ်အောင် စီးဆင်းခဲ့ကြလေသည်။

ဂန်ဂေါ်ထရီရေခဲမြစ်၌ အခြေပြုလျက်စီးဆင်းလာခဲ့
သော ဂင်္ဂါမြစ်ကြီးမှာ ခရီးစဉ်တစ်လျှောက်လုံး သဘာဝသယံဇာ
တပစ္စည်းများကို သယ်ဆောင်လာခဲ့သည်။

အချို့သောသယံဇာတပစ္စည်းတို့မှာ အာဟာရဓါတ်အ
ပြည့်အဝပါဝင်ပြီး ရောဂါများကို ပျောက်ကင်းစေနိုင်သောအစွမ်း
သတ္တိတို့လည်း များစွာပါဝင်လာပေသည်။

အဘယ့်ကြောင့်ဆိုသော်. .

ဟိမဝန္တာတောင်တန်းကြီးပေါ်တွင် ဆေးပင်၊ ဆေး
ဆေးမြစ်ပေါင်းများစွာတို့အပြင် ဂမုန်းပင်ပေါင်းများစွာတို့လည်း
ရှိကြလေသည်။

၎င်းဆေးပင်၊ ဆေးမြစ်၊ ဆေးဥတို့ကို ဖြတ်သန်းပွ





တိုက်စီးဆင်းလာသောရေတို့သည် ဂင်္ဂါမြစ်အတွင်းသို့ စုပေါင်း
ရောက်ရှိလာသောအခါ ဆေးပေါင်းခသောရေအဖြစ်သို့ ပြောင်း
လဲနေမည်မှာ အမှန်ပင်ဖြစ်သည်။

ဂင်္ဂါမြစ်ကမ်းတစ်လျှောက်၌ နေထိုင်ကြသူများမှာ အ
ရေပြား၌ဖြစ်သော ရောဂါများမဖြစ်ကြပေ။

၎င်းတို့သည် ဂင်္ဂါမြစ်ရေကို ဆေးအဖြစ်နှင့်နေ့စဉ်ချိုး
သောကြောင့်ဖြစ်သည်။

ထို့ပြင် အိမ်တိုင်းအိမ်တိုင်းမှာ ဂင်္ဂါမြစ်ရေကို ပုလင်းနှင့်
ထည့်ပြီးဆောင်ထားလေ့ရှိကြသည်။

ထိုရေကိုဆောင်ထားခြင်းဖြင့် အမှောင့်ပယောဂများ
မကပ်ရောက်နိုင်ဟု ယုံကြည်ကြရုံမကဘဲ ရောဂါဖြစ်နေသူများ၊
သေခါနီးလူနာများကိုပါ ထိုရေကို ဆေးအဖြစ်တိုက်ကျွေးလေ့
ရှိသည်။

ဂင်္ဂါမြစ်ရေထဲမှာပါဝင်နေသော သဘာဝဓါတ်ပစ္စည်း
များအား ကမ္ဘာပေါ်ရှိသိပ္ပံပညာရှင်အများအပြားတို့က ဓါတ်ခွဲ
စမ်းသပ်ကြည့်ခဲ့ကြသည်။

ဒေါက်တာဂျက်ဂ်ဒစ်ရှ်စန္ဒြာဘို့စ်(Dr. Jagdigh Chandra
Bose) ဆိုသူ ထင်ရှားတဲ့အိန္ဒိယသိပ္ပံပညာရှင်တစ်ဦးက ဂင်္ဂါမြစ်
ရေကို ဓါတ်ခွဲစမ်းသပ်ရာ၌. . ।

"၎င်းမြစ်ရေထဲမှာပါဝင်တဲ့ ဓါတ်ပစ္စည်းအမျိုးအစားတွေ
ကို ကမ္ဘာပေါ်ရှိ မည်သည့်မြစ်ရေမှာမှ မတွေ့ရသည့်အပြင် ရော
ဂါများပျောက်ကင်းအောင် အစွမ်းသတ္တိများရှိနေကြောင်း. ."



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်ချခဲ့လေသည်။

သို့သော်လည်း ဂင်္ဂါမြစ်ရေသည် အခြားဒေသများသို့ ရောက်သွားသောအခါ အခြားမသန့်ရှင်းသောရေများနှင့် ပေါင်းစပ်မိသောအခါ မူလပင်ကိုယ်သဘာဝအစွမ်းသတ္တိများလျော့ပါး သွားသည်မျိုးလည်း ရှိလေ၏။

ဘက်တီးရီးယားများ မပေါက်ဖွားနိုင်သော ဂင်္ဂါမြစ်ရေမှာ မလွဲမရှောင်သာဘဲ အခြားဘက်တီးရီးယားပိုးမွှားများသော ရေဆိုးရေပုပ်များနှင့် ပေါင်းစပ်ရသောအခါ သူ၏မူလစွမ်းရည် သဘာဝများ တဖြည်းဖြည်းနှင့်လျော့ပါးသွားရခြင်းမှာ လောက သဘာဝနှင့်တူလေသည်။

လူကောင်းတစ်ယောက်သည် မိမိဘာသာ သီးသန့်မနေနိုင်ဘဲ မကောင်းသောသူတို့နှင့် အတူတွဲနေရသောအခါ ပင်ကိုယ်သဘာဝများ လျော့ပါးသွားစေရုံသာမက မကောင်းမှုပြုသူက များလာသောအခါ တဖြည်းဖြည်းနှင့် မကောင်းသည့်ဘဝသို့ ရောက်သွားရသည်မှာ လောကသဘာဝပင်ဖြစ်၏။

သို့ကြောင့် ရေများရေနိုင်၊ မီးများမီးနိုင်ဆိုသကဲ့သို့ ကောင်းမှုများလျှင် ကောင်းမှုကနိုင်ပြီး၊ မကောင်းမှုများလျှင် မကောင်းမှုကနိုင်ကြောင်း သဘောသဘာဝလည်းရှိလေသည်။

ဂင်္ဂါမြစ်၏မြောက်ဘက်နှင့် အနောက်ဘက်တွင် ဟိမဝန္တာတောင်တန်းကြီးက ကာဆီးထားသည်။

တောင်ဘက်တွင် ရာဇဂြိုဟ်ရှိသည်။

အနောက်ဘက်၌ တစ်ချိန်က အသောကမင်းထီးနန်း





စိုက်ခဲ့ရာ ပါဋလိပုတ်ပြည်ရှိသည်။

ထိုမြစ်ကမ်း၏မြောက်ဘက်တွင် ဥတ္တရမြို့ရှိသည်။

ဥတ္တရမြို့သည် မြို့ကြီးတစ်မြို့မဟုတ်စေကာမူ မြို့အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံသောမြို့လည်းဖြစ်သည်။

ဂါတ်တဲ၊ အချုပ်ထောင်နှင့် ဆေးရုံစသည်တို့ရှိကြသည်။ အများအားဖြင့်တော့ ဟိန္ဒူများအနေများပြီး အခြားဘာသာဝင်များလည်းရှိသည်။

ထိုမြို့၏အရှေ့ဘက်တွင် ရှေးဟောင်းသုတေသန အဆောက်အအုံတစ်ခုလည်းရှိသည်။

လောလောဆယ်တွင် ရှေးဟောင်းသုတေသနအဆောက်အအုံတွင် တာဝန်ယူလုပ်ကိုင်နေသူမှာ မြန်မာနိုင်ငံသား ဒေါက်တာမင်းထင်ကျော်ပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်မှာ အစိုးရဝန်ထမ်းအလုပ်များ လုပ်ရန် မနှစ်သက်သော်လည်း ရည်ရွယ်ချက်တစ်ခုကြောင့် ဥတ္တရမြို့သို့ရောက်နေပြီး ရှေးဟောင်းသုတေသနတွင် ခေတ္တဝင်ရောက်လုပ်ကိုင်နေခြင်းဖြစ်၏။

၎င်းနှင့်အတူ အခြားအဖော်နှစ်ယောက်လည်းရှိကြသေးသည်။ ဦးဇန်ကောင်းနှင့် ကျော်စွာတို့နှစ်ယောက်ပင်ဖြစ်၏။ ဦးဇန်ကောင်းက အသက်(၅၀)ကျော်အရွယ်ခန့်ရှိပြီး ကျော်စွာက (၂၈)နှစ်အရွယ်ခန့်ရှိသော လူရွယ်တစ်ဦးဖြစ်လေသည်။ ၎င်းတို့နှစ်ယောက်မှာ ဒေါက်တာမင်းထင်ကျော်နှင့် စိတ်တူကိုယ်တူ လုပ်နိုင်ကြသည့် လက်တွဲဖော်များပင်ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလမှာ(၁၉၄၅)ခုနှစ်ဝန်းကျင်ဖြစ်ပြီး **စစ်ဘေး စစ်ဒဏ်**များကလည်း မငြိမ်မသက်ဖြစ်နေလေသည်။ ဗြိတိသျှ တပ်များ၊ ဂျပန်တပ်များ စစ်ဗျူဟာခင်းကျင်းကြရာတွင် အိန္ဒိယ သည် အချက်အချာကျသော နေရာတစ်ခုဖြစ်သောကြောင့် လည်း အခြားဒေသများထက် ပိုမိုအထိနာလေသည်။

သို့သော်လည်း အခြားမြို့ကြီးများနှင့်စာလျှင်တော့ ဥတ္တရမြို့ကဲ့သို့ မြို့ငယ်ကလေးများကတော့ သက်သာရာရလေ သည်။ ထို့ပြင် မြို့ကြီးများနှင့်လည်းဝေး ဂင်္ဂါမြစ်နံဘေးမှာရှိနေ သောကြောင့်လည်း နယ်ချဲ့စစ်သားများနှိပ်စက်မှုဒဏ်မှ အတန် အသင့် သက်သာရာရလေသည်။

သို့သော် ဥတ္တရမြို့သည် ရှေးနှစ်ပေါင်းများစွာကတည်း ကတည်းရှိခဲ့သော မြို့ဖြစ်သောကြောင့် နေထိုင်ကြသူအများစု မှာ အယူအဆဟောင်းများကို ယုံကြည်လက်ခံကြသည်။

နတ်ဘုရားကိုးကွယ်ခြင်း၊ မိစ္ဆာနတ်များကိုယုံကြည်ကိုး ကွယ်ကြသူ အတော်များများရှိကြသည်။

မှော်ပညာ၊ စုန်းကဝေပညာတတ်ကျွမ်းသူ၊ လေ့လာ လိုက်စားသူတို့လည်း အများအပြားရှိကြသည်။

အတော်များများကတော့ မိစ္ဆာနတ်ဘုရားမကို ယုံကြည် ကိုးကွယ်ကြသူများလေသည်။

အိန္ဒိယ၌ ကြောက်စရာအကောင်းဆုံးမှာ မိစ္ဆာပူးကပ် နေသော အယူအစွဲများရှိသည့် အဖွဲ့အစည်းနှင့် ဂိုဏ်းများပင် ဖြစ်ကြသည်။





အိန္ဒိယလူမျိုးအတော်များများတို့မှာ နတ်ဘုရား၊ နတ် ဘုရားမ အမျိုးအစားအတော်များများတို့ကို ယုံကြည်ကိုးကွယ် ကြလေသည်။ အချို့နတ်ဘုရားတို့မှာ ကောင်းကျိုးပေးသော် လည်း နတ်ဘုရားအတော်များများကတော့ ဆိုးကျိုးကိုသာပေး လေ့ရှိသည်။

ကာလီနတ်ဘုရားကို ယုံကြည်ကိုးကွယ်သော ဂိုဏ်းဝင် တို့သည် လူများများသတ်နိုင်လေ သူတို့အတွက် နတ်ဘုရားမ၏ ကောင်းချီးပေးခြင်း ပိုမိုရလေဟုယုံကြည်ကြသည်။

လျှို့ဝှက်ဂိုဏ်းသားတိုင်း လူတစ်ယောက်ထက်မနည်း သတ်ဖြတ်ဖူးသူဖြစ်ရသည်။

သတ်ဖြတ်ပြီးတိုင်း ထိုအလောင်းများကို ဖျောက်ဖျက် ပစ်ကြသည်။

ထိုဂိုဏ်းသားဂိုဏ်းဝင်တို့သည် အိန္ဒိယနိုင်ငံနေရာအနှံ့ အပြားမှာရှိကြပြီး နည်းအမျိုးမျိုးနှင့် လူသတ်မှုကျူးလွန်ကြသည်။

နောက်ပိုင်း ဗြိတိသျှစုံထောက်ဘက်မှလူများ မကြာ ခဏ ပျောက်ဆုံးသောအမှုများကို စုံစမ်းမှုများပြုလုပ်ကြလေ သည်။

အချို့လည်း အခြားနေရာများသို့ထွက်ပြေးသဖြင့် လွတ် မြောက်သွားသော်လည်း အချို့ကိုတော့ ဖမ်းမိခဲ့လေသည်။

(၁၈၂၆)ခုနှစ်လောက်တွင် သက်ဆိုင်ရာ စုံထောက် ဘက်အရာရှိများ၏ အစီရင်ခံစာအရ လူသတ်မှုကျူးလွန်ခဲ့သော လူသတ်ကောင်ပေါင်း တစ်သောင်းကျော်ခန့် ဖော်ထုတ်ဖမ်းဆီးမိ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။

ဎင်းလူသတ်ကောင်တို့ကို စစ်ဆေးသောအခါ တစ်ဦးလျှင် အနည်းဆုံး လူသတ်မှုသုံးမှုထက်မနည်း ကျူးလွန်ခဲ့ကြသူများဖြစ်ကြသည်။

လူသတ်ကောင်တစ်ယောက်မှာ အနည်းဆုံး လူသုံးယောက်ထက်မနည်း သတ်ဖြတ်ခဲ့ဖူးပြီး ထိုထက်ပိုမို၍များပြားကြလေသည်။

လပ်ခ်နောင်းမြို့တွင် လူသတ်ကောင်တစ်ယောက်သည် ကြိုးပေးခံရအံ့ဆဲဆဲတွင် သူသည်လူပေါင်းခြောက်ရာကို သတ်ဖြတ်ခဲ့ပြီးဖြစ်ကြောင်း အစစ်ခံသွားခဲ့လေသည်။

နောက်တော့လည်း. . . ကာလီနတ်ဘုရားမသည် သူဆောင်ရွက်ခဲ့သော လူသတ်မှုများအတွက် တမလွန်မှုကောင်းချီးပေး ဖိတ်ခေါ်နေပြီဖြစ်သောကြောင့် ယခုကဲ့သို့သေရတော့မည့်အဖြစ်ကိုပင် မကြောက်ရွံ့တော့ပါဟု ပြုံးရွှင်ရယ်မောစွာဖြင့် ပြောပြသွားလေသည်။

အခြားတစ်ယောက်မှာမူ အသက်ရှစ်ဆယ်ကျော် အရွယ်ခန့်ရှိသော တရားခံတစ်ဦးကမူ. .

"ငါက လူပေါင်း (၉၉၉)ယောက်သတ်ခဲ့ပြီးဖြစ်သဖြင့် ကာလီနတ်ဘုရားမသည် ငါ့အပေါ်မှာ များစွာကျေနပ်နှစ်သက်မှုရှိကာ တမလွန်ဘဝမှ စောင့်နေပေလိမ့်မည်၊ လူပေါင်းတစ်ထောင်ပြည့်အောင်မသတ်ရဘဲ ယခုကဲ့သို့ အဖမ်းခံရသည်အတွက်ဘဲ စိတ်မကောင်းဖြစ်နေမိသည်. . ."





ဟု ပြောသွားလေသည်။

ထိုတစ်နယ်လုံးတွင် လူသတ်ကောင်ပေါင်းခြောက်များစွာရှိကြလေရာ စုံထောက်များက လိုက်လံဖမ်းဆီးသောအခါ မြေလျှိုးမိုးပျံသွားကဲ့သို့ အနယ်နယ်အရပ်ရပ်သို့ ရှောင်တိမ်းသွားကြရာ အများအပြားလွတ်မြောက်သွားကြလေသည်။

လူသတ်ကောင်ပေါင်းတစ်သောင်းကျော် ဖမ်းမိခဲ့ခြင်းမှာ အချို့တစ်ဝက်လောက်သာ ရှိလေသည်။

မိစ္ဆာနတ်ဘုရားဂိုဏ်းဝင်တစ်ဦးလျှင် အနည်းဆုံး လူသုံးဦးထက်မနည်း သတ်ဖူးကြပြီး အများဆုံးတစ်ထောင်အထိ သတ်ဖူးသူတို့ ပါဝင်လေသည်။

သို့ဆိုလျှင် ဎင်းဂိုဏ်းဝင်များ သတ်ဖြတ်ခဲ့သောလူဦးရေစာရင်းမှာ သိန်းဂဏန်းအထိ ရှိနိုင်လေသည်။

နောက်ပိုင်း စုံထောက်နှင့်ပုလိပ်တို့က မြောက်များစွာသောတရားခံများကို ဖမ်းဆီးနိုင်ပြီး အချို့ကိုလူသတ်မှုများဖြင့် ကြိုးပေးကွပ်မျက်ခဲ့လေသည်။

နောက်ပိုင်း အဖွဲ့ဝင်ဂိုဏ်းသားများ လျော့ပါးသွားခဲ့ပြီး လူသတ်မှု၊ လူပျောက်မှုများလည်း နည်းပါးသွားလေသည်။ သို့သော်လည်း မိစ္ဆာနတ်ဘုရားမ၏ မိစ္ဆာအယူဝါဒများကတော့ လုံးလုံးလျားလျား ကွယ်ပျောက်သွားခဲ့ခြင်းမျိုး မဟုတ်ပါချေ။

နေရာအနှံ့အပြားတွင် တစ်ခုပြီးတစ်ခုဖြစ်ပေါ်နေဆဲပင်ရှိသေး၏။

တကယ်တော့ ဎင်းမိစ္ဆာဂိုဏ်းသားတို့မှာ အခွင့်အရေး



www.burmeseclassic.com

www.burmeseclassic.com



မသာသောကြောင့်သာ လူမသတ်ရသော်လည်း ရင်ထဲမှာတော့ မိစ္ဆာဓါတ်များက ပျောက်ပြယ်သွားခြင်းမျိုးမရှိပေ။

အခွင့်အရေးမသာသောကြောင့်သာ တစ်နေရာ၌ လျှို့ဝှက်စွာနေကြရသော်လည်း အခွင့်သာသည်နှင့် လူသတ်ဖို့ရန်သာ စိတ်ကူးနေကြသည်။

မိစ္ဆာဂိုဏ်းဝင်များတို့သည် ယခင်အခါက လူသတ်မှု ကျူးလွန်ကြရာတွင် ယောကျ်ားများကိုသာသတ်ပြီး မိန်းမများကိုတော့ သတ်လေ့မရှိပေ။

နောက်ပိုင်း အခွင့်အရေးမသာသောအခါ မိန်းမများကိုပါ သတ်ဖြတ်ကြလေတော့သည်။

ရှေးအခါက လူတစ်ယောက်အသက်ကို သတ်ဖြတ်ရာမှာ သေသူ၏သွေး မြေသို့မကျစေရန် ဂရုပြုကြသည်။ နောက်တော့ ဂရုမပြုနိုင်ဘဲ အခွင့်ရေးရလျှင်ရသလို ဖြစ်တဲ့နည်းဖြင့် သတ်ဖြတ်ကြလေသည်။

သို့သော်လည်း အလောင်းကိုတော့ ဖြစ်တဲ့နည်းဖြင့် ဖျောက်ဖျက်ပစ်ကြလေသည်။

နောက်ပိုင်းမှာတော့ ကာလီနတ်ဘုရားမဂိုဏ်းသားတို့သည် အိန္ဒိယနိုင်ငံနေရာအနှံ့အပြားသို့ ပျံ့နှံ့ရောက်ရှိသွားကြလေသည်။

မြို့တိုင်း၊ ရွာတိုင်းမှာ ရှိနေကြသည်။

သူတို့သည် သာမန်အချိန်များမှာ ရိုးသားကျိုးနွံစွာဖြင့် ပိရိစွာဖြင့် နေတတ်ကြသောကြောင့် အခြားအိမ်နီးချင်းများကပင်





ရိပ်မိကြပေ။

ထိုကဲ့သို့ ပိပိရိရိ နေတတ်ကြသောကြောင့်. . ဒေသခံ စုံထောက်နှင့်ပုလိပ်များက မရိပ်မိကြခြင်းဖြစ်သည်။

မိစ္ဆာဂိုဏ်းသားတို့မှာ အများသူငါကဲ့သို့ သူလိုကိုယ်လို နေကြသော်လည်း ၎င်းဂိုဏ်းဝင်တိုင်း ထူးခြားမှုတစ်ခုတော့ရှိကြသည်။

အချို့ဂိုဏ်းဝင်တို့မှာ ၎င်းတို့ကိုယ်ပေါ်မှာ ထူးခြားသော အမှတ်အသားများနှင့် မိစ္ဆာစွမ်းအားတို့ ရှိကြသည်။ အချို့မှာတော့ ကြေးဖြင့်သော်လည်းကောင်း၊ ရွှေဖြင့်သော်လည်းကောင်း ကာလီနတ်ဘုရားမရုပ်တုတစ်ခုစီ ရှိတတ်ကြသည်။

ထိုရုပ်တုကိုတော့ လျှို့ဝှက်စွာသိမ်းဆည်းထားကြလေသည်။ မိစ္ဆာဂိုဏ်းသားတို့သည် လူသတ်မှုကျူးလွန်တော့မည်ဆိုလျှင် ထိုရုပ်တုကို တစ်နေရာသို့ယူဆောင်သွားကာ ပူဇော်ပသလေ့ရှိသည်။

ပြီးမှ လူသတ်မှုများ ကျူးလွန်ကြသည်။

ကာလီနတ်ဘုရားမရုပ်တုကို ပူဇော်ပသပြီးမှ လူသတ်မှုကျူးလွန်လျှင် မိစ္ဆာစွမ်းအင်များရကာ လွယ်လင့်တကူ ပြီးမြောက်စေသည်ဟုလည်း ယုံကြည်ကြလေသည်။

ဗြိတိသျှစုံထောက်နှင့် ပုလိပ်များက ထိုမိစ္ဆာဂိုဏ်းသားမှန်သမျှကို လိုက်လံဖမ်းဆီးကြသောအခါ နေရာအနှံ့သို့ တိမ်းရှောင်သွားကြလေသည်။

ထိုသို့တိမ်းရှောင်လာသူအချို့သည် ဥတ္တရမြို့သို့ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာကြသူအချို့လည်း ရှိကြသည်။

ထိုသို့ရောက်လာကြသော်လည်း မည်သူမည်ဝါသည် မိစ္ဆာဂိုဏ်းသားတစ်ယောက်ဖြစ်သည်ကိုတော့ မည်သူမှ မသိကြ ပေ။ ၎င်းတို့ အနေအထိုင် ပိရိသေသပ်သောကြောင့် ဥတ္တရမြို့သူ မြို့သားများ မရိပ်မိကြခြင်းဖြစ်ကြသည်။

သို့သော်လည်း တစ်နေ့မှာတော့ ဥတ္တရမြို့တွင် ကြောက် စရာကောင်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်လေတော့ သည်။

မိစ္ဆာဂိုဏ်းသားတစ်ယောက်သည် မြို့စွန်တစ်နေရာမှာ နေထိုင်သော အမျိုးသမီးတစ်ယောက်ကို ရအောင် ပိုးပန်းလေ ရာ ချစ်သူအဖြစ်သို့ ရောက်ကြလေသည်။

တစ်နေ့တော့ ဥပါယ်တံမျဉ်ဖြင့် တောစပ်သို့ခေါ်သွားပြီး ထိုအမျိုးသမီးကို သတ်ဖြတ်လိုက်လေသည်။

ထိုသို့သတ်ဖြတ်ပြီး အလောင်းကိုမြေမြှုပ်ရန်မြေကျင်း တူးနေစဉ်မှာပင် သူသတ်ထားသော အမျိုးသမီးပြန်ထလာသည် ကို မြင်သောအခါ ထိုလူမှာ မျက်လုံးပြူးသွားလေသည်။

"ဟင်. . နင်မသေသေးဘူးလား"

"နင်သတ်ချင်တိုင်း သေမယ်များထင်နေသလား၊ နင် ဘာကြောင့် ငါ့ကိုသတ်တာလဲ"

"ဟို. . ဟို. ."

"နင်. . မိစ္ဆာဂိုဏ်းသားတစ်ယောက်မဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်. ."





"နင်တို့က သူယုတ်မာတွေပဲ၊ ဒီမှာ ငါ့မျက်နှာကိုသေ သေချာချာ ကြည့်စမ်း၊ မသေခင်. . ငါဘယ်သူမှန်းဆိုတာ သိ သွားပေတော့. ."

ဟုပြောပြီး အဝတ်အစားများကို ဖယ်ပြသောအခါ ထို သူမှာ မျက်လုံးပြူးသွားလေသည်။

"ဟင်. . နင်. . နင်. ."

စကားဆုံးအောင်ပင် မပြောလိုက်နိုင်တော့ပေ။

ထိုအမျိုးသမီးက အနီးသို့ကပ်လာပြီး ထိုသူ၏လည်ပင်း ကို ဖြတ်ချလိုက်တော့သည်။

"အား. . ."

ထို့နောက်မှာတော့ သူတူးထားသောကျင်းထဲသို့ ထည့် ကာ မြေမြှုပ်ထားခဲ့ပြီး ထိုနေရာမှထွက်သွားလေသည်။

နောက်ပိုင်း လူတစ်ယောက်ပျောက်သဖြင့် လိုက်လံရှာ ဖွေကြရာ တောစပ်တစ်နေရာ၌မြှုပ်နှံထားသော ထိုသူ၏အ လောင်းကို စုံထောက်နှင့်ပုလိပ်များက ရှာတွေ့ခဲ့ကြလေသည်။

အလောင်းကို ဆေးရုံသို့သယ်ယူသွားပြီး စစ်ဆေးကြ သောအခါမှ ၎င်းကိုယ်ပေါ်မှအမှတ်အသားတစ်ခုကို တွေ့ကြရ လေသည်။

ကာလီနတ်ဘုရားမ မိစ္ဆာဂိုဏ်းဝင် အမှတ်အသားပင် ဖြစ်ပေတော့သည်။

ထိုအခါမှ ဥတ္တရမြို့မှ စုံထောက်နှင့်ပုလိပ်တို့မှာ မိမိတို့ မြို့မှာ မိစ္ဆာဂိုဏ်းဝင်များရောက်ရှိနေသည်ကို သိကြရလေတော့


www.burmeseclassic.com

www.burmeseclassic.com



သည်။

ထူးဆန်းသောအချက်မှာ အခြားဖြစ်ပွားခဲ့သော လူသတ်မှုများဆိုလျှင် မိစ္ဆာဂိုဏ်းဝင်များကသာ အခြားသူများကို သတ်ဖြတ်လေ့ရှိကြသည်။

ယခုမိစ္ဆာဂိုဏ်းဝင်တစ်ယောက်ကို အခြားတစ်စုံတစ်ယောက်က သတ်ဖြတ်သွားခဲ့လေသည်။

စုံထောက်နှင့်ပုလိပ်များအတွက် စဉ်းစားစရာ၊ ပဟေဠိများစွာ ဖြစ်ကြရလေတော့သည်။

ကာလီနတ်ဘုရားမ၏ မိစ္ဆာဂိုဏ်းဝင်တစ်ဦးကို သတ်သွားခဲ့သည်မှာ ဘယ်သူလဲ. . ၊

နောက်ပိုင်းမှာတော့ ပုလိပ်နှင့်စုံထောက်တို့က သေဆုံးသူနှင့်ပတ်သက်ခဲ့သောအမျိုးသမီးကို ခြေရာခံမိခဲ့ကြသည်။

သူမနေထိုင်သောနေရာသို့ သွားရောက်ရှာဖွေကြသောအခါမှာတော့ မြေလျှိုးမိုးပျံသွားသည့်အလား အစအနကိုမျှပင် မမြင်ရ. . မတွေ့ခဲ့ကြရတော့ပေ။







# အခန်း(၅)

# သချိုင်းထဲမှ အလောင်းပျောက်သောသူ

ဥတ္တရမြို့၏မြို့စွန်ဘက်၌ ဆင်းရဲသားများနေထိုင်ကြသော ရပ်ကွက်တစ်ခုရှိလေသည်။

လူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြပြီး အများစုကတော့ လက်လုပ်လက်စားများ ဖြစ်ကြသည်။

ထိုရပ်ကွက်နှင့် မနီးမဝေးတွင် တောင်ကုန်းတစ်ကုန်းရှိပြီး တောအုပ်များလည်းရှိသည်။

ထိုတောအုပ်များအတွင်း၌ ဆာဒူးအချို့ နေထိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အချို့ဆာဒူးများမှာ မိစ္ဆာအယူဝါဒ ယုံကြည်ကိုးကွယ်ကြသော ဆာဒူးမိစ္ဆာများ ဖြစ်ကြလေသည်။

မြို့စွန်ရပ်ကွက်မှာ နေထိုင်ကြသူအချို့တို့မှာ ဆာဒူးမိစ္ဆာတို့ကို ယုံကြည်ကိုးကွယ်ကြသည်။

ဆာဒူးများက ၎င်းတို့အပေါ် ကျရောက်မည့် ဘေးအန္တရာယ်တို့ကို ကာကွယ်ပေးနိုင်သော သိဒ္ဓိစွမ်းအားများ ရှိကြသည်ဟုလည်း ယုံကြည်ထားကြလေသည်။

ဆာဒူးမိစ္ဆာများကို ယုံကြည်ကိုးကွယ်သောသူများတွင် 'မဟိန္ဒ'တို့မိသားစုများလည်း ပါဝင်လေသည်။

မဟိန္ဒသည် အသက်(၃၅)နှစ်အရွယ်ခန့်ရှိသော လူတစ်ယောက်ဖြစ်သည်။

သူသည် သားသတ်သောအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ပြီး အသားမည်းမည်းနှင့် ကြံ့ခိုင်သန်စွမ်းသူတစ်ဦးဖြစ်သည်။ မဟိန္ဒသည် ဥတ္တရမြို့သားတစ်ဦးတော့ မဟုတ်ပေ။

အခြားအရပ်ဒေသမှ ရွှေ့ပြောင်းရောက်ရှိလာပြီးနောက် ရွာခံအမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခဲ့ခြင်းဖြစ်လေသည်။

အမျိုးသမီး၏အမည်မှာ ဆာရာဖြစ်သည်။

ဆာရာသည် အသက်(၂၀)ကျော်အရွယ်ခန့်သာရှိသေးပြီး သာမန်မိန်းကလေးတစ်ဦးသာဖြစ်သည်။

သူယူခဲ့သောမဟိန္ဒမှာ သူမတို့နေသော အရပ်ဒေသမှ မဟုတ်သောကြောင့် အကြောင်းသိတစ်ဦးတော့မဟုတ်ပေ။ ဘာသာတူ၊ စရိုက်ချင်းတူသောကြောင့်သာ လက်ထပ်ယူခဲ့ခြင်း ဖြစ်





သည်။

ဆာရာတို့မှာ မိသားစုသုံးယောက်သာ ရှိကြလေသည်။ မိခင်နှင့်ဖခင်ကတော့ မဟိန္ဒနှင့် သဘောမတူကြပေ။ သမီးဖြစ်သူကို အမျိုးမျိုးဖျက်သော်လည်း မရတော့သည့်အဆုံး မလွှဲသာသောကြောင့်သာ လက်ခံခဲ့ရခြင်း ဖြစ်ပေသည်။

နောက်ပိုင်းတော့ မဟိန္ဒသည် ဆာရာနှင့်လက်ထပ်ပြီး ၎င်းတို့မိသားစုအိမ်သို့ ပြောင်းရွှေ့နေထိုင်လေသည်။ မဟိန္ဒမှာ အမြဲတစေအရက်သောက်လေ့ရှိပြီး စိတ်ကြမ်းလူကြမ်းဖြစ်သည်။

အရက်မူးလာသည့်အခါ မိန်းမဖြစ်သူ ဆာရာကိုပင် နှိပ်စက်တတ်လေသည်။

ထိုသို့နှိပ်စက်သော်လည်း ယောက္ခမများက မပြောဝံ့၊ မဆိုဝံ့ကြပေ။ အဘယ့်ကြောင့်ဆိုသော်. . .

၎င်းတို့ကိုပါ ရန်ရှာမည်စိုးသောကြောင့်ပင်. . ။

မဟိန္ဒသည် သားသတ်သမားတစ်ဦးဖြစ်သောကြောင့် ၎င်းနေသောနေရာတွင် သားသတ်ရာတွင်အသုံးပြုသော လက်နက်များကို ယူထားလေသည်။

ဓား၊ လှံ၊ ကပ်ပါး၊ ကြိုးခွေစသည်တို့ကို သူနေသောအခန်းထဲမှာပင် ဆောင်လာလေသည်။

သားသတ်သမားဆိုသည်မှာ အခြားသူများသတ်ဖြတ်လိုသော တိရစ္ဆာန်တို့ကို အခကြေးငွေယူကာ သတ်ဖြတ်ပေးရခြင်းဖြစ်သောကြောင့် အမြဲတစေဝင်ငွေရှိသော အလုပ်မျိုးတော့ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သားကောင်များများသတ်ပေးရလျှင် ဝင်ငွေရပြီး မ
သတ်ရလျှင် ဝင်ငွေမရပေ။

ထိုကဲ့သို့အလုပ်မရှိသည့်အခါ ဓားဓားချင်း၊ လှံလှံချင်
ကပ်ပါးကပ်ပါးချင်းတို့ကို တချွင်းချွင်း၊ တချွမ်းချွမ်းမြည်အောင်
ရိုက်ပုတ်လေ့ရှိသည်။

"မဟိန္ဒ. . ရှင်ဘာလုပ်နေတာလဲ"

"သားကောင်မသတ်ရတာကြာလို့ လက်နက်တွေကိုနိုး
ပေးနေတာ၊ ဒီလိုနိုးပေးလိုက်ရင် မကြာခင်မှာ သားကောင်သတ်
တဲ့အလုပ် ပေါ်လာတော့မယ်. ."

"ဟုတ်ရဲ့လားရှင်"

"ဟုတ်တာပေါ့မိန်းမရဲ့. . သုသာန်မှာနေကြတဲ့ သုဘ
ရာဇာတွေက သုသာန်ကို အလောင်းမရောက်တာ ကြာသွားရင်
ခေါင်းတလားကို တစူးဝါးနဲ့ အသက်အောင့်ပြီး လက်ပြန်ခုနစ်
ချက်ရိုက်ပေးရင် မကြာခင်သုသာန်ကို မြေမြှုပ်မယ့်အလောင်း
ရောက်လာတတ်တယ်. ."

"ကြောက်စရာပဲ. ."

"ဆေးရုံမှာလည်း အလောင်းထားတဲ့ ရင်ခွဲရုံထဲက လူနာ
ခုတင်ကို တုတ်နဲ့အသက်အောင့်ပြီး လက်ပြန်ခုနစ်ချက်ရိုက်ပေး
ရင် မကြာခင် ဆေးရုံကို လူနာတွေရောက်လာတတ်တယ်"

"သူတို့က ဒီလိုလုပ်ကြပါ့မလား. ."

"သုဘရာဇာကလည်း အလောင်းမြေမြှုပ်ပေးမှ ပိုက်ဆံ
ရတယ်၊ ဆရာဝန်ကလည်း လူနာရောက်လာပြီး ဆေးကုပေးမှ





ပိုက်ဆံရတာယ်၊ လုပ်ချင်လည်းလုပ်မှာပေါ့. .၊

ပိုက်ဆံရဖို့အဓိကပဲမဟုတ်လား၊ ငါလည်း ငါ့ရဲ့လက်
နက်တွေကို မကြာခဏနိုးပေးနေရတယ်၊ သူတို့နိုးလာပြီဆိုရင်
မကြာခင်မှာ သတ်ဖြတ်ရတဲ့အလုပ်တွေပေါ်လာလိမ့်မယ်"

ဟု ပြောသည်။

ဆာရာကတော့ သူပြောသည်တို့ကို သိပ်မယုံကြည်လှ
ပေ။ သို့သော်လည်း ထိုကဲ့သို့ လက်နက်များနိုးလိုက်ပြီးလျှင်. .
မကြာခင် အလုပ်ပေါ်လာသည်ကတော့ လက်တွေ့ပင်ဖြစ်လေ
သည်။

တစ်ခါတစ်ရံလည်း အခြားကလာမခေါ်လျှင် လက်
နက်အချို့ကိုယူ၍ အိမ်မှထွက်သွားလေ့ရှိသည်။

ဆာရာကတော့ သူဘာတွေလုပ်နေသည်ကို စိတ်မဝင်
စားပေ။ နောက်ပိုင်းတော့ ဆာရာ၌ ကိုယ်ဝန်ရှိလာ၍လေသည်။

ထိုသို့ကိုယ်ဝန်ရှိလာသောအခါ မဟိန္ဒမရှိသောတစ်နေ့
၌ မိခင်ဖြစ်သူက ဖျောင်းဖျပြောဆိုလေသည်။

"ဆာရာ. . နင့်ယောကျ်ားလူမိုက်ကို ဘာတွေများဒီ
လောက်သဘောကျပြီး မက်မက်မောမောပေါင်းနေရတာလဲ၊ နင့်
ရုပ်ရည်နဲ့ဆို နောက်ထပ်လင်တစ်ယောက်တော့ ရနိုင်ပါတယ်၊
သူ့ကိုကွာပစ်လိုက်ပါလား. ."

"မဖြစ်ပါဘူး. . အမေရယ်၊ အခု ကျွန်မမှာ ကိုယ်ဝန်
တောင်ရှိနေမှပဲ. ."

"ကိုယ်ဝန်ရှိတော့ရော ဘာဖြစ်သလဲဟဲ့၊ ဖျက်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်ပြီးတာပဲ. . ”

“မဖြစ်ပါဘူးအမေရယ်၊ ကျွန်မ ကလေးကိုမွေးပါရစေ”

“နင်တယ်ခက်ပါလား. .၊ နင် ငါတို့ပြောစကား နားမထောင်ဘဲ သူနဲ့ဆက်နေရင်တော့ တစ်နေ့သေမှာပဲ. . ”

ဟု မိခင်ဖြစ်သူက ဒေါသဖြင့်ပြောလေသည်။

တစ်ညမှာတော့ ဆာရာအိပ်ပျော်နေစဉ် ဂျင်းနံဘေးမှာအိပ်နေသော မဟိန္ဒမှာနိုးလာသဖြင့် ထထိုင်လိုက်လေသည်။

ညဉ့်နက်ပိုင်းအချိန်ဖြစ်သောကြောင့် အပြင်ဘက်မှာအမှောင်ရိပ်များဖုံးနေပြီး တိတ်ဆိတ်ငြိမ်သက်နေလေသည်။ မဟိန္ဒမှာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရာမှ ဘယ်လိုကြောင့်ပြန်နိုးလာသည်မသိဘဲ ကြောင်တောင်တောင်နှင့် ထထိုင်နေခြင်းဖြစ်သည်။

သူသည် ဆာရာနံဘေးမှာထိုင်နေရင်း သူမ၏ကိုယ်ဝန်ရှိနေသောဗိုက်ကို စိုက်ကြည့်နေသည်။

ထိုကဲ့သို့ကြည့်နေရင်းမှ ထိုဗိုက်ထဲမှာမကောင်းဆိုးဝါးတစ်ကောင်ကောင်ဝင်နေသည်ဟုလည်း ထင်နေသည်။

“အဲဒီဗိုက်ထဲမှာ မင်းကလေးရှိနေတာမဟုတ်ဘူး၊ မကောင်းဆိုးဝါးက ဝင်နေတာကွ၊ ဒီကလေးမွေးလာရင် မင်းတို့အားလုံးကို သူကသတ်လိမ့်မယ်. . ”

ဟူသောအသံတစ်ခုက သူ့နားထဲမှာကြားနေရသည်။ ဘယ်နေရာမှ ပြောနေမှန်းမသိရသော်လည်း ဆာဒူးမိစ္ဆာတစ်ယောက်အသံမှန်းတော့ စိတ်ထဲမှသိနေသည်။





“အဲဒီဗိုက်ထဲက ကလေးကို ဒီအတိုင်းထားလို့မရဘူး၊ မင်းမိန်းမကိုသတ်ပြီး ဗိုက်ထဲကကလေးကိုပါ ထုတ်ယူပြီးသတ်ပစ်ရမယ်. . ”

ဟူသောစကားသံကြီးက တစ်စုံတစ်ယောက်ယောက်က အနားမှာလာပြောနေသကဲ့သို့ ကြားနေရသည်။

သူသည် အိပ်ပျော်နေသောဆာရာကို ကြည့်နေရင်း စိတ်ထဲမှာ ချီတုံချတုံဖြစ်နေတော့သည်။

“မင်းဟာ ကာလီနတ်ဘုရားမရဲ့ မိစ္ဆာဂိုဏ်းဝင်တစ်ယောက်ဆိုတာ မမေ့နေပြီလား၊ လူ့အသက်ကိုသတ်ပြီး နတ်ဘုရားမကိုပူဇော်ရမယ့်ကိစ္စကို ပျက်ကွက်နေတာအတော်ကြာပြီ. . ဒီတစ်ခါတော့ မင်းမိန်းမကိုသတ်ပြီး သူ့အသက်နဲ့ပူဇော်ရမယ်. . ”

ထိုစကားကြားသောအခါ တစ်ကိုယ်လုံးကြက်သီးမွေးညင်းများထလာသည်အထိ ကြောက်ရွံ့သွားမိလေသည်။

ထိုအခိုက်မှာပင် အိပ်ပျော်နေသောဆာရာက ပြန်နိုးလာလေတော့သည်။

“ဟင်. . ရှင်ဘာထိုင်လုပ်နေတာလဲ. . ”

“ဘာ. . ဘာမှမလုပ်ပါဘူးကွာ. . ”

သည်တော့မှ သတိပြန်ဝင်သလိုဖြစ်သွားပြီး နားထဲမှာကြားနေရသောအသံများလည်း ပျောက်သွားလေတော့သည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ ဆာရာအတွက် ဘကြမ္မာဆိုးကဝင်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏မိဘနှစ်ဦးမှာ အခြားရွာသို့ညအိပ်သွားကြရလေသည်။

အိမ်မှာ သူတို့လင်မယားနှစ်ဦးသာ ကျန်ခဲ့လေသည်။ ဆာရာကတော့ ဘာမှမသိရှာဘဲ ညအချိန်ရောက်သောအခါ အိပ်လေသည်။

သူအိပ်ပျော်သွားသောအချိန်ရောက်မှ မဟိန္ဒက ပြန်ထလာလေသည်။ ထိုသို့ထလာသောအခါမှ နားထဲမှာအသံများက ကြားလာရပြန်လေသည်။

“မဟိန္ဒ. . မင်းဟာ မိစ္ဆာဂိုဏ်းဝင်တစ်ဦးဖြစ်တယ်၊ နတ်ဘုရားမကို သူ့အသက်နဲ့ပူဇော်ရမယ်၊ သူ့ဗိုက်ထဲကလေးကိုလည်းထုတ်ပြီး ဖျက်ဆီးပစ်ရမယ်. .”

ထိုအသံမှာ ဆာဒူးမိစ္ဆာတစ်ယောက်အသံဖြစ်မှန်း သူသိသည်။ ဘယ်နေရာကပြောမှန်းသာ မသိရခြင်းဖြစ်သည်။ သို့သော်လည်း ထိုအသံကြီးကို နားထဲမှာအဆက်မပြတ်ကြားလာရသောအခါ မိစ္ဆာဓါတ်များ ဝင်လာလေတော့သည်။

ထို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ခြေရင်းဘက်သို့ ခြေသံမကြားအောင်ထသွားလေသည်။ ထိုနေရာမှာတော့ သားသတ်ရာတွင်အသုံးပြုသော လက်နက်ကိရိယာများရှိလေသည်။

ထိုအထဲမှ အသွားထက်လှသော ကပ်ပါး(ရဲဒင်းအကြီးစား)တစ်လက်ကိုယူလာသည်။

ထို့နောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော ဆာရာ





အနီးသို့ပြန်လာလေသည်။ ပြီးလျှင် အနားမှာဆောင့်ကြောင့်ထိုင်ချလိုက်သည်။

ဆာရာကတော့ သူမ ကြုံတွေ့ရတော့မည့်အန္တရာယ်ဆိုးကိုမသိရှာဘဲ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရှာသည်။ မဟိန္ဒက မိန်းမဖြစ်သူ၏မျက်နှာကို စိုက်ကြည့်နေနေသည်။

“မင်းဘာတွေစဉ်းစားနေတာလဲ. . သူ့ကိုသတ်ပြီး ဗိုက်ထဲက ကလေးကို ထုတ်ယူလိုက်ပါတော့လား”

ထိုအသံကြီးက နားအနီးမှာကပ်ပြောနေသကဲ့သို့ ကြားလိုက်ရပြီးနောက် ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ လက်ထဲမှရဲဒင်းဖြင့် သူမလည်ပင်းကိုခုတ်ဖြတ်လိုက်လေတော့သည်။

“ဒုတ်. .”

ရဲဒင်းမှာ အသွားထက်လှသောကြောင့် ဆာရာမှာ တစ်ချက်ကလေးမှမအော်နိုင်၊ မလှုပ်နိုင်ရှာဘဲ အိပ်နေရင်းမှပင် အသက်ပျောက်သွားတော့သည်။

ထို့နောက်မှာတော့ မဟိန္ဒသည် ဝမ်းဗိုက်ကိုရဲဒင်းဖြင့်ခွဲပြီး အထဲမှသန္ဓေသားလောင်းကို ထုတ်ယူလိုက်သည်။ ပြီးလျှင် ရဲဒင်းဖြင့် အပိုင်းပိုင်းခုတ်ဖြတ်ပစ်လိုက်လေတော့သည်။

ပြီးသောအခါမှ သတိပြန်ဝင်လာသကဲ့သို့ ဖြစ်လာသည်။ သို့သော်လည်း လွန်သွားခဲ့ချေပြီ။

သူ့ရှေ့မှာတော့ မိန်းမဖြစ်သူမှာ ခေါင်းတစ်ခြားကိုယ်တစ်ခြားဖြစ်ရုံမက ဝမ်းဗိုက်ပါပွင့်နေလျက်နှင့် အသက်ပျောက်သွားနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


မဟိန္ဒလည်း ထိုအခြေအနေကိုမြင်သောအခါ လက်လွှန်သွားပြီသိသဖြင့် ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ဆာရာအလောင်းကို စောင်ဖြင့်အရင်ပတ်သည်။ ရဲဒင်းဖြင့်ပိုင်းဖြတ်ထားသောအပိုင်းအပြတ်တို့ကိုလည်း အဝတ်ဖြင့်ထုပ်သည်။

အလောင်းကို စောင်ဖြင့်ပတ်ပြီးသောအခါ မြက်ဖျာဖြင့်ပတ်သည်။

အပေါ်မှကြိုးဖြင့်အထပ်ထပ်တုတ်သည်။ ထိုသို့ကြိုးဖြင့်ပတ်သောအခါ မံမီရုပ်အလောင်းကဲ့သို့ တောင့်တောင့်ကြီးဖြစ်သွားတော့သည်။

ပြီးတော့မှ ဂေါ်ပြားတစ်ချောင်း၊ ဓားတစ်လက်တို့ကိုယူပြီး အလောင်းကိုသုသာန်ဘက်သို့ ထမ်းယူသွားလေသည်။ အချိန်မှာညဉ့်နက်ပိုင်းရောက်ပြီဖြစ်သောကြောင့် တိတ်ဆိတ်ငြိမ်သက်နေလေသည်။

အမှောင်ရိပ်များကလည်း နေရာအနှံ့ဖုံးလွှမ်းထားလေသည်။ ယခုအချိန်အထိတော့ မဟိန္ဒတစ်ယောက်မှာ သူဘာတွေလုပ်နေသည်၊ ဘာတွေဖြစ်နေသည်ကို သတိမရသေးပေ။

လော်လောဆယ် အလောင်းကိုမြေမြှုပ်ပြီးဖျောက်ဖျက်ပစ်ရန်သာ အာရုံရောက်နေသည်။

လမ်းတစ်ဝက်ရောက်တော့ ပခုံးပေါ်မှထမ်းလာသောအလောင်းကို မြေပေါ်ချပြီး ခြေထောက်ဘက်မှ တရွတ်တိုက်ဆွဲယူသွားလေသည်။

သူဆွဲယူသွားရာ လမ်းတစ်လျှောက်မှာ သွေးကြောင်းကြီးထင်ကျန်နေခဲ့လေသည်။

သုသာန်သို့ရောက်သွားတော့ ညဉ့်နက်ပိုင်းရောက်နေချေပြီ။ သူသည် တောစပ်တစ်နေရာမှာ အလောင်းကိုချပြီး ဂေါ်ပြားဖြင့်မြေကျင်းတူးလေသည်။

ထိုအချိန်အထိတော့ အနှောင့်အယှက်မတွေ့ရသေးပေ။ ထိုကဲ့သို့တူးနေစဉ်မှာပင် သူမြေတူးနေရာတစ်ဝိုက်မှ ခြေသံကဲ့သို့အသံများကြားရသဖြင့် မကြာခဏလှည့်ကြည့်ရသည်။

အချို့ခြေသံများမှာ အနားသို့ပင်ရောက်လာသကဲ့သို့ကြားရလေသည်။ လှည့်ကြည့်လိုက်တော့လည်း ဘာမှမတွေ့ရပေ။ သို့ကြောင့် မြေကျင်းကိုဆက်တူးပြန်သည်။

ထိုသို့တူးနေစဉ်မှာ နောက်ထပ်ခြေသံများကြားရပြီး လက်နှိပ်မီးရောင်များကိုသာတွေ့ရတော့သည်။

ခဏကြာတော့ ထိုနေရာရွာသားအချို့နှင့် ပုလိပ်များရောက်လာကြလေတော့သည်။

"သူ့မိန်းမကိုသတ်ပြီး အလောင်းဖျောက်ဖို့လုပ်နေတာ ဒီလူသတ်ကောင်ကိုဖမ်းကြပါ. . "

ရွာသားအချို့က အော်ပြောကြသည်။

ထို့နောက်မှာတော့ ပုလိပ်များက မဟိန္ဒက လက်ထိပ်ခတ်ကာဖမ်းဆီးလိုက်ကြလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# ဗုတ်ဝင်လာသော အလောင်းကောင်များ

ရှေးဟောင်းသုတေသနအဆောက်အအုံမှာ မြို့စွန်တစ်နေရာ၌ရှိလေသည်။

တောင်ကုန်းတစ်ခုပေါ်မှာ တည်ဆောက်ထားပြီး ထိုနေရာတစ်ဝိုက်တွင် သစ်တောများက ဖုံးအုပ်ထားလေသည်။ ခြံဝန်းကျယ်ကြီးတစ်ခုအတွင်း၌ ကြီးမားသောနှစ်ထပ်တိုက်အဆောက်အအုံကြီးတစ်ခုရှိသည်။

အောက်ထပ်မှာရော အပေါ်ထပ်မှာပါ ရှေးဟောင်း



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းများရှိပြီး အပေါ်ထပ်မှာတော့ မှတ်တမ်းများနှင့် ကျမ်း
အုပ်များကို စနစ်တကျထားလေသည်။

ထိုအဆောက်အအုံနှင့် မနီးမဝေးမှာတော့ သုတေသ
တာဝန်ထမ်းဆောင်နေသောသူများ နေထိုင်ရန် တစ်ထပ်တိုက်
ကလေးများလည်းရှိသည်။

ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်ကတော့ တ
နေရာစီမှာမနေကြဘဲ တိုက်တစ်လုံးထဲမှာပင် စုနေကြသည်
သူတို့သုံးယောက်မှာ ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှ
ကျော်စွာတို့ဖြစ်ကြသည်။

ဒေါက်တာမင်းထင်ကျော်မှာ ရှေးဟောင်းသုတေသ
အလုပ်များကို များစွာစိတ်ဝင်စားမှုရှိသော်လည်း အစိုးရဌာနမှ
၌ ဝင်ရောက်လုပ်ကိုင်ခြင်းတော့မရှိပေ။

သူသည် လွတ်လွတ်လပ်လပ်နှင့် ဝါသနာပါသော ဒ
လုပ်များကို လုပ်ချင်သူဖြစ်ရာ တာဝန်ဝတ္တရားများဖြင့် ချုပ်ကို
ထားသောအလုပ်မျိုးကို စိတ်မဝင်စားလှပေ။

ယခုအခါမှာတော့ ဦးဗန်ကောင်းနှင့် ကျော်စွာတို့နှ
အတူ ဥတ္တရမြို့ရှေးဟောင်းသုတေသနဌာနတွင် ဝင်ရောက်လု
ကိုင်လျက်ရှိနေသည်။

ဒါကလည်း အကြောင်းမဲ့လုပ်နေခြင်းတော့မဟုတ်ပေ
သူ့အတွက် အကျိုးရှိစေနိုင်သော ရည်ရွယ်ချက်တစ်ခုဖြင့် လာ
ရောက်လုပ်ကိုင်နေခြင်းဖြစ်၏။

သုံးယောက်သား တာဝန်တစ်ခုစီဖြင့် လုပ်ကိုင်နေကြ





သော်လည်း အလုပ်နားသောအချိန်များမှာတော့ မိမိတို့ရှာရှိထား
သောအတွေ့အကြုံများကို ပြောဆိုဆွေးနွေးကြလေသည်။

ယခုလည်း ညနေပိုင်းအချိန် အလုပ်နားချိန်ဖြစ်သော
ကြောင့် သုံးယောက်သား ဧည့်ခန်းမှာထိုင်ရင်း စကားပြောနေကြ
သည်။

"မောင်ထင်ကျော်. . တလောက သတင်းတစ်ခု ကြား
လိုက်မိတယ်မဟုတ်လား"

"ဘယ်သတင်းလဲ အဘ. ."

"မိစ္ဆာဂိုဏ်းဝင်တစ်ယောက်ကို အမျိုးသမီးတစ်ယောက်
က သတ်သွားတဲ့သတင်းလေ. ."

"ကြားလိုက်မိပါတယ်. ."

"ကျုပ်သိသမျှတော့ ကာလီနတ်ဘုရားမရဲ့ မိစ္ဆာဂိုဏ်း
ဝင်တွေကသာ လူတွေကို သတ်ဖြတ်လေ့ရှိကြတယ်၊ ဂိုဏ်းဝင်
တစ်ဦးတိုင်းဟာ အနည်းဆုံးတော့ လူသုံးယောက်သတ်ဖူးပြီး
အများဆုံး ထောင်ဂဏန်းလောက်အထိ သတ်ဖြတ်ခဲ့ကြတယ်
မဟုတ်လား. ."

"မှန်ပါတယ်. ."

"သူတို့ဂိုဏ်းသားတွေကသာ လူတွေကိုသတ်ခဲ့ပေမယ့်
သူတို့အသတ်ခံရတယ်ဆိုတာ သိပ်မကြားခဲ့ရဘူးမဟုတ်လား"

ထိုအခါ ကျော်စွာက ဝင်ပြောသည်။

"(၁၈၃၅)ခုနှစ်လောက်တုန်းက လပ်ခ်နောင်းမြို့တစ်မြို့
ထဲမှာတင် မိစ္ဆာဂိုဏ်းဝင် ငါးရာကျော် သတ်သင်ပစ်ခဲ့တယ်



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား. ."

"ဒါက သူတို့မှာအပြစ်ရှိလို့ အစိုးရကသေဒဏ်ပေး
သေကြရတာတွေပဲ၊ ငါပြောတာက တခြားသူလက်ချက်ကြော
သေရတာမျိုးပြောတာ. . မောင်ကျော်စွာရဲ့. ."

ကျော်စွာလည်း ဆက်မပြောတော့ဘဲ စားပွဲပေါ်မှ ေ
ဖီပန်းကန်ကို ယူသောက်နေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ကပ္ပိတန်စီးက
ကို စိမ်ပြေနပြေဖွာရင်းမှ လေးလေးနက်နက် စဉ်းစားနေဟ
သည်။

"အဘ ပြောသလိုပါပဲ. . မိစ္ဆာဂိုဏ်းသားတစ်ယော
အသတ်ခံရတယ်ဆိုတာကတော့ စိတ်ဝင်စားဖို့ကောင်းပါတ
ကျွန်တော်လေ့လာမိခဲ့တဲ့ မှတ်တမ်းတွေအရဆိုရင်တော့ သ
တစ်တွေဟာ လူသတ်မှုတွေအမြောက်အမြား ကျူးလွန်ခဲ့ကြ
မယ့် အတော်ကလေးပိရိသေသပ်ကြလို့ နှစ်ပေါင်းအတော်က
တဲ့အထိ ဘယ်သူမှမရိပ်မိခဲ့ကြဘူး. . ."

"မှန်ပါတယ်. ."

"အဲဒီလိုပိရိခဲ့လို့လည်း သူတို့ဂိုဏ်းသားတွေ အသတ်
ရတယ်ဆိုတာလည်း မကြားမိခဲ့ဘူး၊ အခုဒီမှာ မိစ္ဆာဂိုဏ်းသာ
တစ်ယောက် ပြန်ပြီးအသတ်ခံရတယ်ဆိုတော့ ထူးဆန်းသ
တော့ ဖြစ်နေတာပေါ့. ."

"အသတ်ခံရတဲ့သူကရော မိစ္ဆာဂိုဏ်းဝင်အစစ်အမှ
တစ်ယောက်ရော ဟုတ်ပါ့မလားဆရာ. ."





ကျော်စွာကမေးသည်။

"ဖြစ်နိုင်ပါတယ်. . ၊ အသတ်ခံရတဲ့သူကို စစ်ဆေးကြည့်
ာ သူ့ခန္ဓာကိုယ်ရဲ့တစ်နေရာမှာ မိစ္ဆာဂိုဏ်းဝင်အမှတ်အ
း တွေ့ကြရတယ်၊ ကျန်တဲ့သူတစ်ယောက်ကတော့. . . ဒီ
ာက်အန္တရာယ်များတဲ့ကိစ္စမျိုးကို အတုလုပ်ဝံ့ကြမှာ မဟုတ်ပါ
"

"အင်း. . ဒါလည်းဟုတ်ပေတာပဲ၊ ဂိုဏ်းသားမဟုတ်ဘဲ
အမှတ်အသားပြုလုပ်ထားမိလို့ စုံထောက်နဲ့ပုလိပ်တွေ မြင်
ရင် အဖမ်းခံရဦးမှာဆိုတော့ ဘယ်သူမှလုပ်ဝံ့ကြမယ် မထင်
"

ဒေါက်တာမင်းထင်ကျော်က အနည်းငယ်တိုသွားသော
ာရက်ကို ပြာခွက်ထဲသို့ထည့်လိုက်ပြီး ကော်ဖီပန်းကန်ကိုယူ
သောက်ပြီးမှ စကားပြန်ဆက်သည်။

"ဒီကိစ္စသာအမှန်ဖြစ်မယ်ဆိုရင် စဉ်းစားစရာနှစ်ချက်
ရှိတော့တယ်၊ တစ်ချက်က ဂိုဏ်းသားအချင်းချင်း မှားပြီးသတ်
တာလား၊ ဒါမှမဟုတ်. . သူတို့လိုပဲ နောက်ထပ်ဂိုဏ်းတစ်ခုရှိနေ
သလားဆိုတာပဲ. ."

"နောက်ထပ်ဂိုဏ်းဆိုတော့ ဘယ်လိုဂိုဏ်းမျိုးဖြစ်နိုင်မ
ာလဲ. ."

ဦးဇပန်ကောင်းက စိတ်ဝင်စားစွာမေးလိုက်သည်။

"အမျိုးသမီးတစ်ယောက်က ရက်စက်ကြမ်းကြုတ်လှတဲ့
မိစ္ဆာဂိုဏ်းသားတစ်ယောက်ကို အလွယ်တကူသတ်သွားနိုင်တို



www.burmeseclassic.com

www.burmeseclassic.com

ထောက်တော့ သာမန်မဟုတ်နိုင်ဘူး၊ ကျွန်တော့်အထင်ပြော[illegible] ရင်တော့ စက္ကောမပညာရှင်တစ်ဦး ဖြစ်ဖို့များတယ်. ."

ထိုစကားကြားသောအခါ ကျွန်နှစ်ယောက်စလုံး[illegible] စိတ်ဝင်စားသွားကြလေသည်။

"ဒီလိုဆိုရင် မောင်ထင်တော့်ယူဆထားတဲ့အတိုင်း [illegible] နေရာတွေမှ စက္ကောမပညာရှင်တွေ ရှိနိုင်တာပေါ့. ."

"ရောမတိုင်းမှာ ဘူတာဝါဟနစက္ကောမအတတ်ပညာ[illegible] တွေ သွားပြီးသင်ခဲ့တဲ့ ဝိမလဟာ အသတ်ခံခဲ့ရတယ်၊ သူသေ[illegible] တော့ ပေါင်မှာရေးထားတဲ့ စက္ကောမအတတ်ပညာတွေကို သူ့ သား'သောမ'က ရခဲ့တယ်. ."

သောမက ရာဇဂြိုဟ်ကိုပြန်ခဲ့တယ်၊ ရာဇဂြိုဟ်ကမှတ[illegible] ဆင့် ပါဋ္ဌလိပုတ်ပြည်မှာ လျှို့ဝှက်စွာသွားနေခဲ့တယ်. ."

"မှန်ပါတယ်. ."

"အသောကမင်းလက်ထက်ရောက်တော့ ဓါတ်တော်[illegible] တိုက်မှာတပ်ထားတဲ့ စက်ယန္တရားတွေကိုဖယ်ရှားဖို့ ရှာတော့ သောမရဲ့ သားစဉ်မြေးဆက်တစ်ဦးဖြစ်တဲ့ သံမလက မင်းကြီးရဲ့ အသပြာထောင်ထုပ်ကိုယူပြီး သူ့ပညာနဲ့ ယန္တရားအရုပ်တွေကို ဖယ်ရှားပေးခဲ့တယ်. ."

"ဒီလိုဖယ်ရှားပေးလို့ သူအသတ်ခံရတာမဟုတ်လား"

"မှန်ပါတယ်. . ဒီသတင်းကို ရောမတိုင်းသားတွေကြား သိတော့ သူ့ကိုသတ်ဖို့ ဖုတ်သွင်းရုပ်ထည့်ထားတဲ့ သံတံတင်းကို လက်ဆောင်ပို့ပေးလိုက်တယ်. ."





"ဒါကတော့ သူ့အပြစ်ကြောင့်သေရတာပဲ. ."

"ဒီလိုတွေးရင်လည်းရပါတယ်၊ ဒီလိုမှ သူအသေခံပြီး [illegible]င့်မပေးခဲ့ရင် ဘယ်သူမှမဖွင့်နိုင်ကြလို့ ဓါတ်တော်တွေအပြင် [ရော]က်မှမဟုတ်ဘူး. ."

ဒီလိုမရောက်ပြန်ရင်လည်း အခုလို အနယ်နယ်အရပ် [illegible]မှာ သာသနာတော်ထွန်းကားလာနိုင်မှာ မဟုတ်ဘူး"

"ဒါလည်း ဟုတ်ပေတာပဲ၊ စောစောကစကားကို ဆက် [ပါ]ဦး. ."

"ရောမတိုင်းကပို့လိုက်တဲ့ သံတံတင်းကိုမြင်တဲ့အခါမှာ သူ့ကိုသတ်ဖို့ပို့လိုက်တဲ့ အန္တရာယ်ပစ္စည်းဆိုတာ သံမလကသိ တယ်၊ ဘုရင်ကိုလျှောက်ထားပေမယ့် ပညာမရှိတဲ့အမတ်တွေ ပြောတဲ့စကားကို ယုံကြည်ပြီး ဘုရင်က ဖွင့်ဖို့အမိန့်ပေးတယ်"

"အင်း. . ရှင်ဘုရင်တွေလည်း ပညာမဲ့တဲ့အမတ်တွေ အနားမှာခေါ်ထားမိရင် ပျက်စီးဆုံးရှုံးမှုတွေနဲ့ ကြုံကြရတာ ရှေး တတည်းက ရှိခဲ့ကြတာပါပဲ. ."

"သံမလက သူသေရတော့မှာကိုသိတော့ အိမ်ကိုပြန် သွားပြီး သူတို့ဘိုးဘွားအဆက်ဆက်စောင့်ရှောက်ခဲ့ကြတဲ့ ကြေး နီသေတ္တာတစ်လုံးကိုပေးပြီး အဝေးမှာသွားရောက်နေထိုင်ဖို့ မှာ ကြားခဲ့တယ်၊ အဲ့ဒီကြေးနီသေတ္တာထဲမှာ စက္ကောမပညာ မှတ် တမ်းတွေရှိတယ်"

"စိတ်ဝင်စားစရာပါပဲ. ."

"သံမလသေသွားပြီးတဲ့နောက်မှာ သက္ကလည်း ဖခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြားထားတဲ့အတိုင်း ပါဠိလိပ်ကနေ ထွက်ပြေးသွားခဲ့တယ် နောက်ပိုင်းတော့ သူဘယ်နေရာရောက်ပြီး ဘယ်လိုဖြစ်တယ်ဆို တာတော့ မှတ်တမ်းမှတ်ရာတွေမတွေ့ရတော့ဘူး၊ ကျွန်တော့် အယူအဆကို ပြောရရင်တော့ သူတို့ရဲ့အဆက်အသွယ်တွေဟာ တစ်နေရာမဟုတ် တစ်နေရာ ရှိနေမှာဖြစ်သလို ဘုတာဝါဟနလို ခေါ်တဲ့ စက္ကောမပညာတွေဟာလည်း သူတို့ရဲ့အဆက်အနွယ် တွေဆီမှာ ရှိနေကြမှာတော့ အသေအချာပါပဲ. . ”

ဟု ပြောပြီး လက်ထဲမှာကိုင်ထားသော ကော်ဖီပန်းကန် ကို စားပွဲပေါ် သို့ ပြန်တင်ထားလိုက်သည်။

“ဆရာပြောတဲ့အတိုင်းဆိုရင် ဒီအိန္ဒိယနိုင်ငံနေရာအနှံ့ အပြားမှာ စက္ကောမအတတ်ပညာတတ်တဲ့ပညာရှင်တွေ တစ်နေ ရာမဟုတ်တစ်နေရာမှာ ရှိနေမှာတော့ သေချာပါတယ်. . ”

ဦးဗန်ကောင်းက လက်ဖက်ရည်ကြမ်းတစ်ပန်းကန်ကို သောက်နေရင်းမှ သူ့တွေးမိသောအယူအဆကိုပြောပြသည်။

“မောင်ထင်ကျော်ပြောတဲ့အယူအဆလည်း ဖြစ်နိုင်ပါ တယ်၊ ဒါပေမယ့်. . ကျုပ်တွေးမိတာတစ်ခုတော့ရှိတယ်. . ”

“ဘာများလည်း အဲဒါရဲ့. . ”

“တခြားတော့မဟုတ်ပါဘူး. . ကာလီနတ်ဘုရားမရဲ့ မိစ္ဆာဂိုဏ်းသားကို သတ်သွားတဲ့သူဟာ စက္ကောမပညာသည်တစ် ဦးမဟုတ်ဘဲ တခြားတစ်ဦးတစ်ယောက်လည်း ဖြစ်နိုင်သေး တယ်”

“ဘယ်လိုလူမျိုးလဲ. . ”





“ဥပမာ ဖုတ်ဝင်နေတဲ့ အလောင်းကောင်တွေကလည်း ပြန်ပြီးအန္တရာယ်ပေးနိုင်တာပဲ၊ ဖုတ်ဝင်နေတဲ့အလောင်းတွေက ပိုပြီးကြောက်စရာကောင်းတယ်. . ”

ဦးဗန်ကောင်းစကားကို ကျွန်နှစ်ယောက်က များစွာ စိတ်ဝင်စားပြီးလက်ခံကြလေသည်။

အဘယ့်ကြောင့်ဆိုသော်. . .

ဖုတ်ကောင်များက အသက်ဝင်လာပြီး လူတို့ကိုအန္တ ရာယ်ပေးတတ်သောအကြောင်းများကိုလည်း တွေ့ကြုံကြဖူး သောကြောင့်ပင်ဖြစ်၏။

အင်ဒိုနီးရှားနိုင်ငံအဝှမ်း၌ နှစ်ပေါင်းများစွာကတည်းက ထိုကဲ့သို့သောထူးခြားဆန်းကြယ်လှသည့် အကြောင်းအရာများ ရှိခဲ့လေသည်။

တောနက်အတွင်း၌ရှိသော ကျေးရွာများတွင်အသုံးပြု သောသင်္ချိုင်းများတွင် အချို့မြေမြှုပ်နှံထားသောအလောင်းများ မှာ မပုပ်မသိုးဘဲ ဒီအတိုင်းပင်ရှိနေကြသည်။

မမီရုပ်အလောင်းများကဲ့သို့ ကျပ်စည်းထားခြင်းမျိုး မဟုတ်ပါဘဲနှင့် လပေါင်းများစွာကြာသည်အထိ မြှုပ်ထားသော အလောင်းတို့မှာ မပျက်စီးဘဲ မူလအတိုင်းရှိကြသည်။

ရှေးအခါကဆိုလျှင် လူတစ်ယောက်သည် အခြားတစ် နေရာ၌ သေဆုံးသွားပါက မိမိဇာတိရပ်ရွာ၊ သူနေသောနေရာ မှ အသုဘကိစ္စအတွက် ဆောင်ရွက်ပေးမည့်သူများရှိရာသို့ သူ့ ဘာသာပြန်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုကဲ့သို့ပြန်လာနိုင်ခြင်းမှာ သေဆုံးသွားသူကို အခြား ဝိညာဉ်တစ်ခုက ပူးကပ်ပြီး (တစ်နည်းပြောရလျှင်တော့ ဖုတ်ဝင် နေတာဖြစ်သည်) ၎င်းနေရာရောက်အောင် ပြန်ပို့ပေးခြင်းလည်း ဖြစ်သည်။

အချို့ဝေးလံသောနေရာများမှပင် ၎င်းတို့နေသော နေရာရောက်အောင် ဖြောင့်ဖြောင့်တန်းတန်းရောက်အောင်ပြန်လာ နိုင်ကြသည်။

သေဆုံးသွားပြီးသောသူသည် မိဘဆွေမျိုးသားချင်းများ ရှိရာ ပြန်ရောက်လာပါက ကျန်ရစ်သူများက ဘဝကူးကောင်း အောင် ဝိုင်းဝန်းကူညီ လမ်းပြပေးကြရသည်။

သေဆုံးသွားပြီးသူတစ်ယောက်က မိမိတို့နေအိမ်သို့ ပြန် လာပုံကတော့. . . အခြားအသက်ရှင်နေသူ သွားလာသကဲ့သို့ မဟုတ်ပါဘဲ တစ်မူထူးခြားသည်။

၎င်းမျက်နှာသည် သံပတ်ပေးထားသောစက်ရုပ်တစ် လုပ်ကဲ့သို့. . ခံစားချက်တစ်စုံတစ်ရာကိုမဖော်ပြဘဲ ၎င်းအိမ် ရောက်သည်အထိ တောင့်တောင့်ကြီးလမ်းလျှောက်ပြန်လာခြင်း ဖြစ်၏။

ထိုသို့ပြန်လာသောအချိန်တွင် လမ်းမှာတွေ့သောအသိ မိတ်ဆွေတစ်ဦးတစ်ယောက်က သေသူ၏နာမည်ကိုခေါ်ပြီးနှုတ် ဆက်လိုက်မိပါက လျှောက်လာသူမှာ ရှေ့ဆက်သွားမရတော့ဘဲ ထိုနေရာမှာပင် ဗိုင်းခနဲလဲကျသွားကာ လူသေတစ်ဦးကဲ့သို့ ဖြစ် သွားလေတော့သည်။





ထိုအရပ်ဒေသတွင် သေသူတစ်ယောက်က ၎င်းနေ အိမ်သို့ပြန်လာသည်ကိုမြင်လျှင် အနှောင့်အယှက်မပေးကြဘဲ ဝိုင်းဝန်းအကူအညီပေးကြရသည်။

ဖုတ်ဝင်ပြီးလမ်းလျှောက်လာသူနှင့် မနီးမဝေးမှလိုက် လာပြီး အခြားသူများက သေသူ၏အမည်ကို လှမ်းမခေါ်မိကြ စေရန် ကြိုတင်သတိပေးကာ စောင့်ရှောက်ပေးကြရခြင်းဖြစ်၏။

ထို့ပြင်. .

သေဆုံးပြီးနောက် ဖုတ်ဝင်လျက်ပြန်ဝင်လာသူသည် လည်း ၎င်းကိုအခြားသူများ မတွေ့နိုင်၊ မမြင်နိုင်သော တော လမ်းတောင်လမ်းမှ ရှောင်ပြီးပြန်လာလေ့ရှိသည်။

ထိုကဲ့သို့ ဖုတ်ဝင်နေသောသူ မိမိနေရာသို့ပြန်ရောက် လာသောအခါ ကျန်ရစ်ခဲ့သောဆွေမျိုးများက ချက်ချင်းမသ ဂြိုဟ်နိုင်သေးပါက ယာယီခေါင်းတလားများမှာ ထည့်ပြီး ထား ကြသည်။

နာရေးကိစ္စဆောင်ရွက်ပေးရန် စရိတ်ပြည့်စုံတော့မှ အလောင်းကို ယာယီခေါင်းတလားအတွင်းမှ ထုတ်ပြီး သတ်မှတ် ထားသောနေရာသို့ ခေါ်သွားပြီး သင်္ဂြိုဟ်ပေးကြရသည်။

ထိုကဲ့သို့အချိန်မတိုင်ခင်အချိန်အတွင်း ယာယီခေါင်းတ လားအတွင်းမှာထားသော အလောင်းကောင်မှာ ပုပ်သိုးပျက်စီး သွားခြင်းမရှိပေ။

နာရေးကိစ္စအခမ်းအနားတွင် အသုံးပြုမည့်စရိတ်များ ပြည့်စုံသောအခါ အဆင်သင့်ပြင်ဆင်ပြီး ယာယီခေါင်းတလား


www.burmeseclassic.com

www.burmeseclassic.com

အတွင်းမှာထည့်ထားသော အလောင်းကောင်ကို ပြန်ထုတ်ကြရသည်။

ထိုသို့ပြုလုပ်ရာမှာလည်း သေဆုံးနေသူကိုအသိပေးလိုက်ရုံနှင့် အလောင်းက ယာယီအခေါင်းအတွင်းမှ ပြန်ထလာလေသည်။

ထိုအခါ သူနှင့်သက်ဆိုင်သော အဝတ်အစားများကို ဝတ်ဆင်ပေးပြီး သင်္ဂြိုဟ်မည့်နေရာသို့ ခေါ်သွားသောအခါ အခြားသူများက ကူစရာမလိုဘဲ. . . သူ့ဘာသာနောက်မှ လမ်းလျှောက်ပြီး လိုက်လာခြင်းဖြစ်သည်။

သတ်မှတ်ထားသောနေရာသို့ ရောက်သောအခါ ထိုအလောင်းကို ခေါင်းတလားအတွင်းသို့ထည့်ပြီးနောက် သင်္ဂြိုဟ်လိုက်ကြသည်။

ဇင်းအရပ်ဒေသမှာ အလောင်းကို ခေါင်းတလားအတွင်းထည့်ပြီး တစ်နေရာမှာချိတ်ဆွဲထားကြခြင်း ဖြစ်၏။ ထိုကဲ့သို့ပြုလုပ်ကြခြင်းမှာ သေသူသည် သူသွားရမည့် ဝိညာဉ်လမ်းကို ကောင်းစွာမြင်နိုင်ရန်အတွက် အမြင့်၌တင်ထားခြင်း၊ ချိတ်ထားခြင်းဖြစ်သည်။

ထိုအရပ်ဒေသမှလူများသည် ကလေးငယ်ကလေးများ (မွေးကာစကလေးများ) သေဆုံးသွားသောခါ အခြားနေရာမှာ မသင်္ဂြိုဟ်ဘဲ သစ်ခေါင်းများအတွင်းထည့်ပြီး အမှတ်အသားပြုကာ သစ်ခေါင်းကို ပိတ်ထားကြလေသည်။

သူတို့အယူအဆကတော့ ထိုသစ်ပင်ရှင်သန်နေသရွေ့





ကလေးငယ်၏ဝိညာဉ်လည်း ရှင်သန်နေမည်ဟု ယူဆထားသောကြောင့်ဖြစ်သည်။

အခြားတစ်နေရာ၌ သေဆုံးသွားပြီး မိမိနေရာရောက်အောင်လမ်းလျှောက်ပြန်လာသော ဖုတ်ဝင်နေသူနှင့်တွေ့ပါက အကူအညီ မပေးနိုင်လျှင်သော်မှ အနှောင့်အယှက် မပေးကြရပေ။

ထိုကဲ့သို့အနှောင့်အယှက်ပေးမိသောကြောင့် တစ်စုံတစ်ခုဖြစ်သွားပါက ထိုနှောင့်ယှက်သူကို ဖုတ်ကောင်များက ရန်သူလိုသဘောထားကာ အမြဲတစေ အနှောင့်အယှက်ပေးတတ်ကြလေသည်။

"တကယ်တော့ ဖုတ်ဝင်နေတဲ့အလောင်းကောင်တွေဟာ မူလဝိညာဉ်မရှိတော့တဲ့ အခြားဝိညာဉ်တစ်ခုခုက သူ့ရဲ့ကိုယ်ထဲမှာဝင်နေတာဆိုတော့ အန္တရာယ်ပေးမယ်ဆိုရင်လည်း ပေးနိုင်တာပါပဲ. . ."

ဒေါက်တာမင်းထင်ကျော်က ပြောလိုက်သည်။

"ကာလီနတ်ဘုရားမ ဂိုဏ်းသားတွေဆိုရင်လည်း လူသတ်တော့မယ်ဆိုရင် ပင်ကိုယ်စိတ် ပျောက်နေတတ်ကြတယ်၊ သတ်ပြီးမှ သတိပြန်ရလာကြတယ်၊ ဒါလည်း ဖုတ်ဝင်တာတစ်မျိုးပဲပေါ့. ."

"ဒါထက်. . ဟိုတလောက ထူးထူးခြားခြားလူသတ်မှုသတင်းတစ်ခု ကြားလိုက်မိတယ်၊ သားသတ်သမားတစ်ယောက်က ကိုယ်ဝန်ရှိနေတဲ့သူ့မိန်းမကို အိပ်ပျော်နေတုန်း လည်ပင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သတ်ရုံတင်မကဘူး . . ဗိုက်ထဲက ကလေးကိုပါ ဆွဲထုတ်ပြီး အပိုင်းပိုင်းအတစ်တစ်ဖြစ်အောင် ခုတ်သတ်ပစ်တယ်လို့ကြား လိုက်တယ် . . လူစိတ်ရှိရဲ့လားတောင်မသိဘူး . . ”

ကျော်စွာကပြောသည်။

“အဲဒါပြောတာပေါ့ . . အင်ဒိုနီးရှားဘက်မှာ ဖုတ်ဝင် တယ်ဆိုတာ သေသွားပြီးတဲ့သူကိုပဲဝင်တာ၊ မိစ္ဆာဂိုဏ်းသားတွေ ကတော့ ဘဝမပြောင်းသေးဘဲ စိတ်ပြောင်းသွားပြီး ဖုတ်ကောင် တွေထက်ကြောက်စရာကောင်းတဲ့အလုပ်မျိုးတွေ လုပ်ကြတယ်”

ဦးဇန်ကောင်းစကားကြောင့် ကျန်နှစ်ယောက်က ခေါင်း ညိတ်ပြလိုက်ကြလေသည်။

သူတို့ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း ထိုကဲ့သို့သော ကြောက်စရာကောင်းသော အန္တရာယ်ပေးနိုင်သော ဖုတ်ကောင် များရှိနေသည်မှာတော့ သံသယရှိစရာမလိုပါချေ . . ။







# အခန်း(၇)

# မဟာဂန္ဓာနှင့်မိစ္ဆာစွမ်းအား

ပဏ္ဏဝအကျဉ်းထောင်သည် မြို့၏အနောက်ပိုင်းတစ် နေရာ၌ရှိလေသည်။ ထိုအကျဉ်းထောင်သည် ဥတ္တရမြို့၏ တစ်ခု တည်းသော အကျဉ်းထောင်ဖြစ်ပြီး ထောင်ကျပြီးသူများရော အချုပ်သားများပါ စုပေါင်းထားလေသည်။

အကျဉ်းထောင်မှာ အတော်ကျယ်ဝန်းပြီး လေးဘက် လေးတန်ကို အုတ်ရိုးကြီးများဖြင့် ကာရံထားသည်။

လေးဘက်လေးတန် ထောင့်များတွင် အစောင့်များနေ



www.burmeseclassic.com

www.burmeseclassic.com



သော အဆောင်ငယ်များရှိသည်။

အလယ်မှာတော့ အကျဉ်းသားများထားသော အ
ဆောင်များရှိသည်။ အတော်များများတော့ သစ်သားဖြင့်ပြုလုပ်
ထားသော အဆောင်များဖြစ်သည်။

လေးထောင့်ပုံသဏ္ဍာန် ပြုလုပ်ထားသော အဆောင်
များအလယ်တွင် အကျဉ်းသားများ စိုက်ပျိုးထားသော သီးနှံစိုက်
ခင်းများရှိသည်။

ဇလပ်၊ မုန်ညင်း၊ မုန်လာ၊ ခရမ်းပင်စသော အပင်ငယ်
များရှိသည်။ ကျင်ငယ်ရေနှင့်. . ရေနှင့်ရောပြီး လောင်းထား
သောကြောင့် သီးနှံပင်တို့မှာ အခြားမြေဩဇာမထည့်ဘဲ
ရှင်သန်ကြီးထွားလျက်ရှိသည်။

ထောင်မှူးများက ထိုစိုက်ခင်းများမှရသော အသီးအနှံ
များကို အကျဉ်းသားများကို ချက်ပြုတ်ကျွေးမွေးလေသည်။

သာမန်အကျဉ်းသားများထားသော အဆောင်များနှင့်
အတန်ငယ်ဝေးသော နေရာများတွင် အုတ်တိုက်ငယ်ကလေး
အချို့ ရှိသည်။ တိုက်ပိတ်အပြစ်ပေးခံရသူများကို ထိုအုတ်တိုက်
ကလေးများမှာ ထားသည်။

ထိုနေရာနှင့် မနီးမဝေးမှာတော့ အလျားလိုက်ဆောက်
ထားသော အုတ်တိုက်တစ်ဆောင်ရှိလေသည်။

ထိုအုတ်တိုက်တစ်ခုလုံးကို ဆေးအနီရောင်များသုတ်
ထားသောကြောင့် 'တိုက်နီဆောင်' ဟုခေါ်ကြသည်။

ထိုတိုက်နီဆောင်မှာတော့ ပြစ်ဒဏ်မချမှတ်ရသေး





သော အချုပ်သားများနှင့် သီးသန့်အကျဉ်းသားများကို ထားလေ
သည်။ တိုက်နီဆောင်ထဲမှာထားသော အချုပ်သားနှင့်အကျဉ်း
သားများမှာ ပြစ်မှုကြီးမားသူများဖြစ်သည်။

ထိုအကျဉ်းထောင်အတွင်း၌ သီခြားထားသောအချုပ်
ဆောင်တစ်ခုလည်းရှိသည်။

ထိုအချုပ်ဆောင်၏ မျက်နှာစာနံရံပေါ်မှာ စာများရေး
ထားလေသည်။ ရုတ်တရက်ကြည့်ပါက အဖြူရောင်နံရံပေါ်မှာ
အနီရောင်ဆေးဖြင့် ကနုတ်ပန်းများရေးခြယ်ထားသဲ့သို့ ထင်ရ
လေသည်။ သို့သော်. . . မဟုတ်ပေ။

ထိုနံရံပေါ်မှာရေးထားသောအရာများက စာလုံးများဖြစ်
လေသည်။

ဂါထာ၊ မန္တန်များကို အချုပ်ဝန်းတံခါးပေါက်ဝမှာ အိန္ဒိ
ယဘာသာဖြင့် ရေးထားခြင်းဖြစ်လေသည်။

ထိုအချုပ်ခန်းထဲမှာထားသော အကျဉ်းသားများမှာ
မှော်ဆရာနှင့်ပတ်သက်သည့် အကျဉ်းသားများဖြစ်ကြလေသည်။

ထိုကဲ့သို့ဂါထာမန္တန်များ ရေးထားသောရည်ရွယ်ချက်
မှာ မှော်ဆရာစွမ်းအားရှိသောအကျဉ်းသားများထားပါက ထိုစွမ်းအား
တို့သုံးပြီး အပြင်မထွက်စေနိုင်ရန်နှင့် ပြင်ပမှာရှိသော မှော်ဆရာများ
လည်း အထဲသို့မဝင်စေနိုင်ရန်အတွက်. . . အခန်းပေါက်ဝမှာ
ဂါထာမန္တန်များ ရေးထားခြင်းဖြစ်သည်။

ထိုအကျဉ်းခန်းထဲမှာတော့ အကျဉ်းသားတစ်ယောက်
ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားသူမဟုတ်ပေ. .။

မိန်းမဖြစ်သူကို သတ်ဖြတ်မိခဲ့သော သားသတ်သမာ

မဟိန္ဒပင်ဖြစ်သည်။

မဟိန္ဒသည် အကျဉ်းခန်းထဲရောက်နေသည့်အချိန်မှ

ပြီး ပုံမှန်စိတ် ပြန်ရနေပြီဖြစ်၏။

သူသည် သူပြုလုပ်ခဲ့သောအမှားများကို ပြန်သတိရပြီ

နောင်တရနေလေသည်။

အခန်းထဲမှာ ကျောက်ပြားတစ်ချပ်သာ ခင်းပေးထားပြီ

အခြားဘာမှမရှိပေ။

မဟိန္ဒသည် ထိုကျောက်ပြားချပ်ပေါ်မှာ စိတ်ပျက်လက်

ပျက်ထိုင်ရင်း ညည်းတွားရေရွတ်လျက်ရှိလေသည်။

"ငါမှားပြီ. . ငါအတော်ကိုမိုက်မဲတာပဲ၊ အပြစ်မရှိတဲ့

မိန်းမနဲ့ကလေးကို သတ်မိတာက ငါ့ရဲ့အမှားပဲ၊ ငါ့လောက်မိုက်

တဲ့လူ ရှိပါတော့မလား. . ဆာရာ. . ဆာရာ. ."

သူ့မိန်းမ. . ဆာရာအမည်ကိုလည်း အဆက်မပြတ်

ရေရွတ်နေလေသည်။

"ဆာရာ. . ဆာရာ"

ထိုကဲ့သို့ရေရွတ်နေစဉ်မှာပင် နောက်ဘက်မှညည်းတွား

သံလိုလို ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ သေဆုံးသွား

ပြီဖြစ်သောဆာရာကို တွေ့ရသည်။

ခေါင်းပြတ်နေသောကြောင့် ပြတ်နေသောဦးခေါင်းကို

လက်တစ်ဖက်မှဆွဲထားရင်း လည်ပင်းပြတ်ကြီးနှင့် ရပ်နေသည်





ကို တွေ့လိုက်ရခြင်းဖြစ်သည်။

ခဏကြာတော့ ဖျတ်ခနဲပြန်ပျောက်သွားသည်။

"ငါ့ကိုခွင့်လွှတ်ပါဆာရာရယ်. . ငါမှားခဲ့ပါတယ်၊ အခု

တော့ နင့်ကိုဘယ်လိုနည်းနဲ့မှ အသက်ရှင်အောင် ငါလုပ်မပေး

နိုင်တော့ပါဘူး. ."

ဟု ရေရွတ်နေသည်။

"နတ်ဘုရားမ. . သင့်ကို ယုံကြည်ကိုးကွယ်ခဲ့တဲ့ငါ့ကို

ဘာကြောင့် ဒီလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရအောင် လုပ်ရတာလဲ၊

အခု ငါက အကျဉ်းခန်းထဲရောက်နေတာကိုလည်း လွတ်မြောက်

အောင် အကူအညီမပေးနိုင်ဘူး မဟုတ်လား၊ သင့်ကိုယုံကြည်

ကိုးကွယ်မိတာ ဘာများအကျိုးရစေပါသလဲ"

ဟုလည်း မကျေမနပ်ဖြင့် ရေရွတ်ပြောဆိုနေသည်။ သူ

သည် ညဉ့်နက်ပိုင်းရောက်သည်အထိ မျက်နှာစာတစ်ခုစာသာ

ရှိသောအပေါက်မှ အပြင်သို့ကြည့်ရင်း. .

"ဆာရာ. . ဆာရာ. . ."

ဟု ရေရွတ်နေလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ အခန်းနံရံတစ်

နေရာမှ စကားသံတစ်သံကို ကြားရလေသည်။

"အခုလို ပူဆွေးညည်းတွားနေလို့ ဘာများအကျိုးရှိလာ

မှာလဲ၊ ဒီအခန်းထဲကလွတ်မြောက်ချင်ရင် သင်ကိုယ်တိုင်ကြိုးစား

မှရမှာပေါ့. ."

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရသောစကားသံမှာ အသက်အရွယ်ကြီ
သော ယောကျာ်းတစ်ယောက်၏ စကားသံမျိုးဖြစ်သည်။

လှည့်ကြည့်တော့လည်း အခန်းထဲမှာ သူတစ်ယော
တည်းသာရှိသည်။

မည်သူမှမတွေ့ရပေ။

ပထမတော့ သူ့စိတ်ထဲမှထင်နေ၍ ကြားနေရခြင်းဖြ
သည်ဟု ထင်လိုက်မိသည်။

ခဏကြာတော့ စကားပြောသံကို ထပ်ကြားရပြန်သည်

"ကာလီနတ်ဘုရားမရဲ့တပည့်တွေဟာ ဒီလို စိတ်ဓါတ်
ပျော့ညံ့နေလို့ မဖြစ်ဘူး၊ သင်က လူတစ်ယောက်ရဲ့အသက်
ကာလီနတ်ဘုရားမကို ပူဇော်ခဲ့ပြီးပြီမဟုတ်လား၊ သင့်အတွ
လိုအပ်တဲ့အကူအညီတွေကို ပေးရမှာပေါ့. ."

ဘာပဲဖြစ်ဖြစ် မျှော်လင့်ချက်မဲ့နေသော အခြေအနေမျိ
တွင် ထိုကဲ့သို့သော စကားမျိုးကိုကြားရသဖြင့် အနည်းငယ် အာ
ရှိလာသလို ခံစားရသည်။

သူသည် စိတ်အားထက်သန်စွာဖြင့် အသံကြားရာသ
ကြည့်လိုက်သည်။

လူနှစ်ရပ်ခန့်မြင့်သောနေရာတွင် သံတိုင်များစိုက်ထာ
သောအပေါက်တစ်ပေါက်ရှိသည်။

ထိုအပေါက်ရှိရာမှ ထူးထူးခြားခြား အလင်းရောင်အ
ဝင်နေလေသည်။ နေရောင်ခြည်များ တိုးဝင်လာသကဲ့သို့ ထ
ထင်ရှားရှား လှမ်းမြင်နေရခြင်းဖြစ်သည်။





အခန်းပေါက်မှတိုးဝင်နေသော အလင်းရောင်တန်းထဲ
မှာ လူတစ်ယောက်ရဲ့ပုံရိပ်သဏ္ဌာန်တစ်ခုကိုလည်း ဝိုးတဝါးမြင်
နေရသည်။

ထိုသဏ္ဌာန်သည် မီးခိုးငွေ့များသဏ္ဌာန် ပေါ်လာလိုက်၊
ပျောက်သွားလိုက်ဖြစ်နေသည်။

"ဒီအချုပ်ခန်းထဲက လွတ်မြောက်ချင်ရင် အခြားသူတွေ
က လုပ်ပေးလို့မရဘူး၊ မင်းကိုယ်တိုင် ကြိုးစားအားထုတ်မှရမယ်"

စကားသံက ပြန်ပေါ်လာသည်။

"ဘယ်လိုလုပ်ရမှာလဲ. ."

ဒီတစ်ခါတော့ မဟိန္ဒက အရဲစွန့်ပြီး မေးလိုက်သည်။

"မင်းကိုယ်ထဲကို မိစ္ဆာစွမ်းအားတွေ ရောက်လာအောင်
အရင်လေ့ကျင့်ယူရမယ်"

"ကျုပ်. . အဲ့ဒါတွေမလုပ်တတ်ဘူး"

"မင်းလုပ်မယ်ဆိုရင် ငါလာပြီးပေးမယ်"

ဟု ပြောပြီး အသံပျောက်သွားသည်။

ပြတင်းပေါက်မှာမြင်နေရသော အလင်းရောင်လည်း
မှေးမှိန်ပျောက်ကွယ်သွားလေသည်။

မဟိန္ဒက ဇဝေဇဝါဖြင့် နောက်ဘက်သို့ပြန်လှည့်လိုက်
စဉ် အခန်းထောင့်မှာထိုင်နေသော ဆာဒူးတစ်ယောက်ကိုတွေ့ရ
လေသည်။

"ဟင်. ."

ဆာဒူးကြီးမှာ အသက်အရွယ်ကြီးလှပြီး တစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com

အဝတ်မည်းဖြင့် ပတ်ခြုံထားလေသည်။

သူက နေရာမှထလာပြီး မျက်နှာချင်းကပ်ကာ တိုးတိုး မေးသည်။

"မင်း. . ဒီအခန်းထဲက ထွက်ချင်တယ်မဟုတ်လား"

မဟိန္ဒက ခေါင်းညိတ်ပြလိုက်သည်။

"မင်း မိစ္ဆာစွမ်းအားရအောင် လုပ်ရမယ်"

"ဘယ်လိုလုပ်ရမလဲ"

"ငါသင်ပေးမှာပေါ့. . ငါက မကြာခင်မှာ သေရတော့ မယ်. . ၊ ငါမသေခင် ငါ့ရဲ့မိစ္ဆာစွမ်းအားတွေကို မင်းကိုပေးထား ခဲ့မယ်. ."

"ဘယ်လိုသင်ရမလဲ"

"မင်းကိုယ်ပေါ်က အဝတ်အစားတွေ ချွတ်ပစ်လိုက်ပါ"

မဟိန္ဒလည်း သူကိုယ်ပေါ်မှအဝတ်အစားများကို ဖယ် ရှားပစ်လိုက်သည်။

ဆာဒူးကြီးကလည်း သူ့ကိုယ်ပေါ်မှာပတ်ထားသော အ ဝတ်မည်းကြီးကို ဖယ်ပစ်လိုက်သည်။

ထိုအခါမှ ဆာဒူးကြီး၏ အရိုးပြိုင်းပြိုင်းဖြစ်ပြီး ပိန်လှီလှ သောခန္ဓာကိုယ်ကို မြင်ရသည်။

ထို့နောက်. .

နှစ်ယောက်သားကြမ်းပြင်ပေါ်မှာ မျက်နှာချင်းဆိုင် တင် ပျဉ်ခွေ ထိုင်ကြလေသည်။

ဒူးချင်းထိထားရုံမက လက်ငါးနှစ်ဖက်ချင်းလည်း အပ်





ထားလေသည်။

"ငါ့မျက်လုံးကိုကြည့်ပြီး ငါသင်ပေးတဲ့ ဂါထာမန္တန်တွေ ကို လိုက်ဆိုပါ. ."

ဟု ပြောပြီး ဂါထာမန္တန်များကိုသင်ပေးလေသည်။

ထိုကဲ့သို့သင်ပေးရာမှာ တစ်ညလုံးမအိပ်မနေ သင်ရ ခြင်း ဖြစ်လေသည်။

နေ့အချိန်ဆိုလျှင်တော့ ဆာဒူးကြီးကို မတွေ့ရပေ။ ထို အခါ မဟိန္ဒလည်း စားစရာရှိတာစားပြီး တစ်နေကုန်အိပ်လေ တော့သည်။

ညအချိန်ရောက်လာလျှင် ဆာဒူးကြီးရောက်လာပြီး ဂါ ထာမန္တန်များကို လာရောက်သင်ပေးပြန်သည်။

တစ်ရက်ပြီးတစ်ရက် သင်ပေးနေရာ တစ်နေ့ထက်တစ် နေ့ ဆာဒူးကြီးမှာ အားအင်ချည့်နဲ့လျက် ပိန်ချုံးကျလာပြီး တစ် ခါတစ်ရံ ရွတ်ဆိုနေသောအသံများပင် မထွက်တစ်ချက်၊ ထွက် တစ်ချက်ဖြစ်လာသည်။

မဟိန္ဒကတော့ တစ်နေ့တစ်ခြား ကိုယ်ခန္ဓာထဲမှာ အား အင်များပြည့်လာသကဲ့သို့ ခံစားရလေသည်။ ခြောက်ရက်မြောက် သောနေ့တွင် ဆာဒူးကြီးကပြောသည်။

"မနက်ဖြန်ဆိုရင် ခုနစ်ရက်ပြည့်ပြီ၊ ငါလည်း မနေရ တော့ဘူး၊ ဒီတော့ မိစ္ဆာစွမ်းအားတွေ ပြည့်လာရင် မင်း ဒီအခန်း ထဲကထွက်ပြီး ကိုယ့်လမ်းကိုယ်လျှောက်ပေတော့"

"ဘယ်လိုထွက်ရမလဲ"


www.burmeseclassic.com

www.burmeseclassic.com

"သူတို့ဝင်သလိုဝင်ပြီး. . သူတို့ထွက်သလို ထွက်ရမှာပေါ့. . ၊ ဟိုဘက်နံရံကိုကြည့်လိုက်ပါ. . "

ဟု ပြောပြီး အမှောင်ရိပ်ကျနေသော နံရံကိုလက်ညှိုးထိုးပြလိုက်သည်။

ခဏကြာတော့ ထိုနေရာဘက်မှ မကောင်းဆိုးဝါးများ၏ အော်ဟစ်ညည်းညူသံများကဲ့သို့ ဆူးဆူးဝါးဝါးအသံများကြားရလေသည်။

ကြည့်နေရင်းမှာပင် နံရံမှအမည်းရောင်မီးခိုးငွေ့များ စိမ့်ဝင်လာသည်။

ထိုမီးခိုးငွေ့များသည် ပိုက်တစ်ခုဖြင့် မှုတ်သွင်းလိုက်သကဲ့သို့ တဖြည်းဖြည်းများလာသည်။ အခန်းထဲရောက်လာတော့ မီးခိုးငွေ့များသည် ကြောက်စရာကောင်းသော ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လှုပ်ရှားနေပြီး အတန်ကြာသောအခါ ထိုနံရံမှပင် စိမ့်ပြီး အပြင်သို့ ပြန်ထွက်သွားကြလေသည်။

ခဏကြာတော့ အခန်းတွင်းမှာ ဘာမှမကျန်တော့ပေ။ ကြားနေရသော ဝူးဝူးဝါးဝါးအသံတို့လည်း ပျောက်သွားကြလေသည်။

"မြင်တယ်မဟုတ်လား. . မင်းလည်း မိစ္ဆာစွမ်းအားတွေ ရလာရင် မင်းခန္ဓာကိုယ်ထဲမှာ ပြည့်လာရင်. . သူတို့လိုပဲ အတားအဆီးမှန်သမျှကို ကျော်ဖြတ်ပြီးတော့ လိုချင်တဲ့နေရာသွားနိုင်လိမ့်မယ်. . "

မဟိန္ဒစိတ်ထဲမှာ စိတ်ဝင်စားမှု ရှိသွားလေသည်။ ခုနစ်





ညမြောက်သောအချိန်မှာတော့ ဆာဒူးကြီးကပြောသည်။

"ဒီကနေ့ညက ငါ့ရဲ့နောက်ဆုံးအချိန်ကို ရောက်လာပြီ၊ ဒီတော့ မင်းလည်း ငါ့ဆီကမိစ္ဆာစွမ်းအားကို မရရအောင် ယူပေတော့. . . "

ဟု ပြောရာ မဟိန္ဒက စိတ်အားထက်သန်စွာဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက်မှာတော့ ဒူးချင်းထိ၊ လက်ဝါးချင်းအပ်ကာ ဂါထာမန္တန်များကိုရွတ်ဖတ်လေရာ မဟိန္ဒလည်းထိုဂါထာမန္တန်များကို အလွတ်ရအောင် လိုက်လံရွတ်ဆိုရလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်လာသောအခါ ဆာဒူးကြီးတစ်ကိုယ်လုံး ယိမ်းယိုင်လှုပ်ရှားလာသလို မဟိန္ဒခန္ဓာကိုယ်မှ အလင်းရောင်အချို့ ပေါ်လာသည်။

"ငါရွတ်နေတဲ့ ဂါထာမန္တန်တွေကို ရပြီမဟုတ်လား၊ တစ်ကယ်လို့ ငါ့ဆီကအသံပျောက်သွားရင်လည်း မရပ်နဲ့၊ မရပ်မနားနဲ့သာ. . ဆက်ရွတ်ပေတော့. . ၊

မကြာခင် မင်းရဲ့ခန္ဓာကိုယ်မှာ မိစ္ဆာအမှတ်အသား ပေါ်လာလိမ့်မယ်. . . "

ဟု ဆာဒူးကြီးကမှာကြားပြီး ဂါထာမန္တန်တို့ကို ဆက်ရွတ်လေသည်။

မဟိန္ဒကလည်း အာရုံစိုက်ပြီးဆက်ရွတ်လေသည်။

ညဉ့်နက်ပိုင်းရောက်သောအခါ ဆာဒူးကြီးတစ်ကိုယ်လုံးယိမ်းယိုင်လာပြီး အသံလည်းတိုးလာသည်။ သူရွတ်ဆိုနေ



www.burmeseclassic.com

www.burmeseclassic.com

သောအသံတိုးသွားသော်လည်း မဟိန္ဒရွတ်နေသောအသံက ပိုမို ကျယ်လောင်လာသည်။

သူ့ကိုယ်မှထွက်နေသော အလင်းရောင်များကလည်း ပိုမိုတောက်ပလာကြသည်။

ထို့ပြင် သူ့ကျောပြင်တစ်နေရာမှာ တစ်စုံတစ်ယောက်က ဆေးမင်ဖြင့်ထိုးလိုက်သကဲ့သို့ အမှတ်တံဆိပ်တစ်ခု ပေါ်လာလေတော့သည်။

ထိုအမှတ်အသားမှာ မှေးမှေးမှိန်မှိန်ရှိနေရာမှ တဖြည်းဖြည်းနှင့်ထင်ရှားလာသည်။

ကြောက်စရာကောင်းလှသော မိစ္ဆာအမှတ်အသားပင် ဖြစ်တော့သည်။

အတန်ကြာသောခါ အပြင်မှာရှိနေသော မိစ္ဆာအလင်းရောင်များက ထိုအမှတ်အသားရှိရာသို့ တိုးဝင်လာကြသည်။ ဆာဒူးကြီးအသံမှာ တဖြည်းဖြည်းတိုးသွားပြီးနောက် ပျောက်သွားလေတော့သည်။

ထို့နောက်. . နောက်ဘက်သို့ 'ဂုန်း'ခနဲလဲကျသွားလေတော့သည်။ သူ့တစ်ကိုယ်လုံး လျှပ်စစ်ဖြင့်ထိနေသကဲ့သို့ တုန်လှုပ်နေကာ ပါးစပ်မှလည်း အဆက်မပြတ်ပြောနေသည်။

"ဂါထာမန္တန်တွေကို မရပ်လိုက်နဲ့. .၊ ဆက်ရွတ်နေ. ဆက်ရွတ်နေ. . ."

မဟိန္ဒလည်း ထိုကဲ့သို့ပြောနေသောအသံများကို မကြားတော့ပေ. .။





ထိုအခိုက်မှာပင် နံရံကိုစိမ့်ဝင်လာသော အမည်းရောင် မီးခိုးငွေ့များက တဖြည်းဖြည်းများလာသည်။ မီးခိုးငွေ့များသည် အခန်းတွင်းသို့ရောက်သောအခါ ပုံသဏ္ဌာန်အမျိုးမျိုးတို့ဖြင့် မဟိန္ဒအနီး၌ လူးလွန့်လှုပ်ရှားနေကြသည်။

အတန်ကြာတော့ ဆာဒူးကြီးအသံပျောက်သွားသည်။ မဟိန္ဒ၏ ဂါထာမန္တန်များ ရွတ်ဆိုနေသောအသံက ပိုမိုကျယ်လောင်လာပြီး နောက်ဆုံးမှာ ကြောက်မက်ဖွယ်ရာအသံကြီးဖြင့် အော်လိုက်လေသည်။

ထိုအသံကြီးမှာ အခန်းတစ်ခုလုံး သိမ့်သိမ့်တုန်သွားအောင်လည်း အပြင်ဘက်မှကင်းလှည့်နေသော ပုလိပ်များက မကြားလိုက်ကြရပေ။

ထိုသို့အော်ဟစ်လိုက်သောအခါ ပတ်ဝန်းကျင်မှာဝေ့ဝဲနေသော မီးခိုးငွေ့များက မဟိန္ဒပါးစပ်တွင်းသို့ဝင်သွားကြလေတော့သည်။

မဟိန္ဒလည်း ကြမ်းပြင်ပေါ်သို့ ပစ်လဲကျသွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

# ရေကန်ပေါ်မှ ရုပ်ပြောင်းနာမ်ခွာအလောင်း

အချိန်မည်မျှကြာအောင် အိပ်ပျော်နေသည်မသိပေ။ သူပြန်နိုးလာသောအချိန်မှာ မိုးလင်းနေချေပြီ။ အလန့်တကြားနှင့် အခန်းတွင်းကိုကြည့်လိုက်တော့ ဘာမှမတွေ့ရပေ။

ညကရှိနေသော ဆာဒူးကြီးလည်းမရှိတော့သလို တစ်ခန်းလုံးမည်းမှောင်နေသော မီးခိုးငွေ့များလည်းမတွေ့ရတော့ပေ. . ။

သူသည် ကြမ်းပြင်ပေါ်မှ အဝတ်အစားတို့ကိုကောက်ယူ

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြန်ဝတ်လိုက်သည်။

အကျီမဝတ်ခင် တစ်ကိုယ်လုံးကိုကြည့်သောအခါမှာလည်း ထူးထူးခြားခြားဘာမှမတွေ့ရပေ။

သို့သော် သူ့ကျောပြင်တစ်နေရာမှာတော့ မိစ္ဆာအမှတ်အသားတစ်ခု ထင်ထင်ရှားရှားပေါ်နေလေသည်။ ကျောအလယ်မှာရှိနေသောကြောင့် သူမမြင်ရပေ။

"ငါဘာတွေဖြစ်နေတာလဲ၊ ညကတွေ့ခဲ့ရတဲ့ မီးခိုးငွေ့တွေနဲ့ဆာဒူးကြီးကရော ဘယ်ရောက်သွားပြီလဲ၊ ငါအိပ်မက်မက်ပြီး ကယောင်ကတမ်းနဲ့ မြင်မိမြင်ရာမြင်နေတာဖြစ်မယ်"

ထိုသို့တွေးတောနေစဉ်မှာ အခန်းအပြင်ဘက်မှ တံခါးဖွင့်သံကြားရပြီး ပုလိပ်နှစ်ယောက်ဝင်လာသည်။

သူ့ကိုလက်ထိပ်ခတ်ပြီးနောက် ဌာနအုပ်နာရသန် ရုံးခန်းသို့ခေါ်သွားကြသည်။ နာရသန်မှာ အသက်လေးဆယ်ကျော်အရွယ်ခန့်သာ ရှိသေးသည်။

ထိုအခန်းထဲရောက်တော့ မဟိန္ဒကို စားပွဲရှေ့မှာထိုင်ခိုင်းပြီး သူသိချင်တာများ စစ်ဆေးမေးမြန်းလေသည်။

"မင်းနာမည် မဟိန္ဒမဟုတ်လား"

"ဟုတ်တယ်. ."

"မင်းက သားသတ်တဲ့အလုပ်လုပ်တယ်ဆိုတာရော မှန်သလား. ."

"မှန်တယ်. ."

သူက မလေးမခန့်သဘောမျိုးဖြင့် ပြန်ပြောနေရာ ဌာန





အုပ်တစ်ယာက်ကို မရိုမသေပြောဆိုဆက်ဆံနေသဖြင့် နောက်မှရပ်နေသော ပုလိပ်တစ်ယောက်က တုတ်ဖြင့်ရိုက်ရန် ရှေ့သို့တိုးလာသည်။

အနားရောက်ပြီး တုတ်ဖြင့်ရိုက်ရန် ဟန်ပြင်လိုက်စဉ် မဟိန္ဒက တစ်ချက်လှည့်ကြည့်လိုက်သည်။

သူ့မျက်လုံးကိုမြင်သောအခါ ပုလိပ်မှာ မရိုက်ဝံ့တော့ဘဲ နောက်သို့တဖြည်းဖြည်း ပြန်ဆုတ်သွားတော့သည်။

အခြားပုလိပ်တစ်ယောက်က ထိုအခြေအနေကိုမြင်သောအခါ အံ့ဩသွားသည်။

နာရသန်ကမေးသည်။

"မင်းမိန်းမဆာရာကို ဘာကြောင့်သတ်တာလဲ"

"ကျုပ်မသိဘူး. ."

"မင်းသူ့ကိုသတ်ပစ်လိုက်တာ အားလုံးသိကြတယ်၊ အလောင်းကိုဖျောက်ဖျက်ဖို့ သူသာန်ယူသွားတာလည်း မြင်ကြတယ်၊ နောက်ပြီး မြေကျင်းတူးနေတာကိုလည်း လက်ဆုပ်လက်ကိုင်မိတာဆိုတော့ မင်းငြင်းဖို့မကြိုးစားနဲ့ အမှန်အတိုင်း ဝန်ခံပေတော့. ."

"ကျုပ်ဘာမှမသိဘူး"

"မင်းငြင်းနေလည်းအပိုပဲ. . ဒီအမှုကို စွဲချက်တင်ပြီး ရုံးတင်ရင် တရားသူကြီးက မင်းကိုသေဒဏ်ပေးမှာပဲ"

မဟိန္ဒက စူးရှသောမျက်လုံးဖြင့် နာရသန်ကိုကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခိုက်အတံ့လေးမှာပင် နာရသန်မှာ အသည်းနှလုံးကို အေးစက်နေသောလက်ဖြင့် ဆုပ်ကိုင်လိုက်သကဲ့သို့ တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်သွားလေသည်။

ထို့နောက်မှာတော့ မဟိန္ဒကို ဆက်မေးရာ ဘာမှထွေထွေထူးထူးပြန်မပြောသဖြင့် တိုက်နီဆောင်သို့ ပြန်ပို့လိုက်ရလေသည်။

ထိုနေ့ကတစ်နေ့လုံး တစ်စုံတစ်ယောက်က ခြောက်လှန့်နေသကဲ့သို့ဖြစ်နေသဖြင့်. . . နာရသန်မှာ အလုပ်ကိုပင်ဖြောင့်အောင် မလုပ်နိုင်ပေ။

ညနေပိုင်း အိမ်သို့ပြန်ရောက်သွားသောအခါမှာလည်း နားထဲမှာ တစ်စုံတစ်ခုကို ကြားယောင်နေသည်။

နာရသန်မှာ မိန်းမနှင့်သမီးတစ်ယောက်ရှိရာ သူတို့အတွက် တစ်ခုခုဖြစ်မှာ စိုးရိမ်နေမိလေသည်။

မိန်းမက အသက်(၃၅)နှစ်အရွယ်ခန့်ရှိပြီး သမီးက(၁၅)နှစ် အရွယ်ခန့်သာရှိသေးသည်။

အိမ်နှင့်ဂါတ်တဲမှာ မဝေးလှပေ။

သူတို့နေသော တန်းလျားဆောင်အခန်းမှကြည့်လျှင် တိုက်နီဆောင်ကို တစ်စွန်းတစ်စမြင်ရသည်။

ည၉နာရီပိုင်းအချိန်ရောက်တော့ ဂါတ်တဲဘက်သို့ တစ်ခေါက်ပြန်သွားပြီး အချုပ်သားများအခြေအနေနှင့် ကင်းအခြေအနေများကို စစ်ဆေးပြီးနောက် တိုက်နီဆောင်ရှိရာဘက်သို့ တစ်ယောက်တည်း လျှောက်လာလေသည်။



BURMESE CLASSIC .com



အခြားအချုပ်သားများထားသော အဆောင်များမှာသာ ...င်းကျသောပုလိပ်များရှိကြပြီး တိုက်နီဆောင်ရှိရာဘက်မှာ ...တော့ သီးသန့်အစောင့်မထားပေ။

ဂိတ်ပေါက်ဝဘက်မှသာ စောင့်ကြသည်။

ခါတိုင်းလည်း ကင်းစစ်သောအချိန်တွင် အချုပ်သား ...းထားသောနေရာမှန်သမျှ လိုက်လံကြည့်ရှုစစ်ဆေးလေရာ ...ထူးအဆန်းမဟုတ်တော့ပေ။

တစ်ခုတော့ထူးခြားနေသည်။

ခါတိုင်းနှင့်မတူဘဲ တစ်စုံတစ်ခုကိုကြောက်လန့်နေခြင်း ...ဖြစ်သည်။

ထိုအဆောင်ရှိရာဘက်မှာ တိတ်ဆိတ်ငြိမ်သက်နေ ...သည်။ စကြံတစ်လျှောက်မှာ မီးလုံးများထွန်းထားသောကြောင့် ...တိုက်နီဆောင်မျက်နှာစာမှာ ရေးထားသောစာလုံးအနီများကို ...လည်း လှမ်းမြင်ရသည်။

ထိုစာလုံးများကိုမြင်နေရသည်ကပင် စိတ်ထဲမှာ တစ်မျိုး ...ဖြစ်လာစေသည်။

သူသည် လာလက်စနှင့် မထူးတော့ပြီမို့ ထိုအဆောင် ...ရှေ့သို့ရောက်အောင် လျှောက်သွားလေသည်။

တံခါးချပ်ကပိတ်ထားပြီး အတွင်းသို့ လှမ်းမမြင်ရပေ။ ...ထို့ကြောင့် ပစ္စည်းပို့သော လေးထောင့်အပေါက်သို့ သွားပြီး. . . ...အတွင်းသို့ကြည့်လိုက်သည်။

ထိုအခိုက်မှာပင် အပေါက်ဝမှမျက်နှာတစ်ခုက ဘွား



www.burmeseclassic.com

www.burmeseclassic.com

ခန်ပေါ်လာလေသည်။

မဟိန္ဒ၏ ကြောက်စရာကောင်းသော မျက်နှာပင်ဖြ
တော့သည်။

"ဟင် . ."

နာရသန်က ကြောက်လန့်တကြားနှင့် နောက်သို့ပြ
ဆုတ်ရန်ကြိုးစားသော်လည်း မရတော့ပေ။

အုတ်နံရံအတွင်းမှ လက်တစ်ဖက်က ဖောက်ထွက်လာ
ပြီး သူ့လက်တစ်ဖက်ကိုဆွဲထားလေသည်။

နာရသန်မှာ ကြောက်လန့်တကြားနှင့် ပြန်ရုန်းသော်
လည်း မရတော့ပေ။

"မင်းတို့ ငါ့ကို ဒီအခန်းထဲမှာ လှောင်ထားကြတယ်
ဒီလိုလှောင်ထားလို့ ရမယ်များထင်နေသလား"

အပေါက်မှမျက်နှာပေါ်နေသော မဟိန္ဒကပြောလိုက်
လေသည်။

"ငါ အပြင်ရောက်လာတဲ့အခါ မင်းနဲ့မင်းမိသားစုတွေ
အားလုံးကို သတ်ပစ်မယ်"

နာရသန်အနေနှင့် . . အခြားတရားခံ တစ်ယောက်
ယောက်က ထိုကဲ့သို့မခန့်လေးစားပြောလာလျှင်တော့ အချုပ်
ခန်းအတွင်းမှထုတ်ပြီး မှတ်လောက်အောင်ဆုံးမမည်ဖြစ်သော်
လည်း ယခုတရားခံက သာမန်တရားခံမဟုတ်ပေ။

အုတ်နံရံကိုဖောက်ပြီး လက်တစ်ဖက်ထွက်လာသည်ကို
မြင်ကတည်းက . . သွေးပျက်လောက်အောင် ကြောက်လန့်နေ





တော့သည်။

"ငါ . . ငါ့အသက်ကို ချမ်းသာပေးပါကွာ . ."

"မင်းကိုမသတ်စေချင်ရင် ငါခိုင်းတာတွေကိုလုပ်ပေးရ
မယ်။ ငါ ဒီအခန်းထဲက အပြင်ထွက်ချင်တယ် . ."

"မင်းကို ဒီလိုထုတ်ပေးရင် ငါအလုပ်ပြုတ်ပြီးထောင်ကျ
သိမ့်မယ်၊ ဒီလိုဆိုရင် ငါနဲ့ငါ့မိသားစုတွေ ဒုက္ခရောက်ကြလိမ့်
မယ်"

"မင်းထုတ်ပေးဖို့မလိုဘူး . . ငါ့ဘာသာထွက်လာလို့ရ
တယ် . . ဒါပေမယ့် မင်းငါခိုင်းတဲ့အတိုင်းတော့ လုပ်ပေးရမယ်"

"ဘာ . . ဘာလုပ်ပေးရမလဲ"

"နံရံပေါ်မှာ ရေးထားတဲ့စာတွေကို ရေစိုအဝတ်နဲ့ဖျက်
အောင်ဖျက်ပေးပါ၊ ဒီလိုလုပ်ပေးရင် မင်းနဲ့မင်းမိသားစုတွေရဲ့
အသက်ကို ချမ်းသာပေးမယ် . ."

ဟု ပြောသည်။

နာရသန်မှာ မငြင်းသာတော့ပေ။

ထိုစာများမှာ နံရံပေါ်၌ ရေဆေးဖြင့်ရေးထားရာ ရေစို
အဝတ်ဖြင့်တိုက်ဖျက်ပါက . . အလွယ်တကူ ပျက်ပြယ်နိုင်လေ
သည်။

မဟိန္ဒက အခန်းသော့ဖွင့်ပြီး လွှတ်ပေးရတာနှင့်စာလျှင်
ထိုအလုပ်က သက်သာသေးသည်ဟု သဘောထားကာ ပြုလုပ်
ပေးမည်ဟု ကတိပေးလိုက်သည်။

ထိုအခါမှ သူ့လက်တစ်ဖက်ကိုဆွဲထားသော လက်က



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားလေသည်။

ထိုအခါ ကြောက်ကြောက်လန့်လန့်ဖြင့် ကြည့်လိုက် သောအခါ ပတ်ဝန်းကျင်မှာ ဘယ်သူမှမတွေ့ရပေ။

စကြိုလမ်းတစ်လျှောက်မှာလည်း လူသွားလူလာရှင်း သည်။ သို့ကြောင့် ထွေထွေထူးထူးစဉ်းစားမနေတော့ဘဲ ကား၊ ရေပုံးနှင့်အဝတ်စတို့ကို ရှာဖွေယူလာပြီးနောက် တိုက် ဆောင် မျက်နှာစာပေါ်မှာရေးထားသော စာများကို ဖျက်ဆီး သည်။

နံရံပေါ်မှာရေးထားသောစာများမှာ ရေစိုအဝတ်ဖြင့် ထိလိုက်သည်နှင့်ပင် အလွယ်တကူပျက်သွားလေသည်။

နာရသန်သည် ကြောက်ကြောက်လန့်လန့်နှင့် နံရံပေါ် မှစာများကို ဖျက်ပစ်နေစဉ် တစ်နေရာမှလျှောက်လာသော ခြေ သံကြားရသဖြင့် နံရံတစ်နေရာသို့ ကပ်နေလိုက်သည်။

ညဉ့်နက်ပိုင်းအချိန်ရောက်လျှင် တိုက်နီဆောင်ဘက်သို့ မည်သူမှ အသွားအလာမလုပ်ကြပေ။

မလုပ်ဝံ့ကြသည်လည်းပါသည်။ ယနေ့ညရောက်မှ ပုလိပ်တစ်ယောက်က ထိုနေရာဘက်သို့ရောက်လာသည်။

အမှန်တော့ ထိုပုလိပ်သည် နာရသန်ကို လိုက်လံရှာဖွေ နေခြင်းဖြစ်သည်။

တိုက်နီဆောင်နှင့် မနီးမဝေးရောက်တော့ ရှေ့ဆက် မသွားဝံ့တော့သဖြင့် လှမ်းကြည့်လိုက်ရာ နံရံပေါ်မှာရေးထား သောစာများကို အထင်းသားတွေ့ရလေသည်။





အမှန်တော့ နံရံပေါ်မှစာများမှာ နာရသန်ဖျက်ထားသ ဖြင့် အချို့ပျက်နေပြီဖြစ်သော်လည်း သူ့မျက်စိထဲမှာတော့ မူလ အခြေအနေအတိုင်းပင် လှမ်းမြင်ရသည်။

ထို့ကြောင့် ရှေ့ဆက်မသွားတော့ဘဲ နောက်ကြောင်း ပြန်လှည့်သွားတော့သည်။

၎င်းပြန်ထွက်သွားတော့မှ နာရသန်က ကျန်နေသော စာများကိုပျက်အောင် ဖျက်ပစ်လိုက်လေသည်။ ပြီးမှ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။

အခန်းထဲမှာတော့ မဟိန္ဒတစ်ယောက် မျက်စိမှိတ်ကာ ငြိမ်သက်စွာထိုင်နေသည်။

သူ့ကိုယ်ပေါ်မှာတော့ အဝတ်အစားများမရှိပေ။ ကျော ပေါ်မှာပေါ်နေသော မိစ္ဆာအမှတ်အသားကတော့ ထင်ထင်ရှား ရှား ပေါ်နေလေသည်။

တိုက်နီဆောင်နံရံပေါ်မှာ ရေးထားသော ဂါထာမန္တန် များပျက်သွားသောအခါ နံရံကိုဖောက်၍သော်လည်းကောင်း အပေါက်များမှသော်လည်းကောင်း အခြားမိစ္ဆာများလည်း ဝင် ရောက်လာကြလေသည်။

ထိုအချိန်တွင် မဟိန္ဒပါးစပ်မှ အသံထွက်လာသည်။

"မိစ္ဆာစွမ်းအားများ ငါ့ကိုယ်တွင်းသို့ဝင်ကြလော့၊ ငါ့ ကိုယ်တွင်းသို့ဝင်ကြလော့. . "

ထိုသို့အသံနက်ကြီးဖြင့် ပြောသောအခါ အခန်းထဲသို့ ရောက်နေသော အရိပ်မည်းကြီးများက သူ့ပတ်ဝန်းကျင်သို့ ဝေ့

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ဝဲ ချဉ်းကပ်လာကြသည်။

အချို့လည်း ကျောမှာပေါ်နေသော အမှတ်တံဆိပ် သော်လည်းကောင်း၊ အချို့လည်း ပါးစပ်ပေါက်အတွင်းမှသော် လည်းကောင်း သူ့ကိုယ်တွင်းသို့စိမ့်ဝင်လာကြသည်။ အတန်ကြာ သောအခါ အခန်းကြမ်းပြင်အောက်မှ ရေများစိမ့်ထွက်လာ သည်။

ထိုရေများမှာ လေးဘက်လေးတန်မှစိမ့်ထွက်လာခြင်း ဖြစ်ရာ တဖြည်းဖြည်းနှင့် များလာလေသည်။ မဟိန္ဒကတော့ ကြမ်းပြင်ပေါ်မှာပင် ဆက်ထိုင်နေသည်။ တဖြည်းဖြည်းနှင့် များ လာသောရေများက ဒူးဆစ်အထိ မြုပ်လာသည်။

ပြီးနောက် ခန္ဓာကိုယ်ပါမြုပ်လာပြီး ဦးခေါင်းအထိ ရောက်လာသည်။

BURMESE CLASSIC .com

နောက်ဆုံးမှာတော့ ဦးခေါင်းပါစုံးစုံးမြုပ်သွားလေတော့ သည်။ ၎င်းတစ်ကိုယ်လုံး ရေအောက်မြုပ်သွားပြီးနောက် အတန် ကြာတော့ ပျောက်သွားလေတော့သည်။

ထိုအခါ အခန်းတစ်ခုလုံးပြည့်လျှံတက်နေသောရေများ လည်း တအိအိနှင့် ပြန်လျော့ကျသွားလေသည်။

အခန်းထဲမှရေများအားလုံး ပြောင်သွားသောအခါ မဟိန္ဒလည်း အခန်းထဲမှာမရှိတော့ပေ။

ပဏ္ဏဝအကျဉ်းထောင်၏အနောက်ဘက်တွင် တော အုပ်တစ်ခုရှိသည်။

ထိုတောအုပ်တစ်နေရာမှာ ကြီးမားသောရေကန်တစ်





ခုတန်ရှိသည်။

ထိုရေကန်အတွင်းမှာ ကြာပန်းများပြည့်နေပြီး ငါးအ လွန်ပေါသောနေရာဖြစ်သည်။

ထိုရေကန်မှာ သရဲခြောက်သည်ဟု နာမည်ကြီးသော ကြောင့် လူအတော်များများကတော့ ညအချိန်ရောက်လျှင် မလာဝံ့ကြပေ။ အချို့လည်း ငါးလိုချင်သောကြောင့် အရဲစွန့်၍ လာကာ ငါးများကြသည်။

ညဉ့်နက်ပိုင်းအချိန်တွင် ရေကန်ထဲမှာ လှေတစ်စင်းဖြင့် ငါးများနေသူတစ်ဦးရှိသည်။

အတန်ကြာတော့ သူငါးများနေသောရေကန်နှင့် မနီး မဝေးနေရာမှာ ရေမျက်နှာပြင်ပေါ်၌ ရေလှိုင်းများလှုပ်လာသည် ကိုလှမ်းမြင်ရသည်။

ငါးပွက်သည်အထင်နှင့် လှမ်းကြည့်နေစဉ်မှာပင် ရေ အောက်မှ လူတစ်ယောက်၏ဦးခေါင်းတစ်လုံးပေါ်လာသည်ကို တွေ့ရသဖြင့် အံ့သြသွားလေသည်။

ရေအောက်မှပေါ်လာသူမှာ အခြားသူမဟုတ်ပေ။

တိုက်နီထောင်အတွင်းမှ ထူးဆန်းစွာပျောက်သွားခဲ့ သော မဟိန္ဒပင်ဖြစ်သည်။

မဟိန္ဒပေါ်လာသည်ကိုမြင်သောအခါ ငါးများနေသူက သရဲခြောက်နေသည်ထင်သောကြောင့် လှေကိုကမ်းစပ်ရောက် အောင် လှော်ပြေးလေသည်။

ကမ်းစပ်ရောက်ပြီး အပေါ်တက်ပြေးသောအခါ မဟိန္ဒ



www.burmeseclassic.com

www.burmeseclassic.com



က သူ့ရှေ့သို့ရောက်နှင့်နေချေသည်။

ထို့နောက်မှာတော့ မဟိန္ဒက ထိုလူကိုသတ်ဖြတ်က
ကိုယ်ပေါ်မှအဝတ်အစားများကို ဝတ်ဆင်လိုက်သည်။ ထိုအချိန်
မှာပင် သူ့ပတ်ဝန်းကျင်သို့ မကောင်းဆိုးဝါးများရောက်လာကြ
သည်။

"သူ့မျက်နှာကိုဖျောက်ပြီး ငါ့မျက်နှာနဲ့ပြောင်းပစ်လိုက်
ကြ၊ ဒါမှပုလိပ်တွေမြင်ရင် ငါသေပြီလို့ထင်ကြမှာ. ."

ဟု ပြောပြီး မဟိန္ဒက ထိုနေရာမှထွက်သွားလေသည်
နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် တိုက်နီဆောင်ထဲမှ မဟိ
မရှိတော့သဖြင့် စုံထောက်နှင့်ပုလိပ်များက အခန်းတွင်းသို့ ဝ
ရောက်စစ်ဆေးကြသည်။

ထိုအခါ ကြမ်းပြင်ပေါ်မှာ ထူးထူးခြားခြား ရေများတ
နေသည်ကိုတွေ့ရသည့်အပြင် မဟိန္ဒဝတ်သောအဝတ်အစား
ကို တစ်နေရာ၌ပုံထားသည်ကို တွေ့ကြရသည်။

ထို့နောက် ပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံရှာ
သောအခါ ရေကန်ကြီး၏ ကန်ဘောင်တစ်နေရာမှာ တစ်ကိုယ
လုံးအဝတ်အစားမရှိဘဲ သေဆုံးနေသော မဟိန္ဒအလောင်းကို
တွေ့ကြရလေသည်။







# အခန်း (၉)

# ရေကန်အနီးမှ မိန်းမပျိုတစ်ဦး

နောက်တစ်နေ့၌ ထုတ်ဝေသော အိန္ဒိယသတင်းစာ
အတော်များများမှာ မဟိန္ဒသေဆုံးသွားသောအကြောင်းကို ဓါတ်
ပုံနှင့်တကွ အကျယ်တဝင့် ရေးသားဖော်ပြကြလေသည်။

*"အချုပ်ခန်းထဲမှ ထူးဆန်းစွာ ပျောက်သွားသော တရား
ခံ၏အလောင်းကို ရေကန်နံဘေးမှာ ပြန်တွေ့ရခြင်း၊ ဇနီးဖြစ်
သူအား သတ်ဖြတ်သောအမှုဖြင့် ဖမ်းဆီးခြင်းခံရသော မဟိန္ဒဆို
သူမှာ ယမန်နေ့ညက အချုပ်ခန်း တိုက်နီဆောင်အတွင်းမှ ထူး*



www.burmeseclassic.com

www.burmeseclassic.com



*ဆန်းစွာ ပျောက်သွားခဲ့သည်။*

*ငှင်းထားသော တိုက်နီဆောင် နံရံပေါ်မှာ ရေးထား သောစာများလည်း တစ်စုံတစ်ယောက်က ဖျက်ထားသော ကြောင့် ပျက်နေလေ၏။*

*တိုက်နီဆောင်တံခါးနှင့် သော့များ ချိုးယွင်းပျက်စီးခြင်း မရှိပါပဲ အခန်းထဲမှ မည်သို့မည်ပုံထွက်သွားခဲ့သည်ကို မသိရှိ ရသေးပေ။*

*ထို့ပြင် တရားခံ မဟိန္ဒမှာ ကန်ဘောင်ရိုးပေါ်၌ မည်သို့ မည်ပုံသေဆုံးခဲ့ရသည်ကိုလည်း မသိကြရသေးပေ။*

*ငှင်း အချုပ်ခန်းအတွင်းမှ ပျောက်ဆုံးသွားမှုနှင့် မည်သို့ မည်ပုံ သေဆုံးရသည်ဆိုသော အချက်ကို သိရှိနိုင်ရန် ပဏ္ဏဝ ဂါတ်မှ ဌာနအုပ်နှင့် စုံထောက်များတို့မှာ အပူတပြင်း စုံစမ်းစစ် ဆေးမှုများ ပြုလုပ်နေကြလျက်ရှိပါကြောင်း. . .”*

ဒေါက်တာမင်းထင်ကျော်က သတင်းစာကိုဖတ်ပြီး စား ပွဲပေါ်သို့ ပြန်ချထားလိုက်သည်။

“ဘယ်လိုလည်း မောင်ထင်ကျော် ဒီသတင်းကို ဖတ် ကြည့်ပြီး ထူးဆန်းတယ်လို့ မထင်မိဘူးလား”

ဦးဗန်ကောင်းက မေးလိုက်သည်။

“ထူးဆန်းတာကတော့အမှန်ပေါ့ အဘရယ်၊ တိုက်ပိတ် ခံထားရတဲ့ တရားခံတစ်ယောက်က အပြင်ဘက်ရောက်သွားပြီး တော့မှ အသတ်ခံရတာဆိုတော့ ထူးဆန်းတာပေါ့”

“ဒါထက် အခုသေသွားတဲ့ မဟိန္ဒက ဟိုတလောကမှ





ကိုယ့်မိန်းမကိုယ်ပြန်သတ်လို့ မဖမ်းခံရတဲ့ မိစ္ဆာဂိုဏ်းဝင်တစ် ယောက်မဟုတ်လား”

“ဟုတ်ပါတယ်”

“သူက ဘယ်လိုနည်းနဲ့ အပြင်ရောက်သွားပြီး သူ့ကို ဘယ်သူက သတ်သွားတာလဲ”

“အဲ့ဒါကတော့ စုံစမ်းကြည့်ရင် အဖြေတစ်ခုတော့သိရ နိုင်ပါတယ်”

ဟုပြောကာ စီးကရက်ဗူးရင်း တစ်စုံတစ်ခုကို လေး လေးနက်နက် စဉ်းစားနေလေသည်။

နံနက်(၁၀)နာရီအချိန်ခန့် ရောက်သောအခါ ဒေါက် တာမင်းထင်ကျော်က ကျော်စွာကိုပါခေါ်ပြီး . . ပဏ္ဏဝအကျဉ်း ထောင်သို့ သွားကြလေသည်။

အကျဉ်းထောင်နှင့် ဂါတ်ထဲမှာ တစ်ဆက်တည်းတွဲထား သောကြောင့် ဌာနအုပ်ရုံးထိုင်ရာသော ဂါတ်တဲသို့ သွားကြလေ သည်။

သူတို့ရောက်သွားတော့ ရုံးခန်းအတွင်းမှာ ဌာနအုပ် နာရသန်နှင့် အခန့်သင့်တွေ့ရလေသည်။

“အော် . . ထိုင်ကြပါ ကျွန်တော်က ဌာနအုပ် နာရသန် ဖြစ်ပါတယ် ဘာများအကူအညီပေးရမလဲ”

နာရသန်မှာ ဆက်ဆံရေးကောင်းမွန်သူ ဖြစ်သော ကြောင့် ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက်ကို သူ့စားပွဲ ရှေ့မှာပင် နေရာထိုင်ခင်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်နာမည်က ဒေါက်တာမင်းထင်ကျော်လို့
ခေါ်ပါတယ်. . . သူကကျော်စွာပါ ကျွန်တော်တို့ ရှေးဟောင်း
သုတေသနဌာနကပါ"

နာရသန်က ခေါင်းညိတ်ပြသည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ဒေါက်တာတို့နှစ်ယောက်
ကို ကျွန်တော်သိပါတယ်. . အခု ဘာကိစ္စများရှိလို့ပါလဲ"

"ဒီကနေ့ သတင်းစာတွေမှာပါတဲ့ မဟိန္ဒသေဆုံး
ကိစ္စနဲ့ပတ်သက်ပြီး စိတ်ဝင်စားလို့ လာပြီးစုံစမ်းတာပါ"

မဟိန္ဒဆိုသောအမည်ကို ကြားလိုက်ရုံနှင့်ပင် နာရသန်
မှာ မျက်နှာတစ်ချက်ပျက်သွားလေသည်။

"ဒေါက်တာတို့က ဘာများစိတ်ဝင်စားတာလဲ"

"အချုပ်ခန်းထဲက သူဘယ်ပုံဘယ်နည်းထွက်သွားတယ်
ဆိုတာ နာရသန်သိသလား"

နာရသန်က ခေါင်းခါပြသည်။

နာရသန်က ထိုအကြောင်းကို သူကိုယ်တိုင်ပြောပြလို
ဟန်မရှိပေ. . .

"အဲ့ဒီညက စခန်းမှာတာဝန်ကျတဲ့ ဆားပုလင်းတစ်
ယောက်ကို ခေါ်ပေးပါ့မယ်၊ ဆရာတို့ သိချင်တာတွေကို သူပြော
ပြပါလိမ့်မယ်"

ဟုပြောပြီး ဆားပုလင်း တစ်ယောက်ကို ခေါ်ပေးလေ
သည်။ ထိုသူ၏အမည်မှာ ဆားပုလင်းဇာဂရဖြစ်သည်။

ဇာဂရသည် တက်ကြွသောလူငယ်တစ်ဦးဖြစ်သည်။





ထိုအကြောင်းကို မေးသောအခါ သူက. .

"တိုက်နီဆောင်ထဲက သူဘယ်လိုထွက်သွားသလဲဆို
တာတော့ ကျွန်တော်တို့လည်း မသိလိုက်ကြပါဘူး၊ ဆရာတို့
သိချင်တယ်ဆိုရင်တော့ ကျွန်တော်လိုက်ပြပေးပါ့မယ်"

ဟုပြောပြီး ဇာဂရက တိုက်နီဆောင်ရှိရာဘက်သို့ ခေါ်
သွားလေသည်။

အခြားအချုပ်ခန်းများ၌သာ လူရှိသော်လည်း တိုက်နီ
ဆောင်ဘက်မှာတော့ ဘယ်သူမှမရှိပေ။

တံခါးပေါက်ဝနားရောက်တော့ နံရံပေါ်မှာ ရေးထား
သော စာလုံးများကို တစ်စုံတစ်ယောက်က ဖျက်ထားသည်ကို
တွေ့ရလေသည်။

ထိုနေရာရောက်တော့ ဒေါက်တာမင်းထင်ကျော်က
နံရံပေါ်မှာ တစ်စွန်းတစ်စကျန်နေသေးသော စာလုံးများကို
ကြည့်ရှုနေသည်။

ထိုစာများမှာ အိန္ဒိယဘာသာဖြင့် ရေးထားသော ဂါထာ
မန္တန်များပင်ဖြစ်သည်။

"ဒီစာတွေဟာ မိစ္ဆာတွေကို ထိန်းချုပ်တဲ့ ဂါထာမန္တန်
တွေပဲ ဒီစာတွေကို ဘယ်သူဖျက်တာလဲ"

"ကျွန်တော်တို့လည်း မသိလိုက်ကြဘူးဆရာ၊ ဒီဘက်မှာ
က အစောင့်မရှိဘူး၊ ကျွန်တော်သိရသမျှတော့ သူပျောက်သွား
တဲ့ညကမှ တစ်ယောက်ယောက်က ဖျက်သွားတာဖြစ်မယ်"

ဇာဂရက သူထင်မြင်ချက်ကို ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာကလည်း အခြေအနေကို ကြည့်ပြီး သူ့ထင် မြင်ချက်ကို ပြောပြသည်။

"ဒီအတိုင်းမှန်ရင်တော့ မဟိန္ဒက မိစ္ဆာစွမ်းအားရ တာပဲဖြစ်ရမယ်. . ဒီစာတွေပျက်သွားတဲ့အချိန်မှာ မိစ္ဆာစွမ်းအား သုံးပြီး အပြင်ထွက်သွားတာဖြစ်နိုင်တယ်၊ တစ်ခုပဲရှိတယ် သူ အပြင်မရောက်ခင် ဒီစာတွေကို ဘယ်သူလာဖျက်ပေးသလဲ ဆို တာပဲ"

ဒေါက်တာမင်းထင်ကျော်က နံရံပေါ်မှ ရေဖြင့် တိုက် ဖျက်ထားသော နေရာများအပြင် ကြမ်းပြင်ပေါ်မှာ ကျနေသော ရေစက်ဆေးစက်များကို အသေအချာကြည့်သည်။

ပြီးမှ ဇာဂရကိုမေးလိုက်သည်။

"လှေကား ဘယ်နေရာမှာထားသလဲ"

ထိုသို့မေးသောအခါ ဇာဂရက တအံ့တသြဖြင့် အပြင် ဘက်သို့ လက်ညှိုးထိုးပြသည်။

"ဟို. . အပြင်ဘက်မှာ လှေကားတစ်ခုရှိတယ်. . "

" လာ သွားကြည့်ရအောင်"

ထိုသို့ပြောပြီး အပြင်ဘက်သို့ ထွက်ခဲ့ကြရာ တစ်နေရာ မှာ ထောင်ထားသော သစ်သားလှေကားတစ်ခုကို တွေ့ရသည်။

ထိုလှေကားပေါ်မှာ ပေစွန်းနေသော အနီရောင်ဆေး စက်များကို တွေ့ရသည့်အပြင်. . ထိုနေရာနှင့် မနီးမဝေးမှာ မှောက်ထားသော ရေပုံးတစ်ခုကို တွေ့ကြရသည်။

"နံရံပေါ်မှာရေးထားတဲ့စာတွေကို ဖျက်ပေးတာက တ





ခြားကလာတဲ့ မိစ္ဆာတွေမဟုတ်ပါဘူး၊ ဒီစခန်းထဲက ပုလိပ် တစ် ယောက်က ဖျက်ပေးသွားတာပါ၊ မင်းမယုံရင် ငါ လက်တွေ့ပြ မယ်"

ဟုပြောပြီး တိုက်နီဆောင်ပေါက်ဝသို့ ပြန်ခေါ်လာပြီး တစ်စုံတစ်ခုကိုပြလေသည်။

အခြားမဟုတ်ပေ. . .

အင်္ဂတေကြမ်းပြင်ပေါ်မှာ ဆေးရေစက်များပေါ်သို့ နင်း သော ဖိနပ်ရာတစ်ခုပင်ဖြစ်၏

"ဒီဖိနပ်မျိုးက အပြင်လူတွေ စီးလေ့မရှိဘူး၊ ပုလိပ်တွေ နဲ့ စစ်သားတွေပဲ စီးကြတယ်. . ဒါကြောင့် ဒီနံရံပေါ်ကစာတွေ ကို အပြင်ကလူ လာဖျက်ပေးတာမဟုတ်ဘူး၊ ဒီဝင်းထဲမှာနေတဲ့ ပုလိပ်တစ်ယောက်ယောက်က လာဖျက်ပေးသွားတာ သေချာ တယ်"

ဒေါက်တာ မင်းထင်ကျော်၏ ယူဆချက်များကို ကြား သောအခါ ဇာဂရမှာ ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့ သည်။

"ဆ. . ဆရာက စုံထောက်တစ်ယောက်လားဟင်"

ဟုမေးသည်။

"ငါက စုံထောက်တစ်ယောက်တော့ မဟုတ်ပါဘူး. . ဒါပေမယ့် စုံထောက်တွေနဲ့ အတူလက်တွဲပြီး အမှုအတော်များ များကို ဖော်ထုတ်ခဲ့ဖူးပါတယ်"

"ဒီလိုဆိုလည်း ဆရာကိုပဲ အားကိုးပါရစေ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှာ ဒီလောက်ဆန်းကြယ်တဲ့အမှုမျိုး တစ်ခါမှ မကြုံဖူး မတွေ့ဘူးသေးလို့ပါ"

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ကွာ. . တစ်နေ့တော့ အဖြေတစ်ခုတော့ ရကြမှာပါ၊ ကဲ အထဲဝင်ကြည့်ကြရအောင်"

ဟု ပြောသောအခါ ဇာဂရက အသင့်ပါလာသော သော့ ဖြင့် တံခါးဖွင့်ပေးသဖြင့် အတွင်းသို့ ဝင်ကြည့်ကြသည်။

သူတို့ဝင်သွားသောအချိန်မှာပင် ကြမ်းပြင်ပေါ်၌ ရေ များရှိနေဆဲပင်. . .

ဒေါက်တာမင်းထင်ကျော်က အခန်းအခြေအနေကို လေ့လာကြည့်သောအခါ လူတစ်ယောက်ထွက်ဖို့ မဆိုထားနှင့် ခြကြောင်တစ်ကောင်ထွက်နိုင်ရန်ပင် အပေါက်ကျယ်ကျယ် မရှိ ပေ။

"ဒီရေတွေက ဘယ်ကဝင်နေတာလဲ"

"ကျွန်တော်လည်း မသိဘူးဆရာ. . မိုးယိုတာလည်း မဟုတ်ဘူး၊ တခြားက ရေဝင်စရာလည်း မရှိဘူး"

"ဒါထက် မဟိန္ဒအလောင်းကို ဘယ်နေရာမှာတွေ့တာ လဲ"

"ဟို. . အနောက်ဘက်မှာရှိတဲ့ ရေကန်စပ်နားက တွေ့ ကြတာ. . ."

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က တစ်စုံတစ်ခု ကို လေးလေးနက်နက် စဉ်းစားနေလေသည်။

အတန်ကြာတော့မှ ကျော်စွာကမေးသည်။





"သူ. . . ဘယ်လိုထွက်သွားတာလဲဆရာ"

"အရှင်ထွက်. . . ထွက်သွားတာပဲဖြစ်မှာပေါ့. . ."

"ဘယ်လိုအရှင်ထွက်လဲဆရာ. . ."

"မိစ္ဆာစွမ်းအားသုံးပြီး အရှင်ထွက်သွားတာပဲဖြစ်မှာပါ"

"ဒါကြောင့် ဒီအခန်းထဲမှာ ရေတွေရှိနေတာပေါ့"

"ကျွန်တော်တို့ သဘောပေါက်အောင်လည်း တဆိတ် လောက်ရှင်းပြပေးပါဦးဆရာ. . ."

"ဝိဇ္ဇာလောကသားတွေ အရှင်ထွက်တော့မယ်ဆိုရင် တေဇောဓာတ်ဖြစ်တဲ့မီးကို အသုံးပြုကြတယ်၊ မိစ္ဆာလောကသား တွေ အရှင်ထွက် ထွက်ကြရင်တော့ သီတဓါတ်ဖြစ်တဲ့ ရေကို အသုံးပြုလေ့ရှိကြတယ်. . . ဒါကြောင့် ဒီအခန်းထဲမှာ ရေတွေ ရောက်နေတာပေါ့"

"အော်. . . ဒီလိုကိုး. . ."

"ဒါထက် မင်းတို့ရလာတဲ့ မဟိန္ဒအလောင်းက ဘယ်မှာ လဲ. . ."

"လောလောဆယ် ရင်ခွဲရုံမှာထားတယ်. . ဆရာ ကြည့် မယ်ဆိုရင်တော့ လိုက်ပို့ပေးမယ်"

ဟုပြောသဖြင့် သုံးယောက်သား တိုက်နီဆောင်အတွင်း မှ ပြန်ထွက်ခဲ့ကြပြီး ရင်ခွဲရုံရှိရာဘက်သို့ သွားကြလေသည်။ ဆေး တုသဘောအဆောင်များနှင့် သေဆုံးသွားသောလူနာတို့ကို ယာ ယီထားသော ရင်ခွဲရုံလည်း ထိုဝန်းအတွင်းမှာပင် ရှိလေသည်။

တံခါးဖွင့်ပြီး အတွင်းဝင်ကြည့်သောအခါ. . . အခန်း



www.burmeseclassic.com

www.burmeseclassic.com



အလယ်တွင် လူနာတင်သောစင်ပေါ်မှာ တင်ထားသည့် ဒေ
လောင်းတစ်လောင်းကို တွေ့ကြရသည်။

အလောင်းကို အဝတ်စဖြင့် ဖုံးထားလေသည်။

ဒေါက်တာမင်းထင်ကျော်က အနားကပ်သွားပြီး ဖုံးထား
သော အဝတ်စကို ဖယ်ကြည့်လိုက်သည်။

သေဆုံးနေသော လူတစ်ယောက်၏မျက်နှာတ ပေါ်
လာသည်။

မဟိန္ဒဆိုသူကို ဓါတ်ပုံသာတွေ့ဖူးပြီး လူမမြင်ဖူးသော
ကြောင့် သေသေချာချာတော့မသိပေ. . .

ဒေါက်တာမင်းထင်ကျော်က အလောင်းကို သေသေ
ချာချာကြည့်ရုံမက လက်နှစ်ဖက်ကိုပါ ဖြန့်ကြည့်နေလေသည်။

"မဟိန္ဒက ဘာအလုပ်လုပ်တာလဲ"

"သားသတ်တဲ့အလုပ်လုပ်တယ်ဆရာ. . ."

"ဒီလက်မျိုးက သားသတ်သမားတစ်ယောက်ရဲ့လက်
မျိုး မဟုတ်ဘူးကွ. . . မင်းတို့ တစ်ခုခုမှားနေတာဖြစ်မယ်"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် ဆားပုလင်
ဇာဂရမှာ အံ့သြသောအမူအရာဖြင့် ပါးစပ်အဟောင်းသားဖြစ်
သွားလေသည်။

"ဒီလူရဲ့ ခန္ဓာကိုယ်နဲ့ သူ့လက်အနေအထားက သား
သတ်သမားတစ်ယောက်နဲ့ မတူဘူး၊ ငါအမြင်ပြောရရင်တော့
မျက်နှာအနေအထားက သားသတ်သမားမျက်နှာမျိုး ဖြစ်ပေ
မယ့် ခန္ဓာကိုယ်ကမတူဘူး၊ မင်း မဟိန္ဒမျက်နှာကို သေသေချာ





ာ မြင်ဘူးတယ်မဟုတ်လား"

"မြင်ဘူးပါတယ် သူပါပဲ"

"မင်းက အမှုလိုက်တဲ့ ပုလိပ်တစ်ယောက်ဖြစ်နေပြီး
ည့်ရှုစစ်ဆေးတဲ့နေရာမှာ အတော်ကလေး ပေ့ါတာကိုး. . .
ာ ငါပြမယ် သေသေချာချာလာကြည့်"

ဟုပြောပြီး အလောင်းအနီးသို့ ကပ်ကာ လွဲနေသော
ျက်အချို့ကို ပြလေသည်။

"ဒီမှာ သေသေချာချာကြည့် မျက်နှာကအသားအရေ
လည်ပင်အောက်ပိုင်းက အသားအရေရော အရောင်ပါ မတူ
ူး မဟုတ်လား၊ ခန္ဓာဗေဒရဲ့ သဘောအရဆိုရင် ဦးခေါင်းနဲ့
ိယ်ခန္ဓာရဲ့ အချိုးအဆစ်ဟာ လိုက်လျောညီထွေရှိရတယ်၊ ဒီမှာ
ခါင်းနဲ့ကိုယ်နဲ့က တူမှမတူတာ"

"ဟုတ်ပါရဲ့ ဆရာပြောမှပဲ သေသေချာချာ သတိထားမိ
တာ့တယ် ဒီအလောင်းက ခန္ဓာကိုယ်ပုံပန်းသဏ္ဌာန်နဲ့ ဦးခေါင်း
ာ မတူသလိုလဲ. . အဲဒါဘယ်လိုဖြစ်တာလည်းဆရာ"

"တစ်စုံတစ်ယောက်က ဖန်တီးထားတာလည်း ဖြစ်ချင်
ဖြစ်မှာပေ့ါ. . ငါပြောတာ ဟုတ်မဟုတ်သေချာအောင် ဒီအ
လောင်းတွေ့ခဲ့တဲ့နေရာကို တစ်ချက်သွားကြည့်ကြရအောင်"

ဟု ပြောပြီး အလောင်းကို အဝတ်ဖြင့်ပြန်ဖုံးထားခဲ့ပြီး
ယောက်သား ရင်ခွဲရုံအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်၊

သူတို့သည် ရေကန်ရှိရာဘက်သို့ သွားကြလေသည်။
ိုနေရာသို့ရောက်သောအခါ ဇာဂရက အလောင်းတွေ့ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



နေရာကို ခေါ်ပြသည်။

"ဒီရေစပ်နားမှာ ခွေခွေလေး သေနေတာကိုတွေ့ရ
ပဲ"

ဒေါက်တာမင်းထင်ကျော်က ထိုနေရာတစ်ဝိုက်
လိုက်လံကြည့်ရှုနေသည်။

ရေစပ်မှာရှိသော မြေသားများမှာ ပျော့နေသဖြင့်
ထားသော ခြေရာတို့ကို မြင်နေရသည်။ အများအားဖြင့်
ပုလိပ်များ၏ ဖိနပ်ခြေရာများပင် ဖြစ်လေသည်။

ဒေါက်တာမင်းထင်ကျော်က ရေစပ်နားအထိ
ကြည့်ရာ ဖိနပ်မပါသော ခြေရာအချို့ကို တွေ့ရလေသည်။

ဖိနပ်မပါသော ခြေရာတို့မှာ တစ်ယောက်တည်း
ရာမဟုတ်ပဲ နှစ်ယောက်ခြေရာဖြစ်နေသည်ကိုလည်း သတိ
မိလေသည်။

နောက်ဆုံးမှာတော့ အဖြေတစ်ခုတွေ့ရလေသည်။
ရာတစ်ခုက ခပ်သေးသေးဖြစ်ပြီး ကျန်ခြေရာက အနည်း
ပိုကြီးလေသည်။

"ငါ့အထင်ပြောရရင်တော့ အခုသေတဲ့လူက မဟိ
မဟုတ်ဘူး၊ သူက မဟိန္ဒနဲ့ ရုပ်ချင်းတူတာလည်း ဖြစ်ချင်
မယ်၊ သူ့အသတ်ခံလိုက်ရတာဖြစ်နိုင်တယ်. . "

"သူ့ကို ဘယ်သူသတ်သွားတာလဲ"

"မဟိန္ဒပဲ ဖြစ်မှာပေါ့၊ ဘာကြောင့်လည်းဆိုတော့ မိ
ဓာတ်ရှိသူတွေဟာ အရှင်ထွက် ထွက်တဲ့အခါ ရေနဲ့ထွက်





ရှိတဲ့နေရာမှာ ပြန်ပေါ်ကြတာဆိုတော့ အချုပ်ခန်းနဲ့ အနီး
မှာ ဒီရေကန်ပဲရှိတာ၊ သူအချုပ်ခန်းထဲက ထွက်လာရင် ဒီရေ
ကန်မှာပဲ ပြန်ပေါ်မှာပေါ့"

"ဒါဖြင့် သူပေါ်လာတဲ့အချိန်မှာ ဟိုလူနဲ့ တွေ့ပြီးသတ်
သွားတာဖြစ်နိုင်တာပေါ့"

ကျော်စွာကဝင်ပြောသည်။

"ဖြစ်နိုင်စရာတော့ရှိပါတယ်၊ ဝိဇ္ဇာလောကပဲဖြစ်ဖြစ်
လောကပဲဖြစ်ဖြစ် သူတို့တစ်တွေနဲ့ ပတ်သက်လာရင် ကျန်တဲ့
သာမန်လူတွေ ဉာဏ်တစ်ထွာတစ်မိုက်နဲ့ လိုက်မမီနိုင်ကြဘူး"

"ဒါထက် အခုရက်ပိုင်းတွင်း မင်းတို့ဂါတ်တဲမှာ လူ
ပျောက်လာတိုင်တာမျိုးမရှိဘူးလား"

"မရှိသေးဘူးဆရာ. . "

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ဘာမှဆက်မ
ပြောတော့ပဲ ကန်ဘောင်ပေါ်သို့ ပြန်တက်လာကြသည်။

ထိုအခါမှ ကန်ဘောင်ရိုးတစ်နေရာတွင် တစ်ကိုယ်လုံး
ဝတ်နက်များ ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက်
ပ်နေသည်ကို မြင်ရသည်။

သူတို့ရှိနေသောနေရာနှင့် အနည်းငယ်ဝေးသော
ကြောင့် မျက်နှာကိုတော့ သဲသဲကွဲကွဲ မမြင်ရပေ။

"ဟိုမှာ အမျိုးသမီးတစ်ယောက် ရပ်နေတယ်"

"နေပါစေ သူလည်း သူ့အကြောင်းရှိလို့ လာတာဖြစ်မှာ
ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောနေစဉ်မှာ ထိုအမျိုးသမီးက ကန်ဘောင်မှ
အခြားတစ်ဖက်သို့ ဆင်းသွားလေသည်။

ကျော်စွာက စိတ်ထဲမှ မသင်္ကာသောကြောင့် ထို
ရာဘက်သို့ ခတ်သုတ်သုတ်ပြေးသွားပြီး လိုက်ကြည့်ရာ
ရောက်သွားသောအချိန်တွင် မြောက်ဘက်စူးစူးသို့ မောင်းသွ
သော ဗီရိုမြင်းလှည်းတစ်စင်းကိုသာ လှမ်းမြင်လိုက်ရလေသည်

ပဟေဠိဆန်လှသော မိန်းမပျိုတစ်ဦးပင်ဖြစ်လေသည်







# အခန်း(၁၀)

# မဟာနန္ဒနှင့် ဒေါက်တာမင်းထင်ကျော်

နောက်ထပ်တစ်ပတ်ခန့် ကြာသောအခါ ဒေါက်တာမင်းထင်ကျော်တို့ ရှိနေသော ရွှေဟောင်းသုတေသန အဆောက်အအုံရှေ့သို့ ဂျစ်ကားတစ်စင်း ရောက်လာသည်။

ဂျစ်ကားပေါ်မှ ဆင်းလာသူမှာ ဉာနအုပ် နာရသန်နှင့် ဇာဂရတို့ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းတို့နှစ်ယောက်အား သီးသန့်အခန်းတွင်းသို့ ခေါ်သွားပြီး ဧည့်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာဆီမှာ အကူအညီတောင်းချင်လို့လာခဲ့တာပါ"

"ပြောပါ နာရသန် တတ်နိုင်တာရှိရင် အကူအညီပေးပါ့မယ်"

"ဒီလိုပါ. . တစ်နေ့က သင်္ချိုင်းမှာမြှုပ်ထားတဲ့ မဟိန္ဒရဲ့အလောင်း မရှိတော့ပါဘူး"

"ဟင်. . ဘယ်ရောက်သွားလို့လည်းဗျ"

"ကျွန်တော်တို့လည်း မသိပါဘူး၊ သင်္ချိုင်းစောင့်က လာပြောတော့မှ သိတာပါ"

"သူက ဘယ်လိုပြောပါသလဲ"

"ညက မည်းမည်းသဏ္ဌာန်ကြီးတွေ သုသာန်ထဲဝင်လာပြီး မြှုပ်ထားတဲ့အလောင်းတစ်လောင်းကို တူးဖော်ယူသွားကြတယ်လို့ပြောပါတယ်၊ သူလည်း ကြောက်တာနဲ့. . ဒီအတိုင်းပဲကြည့်နေရတယ်တဲ့၊ ဒီကနေ့ ကျွန်တော်တို့ သွားကြည့်တော့ အလောင်းမတွေ့ရတော့ပါဘူး"

ဒေါက်တာမင်းထင်ကျော်က ကပ္ပိတန်စီးကရက် တစ်လိပ်ကို မီးညှိဖွာရင်း အတန်ကြာအောင် စဉ်းစားနေသည်။ ပြီးမှ နာရသန်ကို မေးလိုက်သည်။

"မဟိန္ဒ အချုပ်ထဲမှာရှိနေတုန်းက သူနဲ့ပတ်သက်တဲ့ ထူးခြားမှုတွေရှိရင် ကျွန်တော်ကို ပြောပြပါလား"

ထိုအခါမှ နာရသန်က ဇာဂရကို အခြားသို့သွားခိုင်းပြီး သူကြုံတွေ့ရသော အဖြစ်အပျက်အချို့ကို ပြောပြလေသည်။





"ဒါဖြင့် နံရံပေါ်က စာတွေက ခင်ဗျားကိုယ်တိုင် ဖျက်ပေးလိုက်တာပေါ့ဟုတ်လား"

"ဟုတ်ပါတယ် . . သူ့ကိုကြောက်လို့လုပ်ပေးရတာပါ ပြောရရင်တော့ ယုံနိုင်စရာတောင်မရှိပါဘူး. . ၊ ကျွန်တော်အပေါက်ဝမှာရပ်နေတော့ နံရံထဲက သူလက်တစ်ဖက် ထွက်လာပြီး ကျွန်တော်လက်ကို ဆွဲထားတယ်ဗျ"

ထိုစကားကြားသော်လည်း ဒေါက်တာမင်းထင်ကျော်က တွေတွေထူးထူး အံ့သြဟန်တော့မရှိပေ. .

"နောက်ထပ် ထူးခြားမှုတွေရှိရင်လည်း ပြောပြပါဦး"

ထိုသို့မေးသောအခါ နာရသန်၏ မျက်နှာပေါ်တွင် သွေးမရှိတော့သဖြင့် ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။ တစ်စုံတစ်ခုကိုလည်း များစွာထိတ်လန့်ကြောက်ရွံ့နေဟန်ရှိလေသည်။

"ခင်ဗျားမှာ အခက်အခဲတွေရှိနေရင်လည်း ကျွန်တော်တို့ တတ်နိုင်သမျှ အကူအညီပေးနိုင်ပါတယ် အဖြစ်မှန်ကိုသာ ပြောပြပါ"

သည်တော့မှ လေသံတိုးတိုး ပြောသည်။

"ညတုန်းက သူ ကျွန်တော်အိမ်ကိုရောက်လာတယ်"

"ဘယ်သူလဲ"

"သေသွားတဲ့ မဟိန္ဒပေါ့ဗျာ၊ အဖြစ်ကဒီလိုပါ. ."

နာရသန်က သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကို ပြောပြလေသည်။

ညဉ့်ဦးပိုင်းအချိန်ကတည်းက မိုးရိပ်များတက်နေသော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နေလေသည်။ ညဉ့်နက် ပိုင်းအချိန်ရောက်သောအခါ နာရသန်နေသော အဆောင်ဆီ သို့ မည်းမည်းသဏ္ဍာန်တစ်ယောက် ရောက်လာသည်၊

နာရသန်မှာ အရာရှိတစ်ဦးဖြစ်သောကြောင့် ၄င်းနေ သော တိုက်ခန်းမှာ သီးသန့်နေရာ၌ရှိလေသည်။

တံခါးပေါက်သို့ ရောက်သော မည်းမည်းသဏ္ဍာန်သည် ပိတ်ထားသော တံခါးချပ်ကို လက်ဖြင့်အသာတွန်းလိုက်သော အခါ ချက်ထိုးထားသော တံခါးနှစ်ခပ်မှာ အလွယ်တကူပင် ပွင့် သွားလေတော့သည်၊

ထိုအချိန်တွင် နာရသန်က အိမ်ရှေ့ခန်းစားပွဲမှာပင် ရှိနေပြီး မိန်းမနှင့် သမီးဖြစ်သူက အိပ်ခန်းအတွင်း၌ ရှိနေကြ သည်။

"ကျွီ. . ."

ပိတ်ထားသော တံခါးချပ်နှစ်ချပ်က သူ့အလိုအလျောက် ပွင့်လာသောကြောင့် နာရသန်က အလန့်တကြား လှည့်ကြည့် လိုက်တော့ အခန်းပေါက်ဝ၌ ရပ်နေသော မည်းမည်းသဏ္ဍာန် ကို တွေ့ရသဖြင့် နေရာမှထရပ်လိုက်သည်၊

ထိုအချိန်မှာပင် ရပ်နေသူက အတွင်းသို့ဝင်လာသည်၊

"မင်း. . မင်းဘယ်သူလဲ"

အနီးရောက်သောအခါ မီးရောင်ဖြင့် ထိုသူ့မျက်နှာကို မြင်သောအခါ အထိတ်တလန့် ဖြစ်သွားလေသည်၊

"ဟင်. . မင်း. . မင်း. ."





သူ့မြင်ရသောမျက်နှာမှာ အခြားသူမဟုတ်ပေ. . . မဟိန္ဒပင်ဖြစ်နေလေသည်။

"မင်းသေသွားပြီ မဟုတ်လား၊ ဘယ်လိုကြောင့် အသက် ပြန်ရှင်ပြီး ငါ့ဆီရောက်လာတာလဲ"

မဟိန္ဒက ကြောက်စရာကောင်းသော အမူအရာမျိုးဖြင့် တစ်ချက်ရယ်လိုက်ရာ သွားဖြဲပြသကဲ့သို့ ရှိလေသည်။

"ငါမသေဘူး၊ ငါ့ကို ဘယ်သူမှ သတ်လို့မရနိုင်တော့ ဘူး၊ မင်းဒီအကြောင်းတွေကို ဘယ်သူမှ မပြောရဘူး၊ ငါပြော တဲ့စကားကို နားမထောင်ရင် ဟိုမှာအိပ်နေတဲ့ မင်းမိန်းမနဲ့ သမီး ကို သတ်ပစ်မယ်"

အခန်းပေါက်ဝဘက်သို့ကြည့်ကာ ပြောလေသည်။

"မ . . ပြောနဲ့ဆို မပြောပါဘူးကွာ ငါနဲ့ ငါ့မိန်းမ ငါသမီး အသက်ကိုတော့ ချမ်းသာပေးပါ. ."

"မင်းကငါ့ကို အကျဉ်းထောင်ထဲ ထည့်ထားတယ်. . ၊ ဒါပေမယ့် ငါလွတ်မြောက်အောင် ဂါထာမန္တန်စာတွေကို ဖွက် ပေးတဲ့အတွက် မင်းတို့အသက်ကို ချမ်းသာပေးလိုက်မယ်. . ဒါပေမယ့် မင်း ငါ့ရဲ့သစ္စာကိုတော့ခံရမယ်"

"ဘယ်လို သစ္စာခံရမှာလည်းကွာ. ."

"ငါ အကြောင်းတွေကို ဘယ်သူမှ မပြောပဲနဲ့ ငါခိုင်းတာ တွေကို လုပ်ပေးရမယ်၊ မဟုတ်ရင် အားလုံး သတ်ပစ်မယ်"

"သတ်တော့ မသတ်ပါနဲ့ကွာ သစ္စာခံဆိုရင်လည်း ခံရ မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီးနောက် သူနှင့် လက်ဝါးချင်းအပ်ကာ သစ္စာခံရလေသည်။

ပြီးတော့မှ မဟိန္ဒက အခန်းတွင်းမှ ပြန်ထွက်သွားလေသည်။ နာရသန်က ကြောက်ကြောက်လန့်လန့်နှင့် ပြောပြနေရင်းမှ ထိုနေရာရောက်တော့ ရပ်လိုက်သည်။

"သူ ညက သချိုင်းကထလာပြီးတော့ ကျွန်တော့်ဆီကို ရောက်လာတာ အမှန်ပါပဲ၊ ဒါကြောင့် ဒီကနေ့သွားကြည့်တော့ သူ့အလောင်းပျောက်သွားတာဖြစ်မှာပါပဲ၊ မဟုတ်မှလွဲရော ဖုတ်ဝင်လာတာဖြစ်မှာပါပဲ ထင်ပါရဲ့"

ဟုပြောသည်။

"ဒီလောက်လည်း မကြောက်ပါနဲ့ နာရသန်. . မိစ္ဆာတွေမှာ စွမ်းအားရှိတယ်ဆိုကြပေမယ့် တွေ့တဲ့လူတိုင်းကိုတော့ ဒုက္ခမပေးနိုင်ကြပါဘူး၊ ခင်ဗျားတို့မိသားစုအတွက် ကျွန်တော်တို့ တတ်နိုင်သလောက် အကူအညီပေးပါ့မယ်. ."

"အားကိုးပါရစေ ဒေါက်တာရယ်. .၊ ဒေါက်တာအကြောင်းကို ဇာဂရုပြန်ပြောပြလို့ သိသင့်သလောက်လည်း သိပြီးပါပြီ၊ ဒါကြောင့် စုံစမ်းစစ်ဆေးတဲ့ကိစ္စတွေမှာလည်း ကျွန်တော်တို့ကို အကူအညီပေးတဲ့အနေနဲ့ စိတ်တိုင်းကျ စစ်ဆေးခွင့်ပေးပါတယ်. . လိုအပ်ရင် စခန်းကပုလိပ်တွေကိုလည်းခေါ်ပြီး အသုံးပြုနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားတို့မိသားစုအတွက်လည်း အန္တရာယ်မရောက်အောင် အကူအညီပေးပါ့မယ်"





ဟုပြောရာ ဝမ်းသာစွာဖြင့် ကျေးဇူးတင်စကားပြောပြီး ပြန်သွားကြလေသည်။

ထိုအခါမှ ဦးဗန်ကောင်းနှင့် ကျော်စွာတို့နှစ်ယောက်က အခန်းထဲသို့ဝင်လာပြီး အခြေအနေမေးကြသည်။

"သုသာန်မှာ မြှုပ်ထားတဲ့ မဟိန္ဒရဲ့အလောင်း ပျောက်သွားလို့ လာပြောတာပါ၊ နောက်တစ်ခုလည်း ရှိသေးတယ်၊ ညက ချက်ချင်းပဲ မဟိန္ဒက သူ့အိမ်ကိုရောက်လာပြီး သူ့အကြောင်းတွေကို ဘယ်သူ့မှ မပြောရဘူးဆိုပြီး လာပြောသွားတယ်"

"ဒါဆိုရင် သေပြီးတဲ့လူက ဖုတ်ဝင်ပြီး ထသွားတာ ဖြစ်မှာပဲ"

ကျော်စွာကပြောသည်။

"ဒါလည်းဖြစ်နိုင်စရာရှိပါတယ်. . . သူပြောသွားတဲ့စကားထဲမှာပါတဲ့ နောက်တစ်ချက်ကတော့ စဉ်းစားစရာပဲ"

"ဘယ်လိုတဲ့လဲ"

"အလောင်းပျောက်သွားတာကို သွားစစ်တော့ သချိုင်းစောင့်ပြောလိုက်တဲ့စကားပဲ၊ ညအချိန်မတော်မှာ သချိုင်းထဲကို လူမည်းကြီးတွေ ဝင်လာပြီး မြှုပ်ထားတဲ့အလောင်းကို တူးဖော်ယူသွားတာလို့လည်းပြောတယ်. . ဒီစကားကတော့ စိတ်ဝင်စားဖို့ကောင်းတာပဲ"

"မောင်ထင်ကျော်က ဘယ်လိုယူဆသလဲ"

"အခုတော့ မပြောနိုင်သေးဘူး၊ တိုက်နီဆောင်ထဲက မဟိန္ဒ ထူးထူးဆန်းဆန်း ထွက်သွားပြီး ရေကန်နားမှာ ..သေနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အချက်က ကွင်းဆက်တစ်ခုရှိရမယ်. . "

"နောက်ပြီး မြှုပ်ထားတဲ့အလောင်းကို လူမည်းကြီးတွေ လာယူသွားပြီး နောက်မှာ နာရသန်အိမ်ကို မဟိန္ဒပြန်ရောက် လာတယ်၊ ဒါတွေဟာတစ်ခုနဲ့တစ်ခု ဆက်စပ်မှုတော့ရှိနိုင်တယ်"

"ဒါထက် သေချာတာကတော့ လူတွေကို တစ်ယောက် ပြီးတစ်ယောက် ဒုက္ခပေးနိုင်တဲ့ မဟိန္ဒ အပြင်မှာရောက်နေတာပဲ သူက ဒီအတိုင်းတော့နေမှာမဟုတ်ဘူး လူတွေကို ဒုက္ခပေးတော့ မှာ အသေအချာပဲ"

"ဘယ်လိုလုပ်ရင်ကောင်းမလဲ အဘ. . "

"ငါတို့ဘက်ကလည်း အကာအကွယ်တစ်ခုခုတော့ ယူ ထားရမှာပေါ့ ငါတို့အချိန်ရရင်တော့ ဟိမဝန္တာက ယောဂီကြီး ကုမာရဆီ တစ်ခေါက်သွားသင့်တယ်လို့ ထင်တယ်"

"သွားကြတာပေါ့အဘရယ် ဒါမှလည်း ကျွန်တော်တို့အ တွက် အကာအကွယ် တစ်ခုခုရမှာပေါ့"

ဟုပြောဆိုတိုင်ပင်ကြလေသည်။

ထိုသို့ရှိနေစဉ် နောက်တစ်ရက်မှာတော့ သတင်းဆိုး တစ်ခုထပ်မံပေါ်ပေါက်လာလေသည်။

အခြားမဟုတ်ပေ။

မဟိန္ဒ၏မိန်းမ ဆာရာ၏မိဘနှစ်ယောက်စလုံး အသတ် ခံကြရခြင်းဖြစ်သည်။

၎င်းတို့နှစ်ယောက်မှာ ဆာရာအသတ်ခံရစဉ်က အခြား သို့ သွားနေကြပြီး ပြန်ရောက်လာပြီး မကြာခင်မှာ အသတ်ခံရ





ခြင်းဖြစ်လေသည်။

တစ်ညမှာတော့. . . ဒေါက်တာမင်းထင်ကျော် တစ် ယောက်တည်း အောက်ထပ်အခန်းထဲ၌ သုတေသနအလုပ်များ လုပ်နေသည်။

ဦးဇန်ကောင်းနှင့် ကျော်စွာတို့နှစ်ယောက်ကတော့ အပေါ်ထပ် ရောက်နေကြသည်။

ထိုအခိုက်မှာပင် ပြတင်းပေါက်အပြင်ဘက်မှ ဖြတ် လျှောက်သွားသော မည်းမည်း သဏ္ဍာန်တစ်ခုကို ရိပ်ခနဲသတိ ပြုမိလိုက်သည်။

အပြင်ဘက်မှာ မိုးတဖွဲဖွဲရွာနေပြီး လေကလည်း တိုက် နေသောကြောင့် သစ်ပင်များက ယိမ်းထိုးနေသည်။ ဒေါက်တာ မင်းထင်ကျော်က အံဆွဲအတွင်းမှာ ထည့်ထားသော သေနတ်ကို ဇာကင်အကျီအတွင်းသို့ထည့်ထားလိုက်သည်။ ထိုအခိုက်မှာပင် ချက်ထိုးထားသော တံခါးနှစ်ချပ်မှာ အလိုလိုပွင့်လာပြီး တစ် ကိုယ်လုံးရေစိုနေသောလူတစ်ယောက် အထဲသို့ဝင်လာသည်။

ဒေါက်တာမင်းထင်ကျော်က နေရာမှထရပ်လိုက်သည် ဝင်လာသူက တစ်လှမ်းချင်း လျှောက်လာပြီး မနီးမဝေးနေရာ ရောက်တော့ ရပ်လိုက်သည်။

မဟိန္ဒပင်ဖြစ်သည်။

ကြီးမားကြံ့ခိုင်သော ကိုယ်ခန္ဓာနှင့် ခက်ထန်ကြမ်းတမ်း သောမျက်နှာမှာ လိုက်ဖက်လှသည်၊

"မင်း. . မဟိန္ဒ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. ."

"ဘာအတွက် ငါ့ဆီလာတာလဲ"

"မင်းကို သတိပေးချင်လို့လာခဲ့တာပဲ. . . မင်းအသ[...] မသေချင်ရင် ကိုယ်နဲ့မသက်ဆိုင်တဲ့အလုပ်တွေကို ဆက်မလု[...] ပါနဲ့"

"ငါ့အလုပ် ငါလုပ်နေတာပဲ၊ မင်းလာပြောလည်း ရ[...] မဟုတ်ဘူး၊ မင်းမှာ မိစ္ဆာစွမ်းအား တစ်ခုရထားတယ်ဆိုတ[...] ငါသိပါတယ်၊ သချိုင်းကပျောက်သွားတဲ့ အလောင်းကလည်[...] မင်းမဟုတ်ဘူးဆိုတာ ကြည့်ရုံနဲ့သိပါတယ်၊ ဒါပေမယ့် မိစ္ဆာစွ[...] အားရှိတိုင်း လူတွေကိုသတ်ပြီး ဒုက္ခပေးနေလို့ မရဘူးကွ"

"ဒါက ငါ့အလုပ်ပဲ. . ငါက မိစ္ဆာဂိုဏ်းသားတစ်ယော[...] ပဲ၊ လူတွေရဲ့ အသက်တွေကို များများသတ်နိုင်လေလေ ငါ့ အ[...] တွက် မိစ္ဆာစွမ်းအားပိုရလေလေပဲ. . ဒီတော့ သတ်ပစ်ရမှာပဲ"

"ငါ့အနေနဲ့ကတော့ ဒါတွေကို လက်မခံနိုင်ဘူး၊ ဖြစ်တ[...] နည်းနဲ့ တားဆီးရမှာပဲ"

"ဒီလိုဆိုရင်တော့ မင်းနဲ့ငါ ရန်သူဖြစ်သွားပြီ၊ မင်းကို[...] အသက်ရှင်ခွင့် မပေးနိုင်တော့ဘူး"

ထိုသို့ ပြောပြီး ရှေ့သို့တိုးဝင်လာရန် ဟန်ပြင်လိုက်သည်[...] နှင့် ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် ထုတ်ချိန်ထား[...] လိုက်သည်။

သေနတ်ကိုမြင်တော့ အံ့ဩသွားလေသည်။

"မင်း ငါ့ကို မသတ်နိုင်ပါဘူး"





"မင်းမှာ မိစ္ဆာစွမ်းအားရှိနေမှန်း ငါသိတယ်၊ ဒါပေမယ့် [...]ယ်လိုသတ်ရမယ်ဆိုတာလည်း ငါသိတယ်၊ မိစ္ဆာစွမ်းအားတွေ [...]ယ်လောက်ပဲ အစွမ်းရှိရှိ ဝိဇ္ဇာစွမ်းအားကိုတော့ မယှဉ်နိုင်ပါ [...]ကွာ. ."

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်က ပေါ်အိတ်ထဲမှ [...]ည့်ထားသော ကြေးပြားတစ်ချပ်ကို ထုတ်ပြီး ထောင်ပြလိုက် [...]သည်။

ကြေးပြားမှာ သုံးလက်မပတ်လည်ခန့်ရှိပြီး ဝင်းလက်နေ [...]သော အင်းချပ်တစ်ချပ်ပင်ဖြစ်သည်။

ထိုအင်းချပ်ကို မြင်သောအခါ မဟိန္ဒမှာ နောက်သို့ [...]ခြေတစ်လှမ်း၊ နှစ်လှမ်း ဆုတ်သွားလေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်ကို စူးစူး [...]ဝါးဝါး တစ်ချက်ကြည့်ကာ အံကြိတ်ပြီး ဝင်လာသော အပေါက်မှ [...]ပြန်ထွက်သွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က နောက်မှလိုက်သွားပြီး [...]ကြည့်လိုက်တော့ အပြင်မှာ ဘာမှမမြင်ရတော့ပေ. .။

သို့သော်လည်း အန္တရာယ်ကတော့ သူတို့ရှိရာသို့ မကြာ [...]ခင် ပြန်လည်ရောက်လာဦးမည်ကတော့ သေချာလှပေသည်။

အပြင်ဘက်မှာ အမှောင်ရိပ်များ ဖုံးနေဆဲပင်ရှိ၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၀)

# မိစ္ဆာကောက်ကို ဖယ်ပျက်စေသော စတ္တုရမ္မိမ်းအား

အိန္ဒိယနိုင်ငံသားတို့က ဟီးမားလယ (နှင်းများ၏အိမ်) ဟု အမည်ပေးထားသော ဟိမဝန္တာတောင်တန်းကြီးမှာ ကမ္ဘာပေါ်တွင် အရှည်လျားဆုံးနှင့်အမြင့်ဆုံး တောင်တန်းတစ်ခုလည်း ဖြစ်ပေသည်။

အရှေ့အနောက်အလျား မိုင်ပေါင်း(၁၅၀၀)ကျော် ရှည်လျားပြီး ဟိမဝန္တာ၌ရှိသော ဧဝရက်တောင်ထိပ်သည် ပေပေါင်း



www.burmeseclassic.com

www.burmeseclassic.com



(၂၉၀၀၀)ကျော်ရှိပြီး ကမ္ဘာပေါ်တွင် အမြင့်ဆုံးတောင်ထွဋ်
လည်း ဖြစ်လေသည်။

ဟိမဝန္တာသည် သံယဇာတပေါကြွယ်ဝသော တော
ဖြစ်ရုံမက ကျောက်ဂူ၊ လိုဏ်ဂူများလည်း ပေါလှပေရာ ယော
သူတော်စင်တို့အတွက် တရားရှာဖွေရန် အကောင်းဆုံးနေ
ဖြစ်တော့သည်။

ဟိမဝန္တာတောင်တန်းပေါ်ရှိ လိုဏ်ဂူများ၊ ဂူပေါက်
တွင် မှီတင်းနေထိုင်ကြသူတို့မှာ ကမ္မဋ္ဌာန်းအားထုတ်သူ
တရားဓမ္မရှာဖွေသူများ ဖြစ်လာကြသည်။ ယောဂီကြီး ကုမာရ
ဟိမဝန္တာတောင်စွယ် တစ်ခုၡ္ဌရှိသော ကျောက်ဂူတစ်ခု၌ နေ
ဖြစ်ပြီး. . . ထိုနေရာ၌နေခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်သေ
ကြောင့် သူ့အိမ်သူ့ယာသဖွယ် ဖြစ်နေချေပြီ။

ဂူမှာအတော်ကျယ်ဝန်းပြီး. . အလယ်နေရာလော
တွင် ထင်းတုံးကြီးများ မပြတ်ထည့်ထားသော မီးဖိုတစ်ခုရှိသည်

ထိုမီးဖိုမှ မီးတောက်များသည် ဘယ်တော့မှ ငြိမ်းသွ
ခြင်းမရှိပဲ အစဉ်သဖြင့် အနွေးဓါတ်ရစေသည်။

ထိုသို့ မီးမပြတ်စေရန်လည်း လုံ့လပြုရသည်။ မိုးရာ
တွင် တောင်ကျရေနှင့်အတူ မျောပါလာသော သစ်ပင်၊ သစ်တုံ
များတို့သည် ဆောင်းရာသီရောက်ပြီး ရေနည်းသွားသောအ
ကမ်းစပ်၌ တင်ကျန်ခဲ့ကြသည်။ ထိုသစ်တုံးများကို မိမိဂူရော
အောင် သယ်ယူထားရသည်။

ရာသီဥတုဆိုးဝါးပြီး အပြင်မထွက်နိုင်သောအချိန်များ





င် မီးဖိုမှ အနွေးဓာတ်ကို အားပြုနေရသည်။ ကုမာရနေသော
အတွင်း၌ မီးဖိုတစ်လုံးအပြင် ကွပ်ပျစ်တစ်ခု၊ သောက်ရေအိုး
စ်လုံး၊ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ၊ တောင်ဝှေးတစ်ချောင်းနှင့်
ခြားအသုံးအဆောင် အနည်းငယ်လောက်သာရှိသည်။

ဂူအရှေ့ဘက်တစ်ဝိုက်တွင် မြေကွက်လပ်များရှိသဖြင့်
လေးစပါးများကို ကြဲပတ်ထားရာ ဖြစ်ထွန်းသောကြောင့်
အတွက်သာမက ကျေးငှက်တိရစ္ဆာန်များကို ကျွေးမွေးရန်
တွက်ပင် ရလေသည်။

ရာသီဥတု သာယာသောအချိန်တွင် နံနက်တိုင်း သ
လေးဆန်များကို မြေကွက်လပ်ပေါ်သို့ ကြဲပက်ကျွေးလျှင်
ကျေးငှက်များစွာတို့ လာရောက်စားသောက်ကြသည်။

ထိုမြင်ကွင်းကပင်လျှင် ဒါနကုသိုလ်အတွက် နေ့စဉ်
ဒိတာပွားစရာဖြစ်ပေသည်။

ကုမာရနေသော တောင်စွန်းပေါ်မှ အရှေ့ဘက်သို့
မျှော်ကြည့်လျှင် သစ်တောများကြားတွင် မြွေတစ်ကောင်ကဲ့သို့
ကွေ့ကွေ့ကောက်ကောက်စီးဆင်းနေသော ဂင်္ဂါမြစ်၏ အချို့
နေရာများအား တစ်စွန်းတစ်စ လှမ်းမြင်ရလေသည်။

ဒေါက်တာမင်းထင်ကျော်၊ ကျော်စွာနှင့် ဦးဗန်ကောင်း
တို့မှာ တောင်ခြေရောက်သည်အထိ ဂျစ်ကားဖြင့် သွားကြသည်။

ထိုနောက် ကားကို တောင်ခြေရှာတွင် ထားခဲ့ပြီး. .
တောင်တက်လမ်းအတိုင်း ခြေလျင်တက်သွားကြသည်။

သူတို့ရောက်သွားသောအချိန်တွင် ကုမာရက ဂူအပြင်



www.burmeseclassic.com

www.burmeseclassic.com



မှ ထွက်စောင့်နေလေသည်။

သူတို့ကိုမြင်တော့ အပြုံးဖြင့်နှုတ်ဆက်ပြီး ဂူအတွင်း
ခေါ်သွားလေသည်။

ဂူထဲရောက်တော့ ဒေါက်တာမင်းထင်ကျော်တို့က အ
အသေပေးလိုက်ကြသည်။

ကုမာရက သူစုဆောင်းထားသော ငှက်ပျောသီးအ
အဝင် အခြားသစ်သီးများနှင့် သောက်ရေထည့်ထားသော
တကောင်းနှင့် ရေခွက်ကို ချပေးသဖြင့် အမောပြေစားသော
ကြသည်။

ကုမာရသည် အဝတ်ဖြူတစ်ထည်ကို တစ်ကိုယ်လုံ
ပတ်ခြုံထားပြီး လည်ပင်း၌ ပုတီးတစ်ကုံးကို ဆွဲထားလေသည်
အဖြူရောင်ဖြစ်နေသော ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်
ခမ်းမွေးတို့မှာ ရှည်လျားစွာဖြင့် မျက်နှာနှင့် ဦးခေါင်းပိုင်းအာ
ဖုံးကွယ်နေကြသည်။

သို့သော်လည်း ထူထဲသောမျက်ခုံးအောက်မှ စူး
တောက်ပသော မျက်လုံးများကတော့ အမှောင်ရိပ်ထဲမှာပ
အရောင်လက်နေလေသည်။

"ဒီကနေ့ သင်တို့ရောက်လာမယ်ဆိုတာ သိလို့ . . .
အပြင်မထွက်ပဲ စောင့်နေတာ"

"ကျွန်တော်တို့လည်း သိချင်စရာလေးတွေရှိလို့ ယော
ကြီးဆီကိုလာကြတာပါ"

"မေးပါ . ."





"မိစ္ဆာစွမ်းအားတွေဟာ ဘယ်လောက်အထိ စွမ်းဆောင်
င်တယ်ဆိုတာ သိချင်ပါတယ်"

"ဝိဇ္ဇာဓါတ်ပဲဖြစ်ဖြစ်၊ မိစ္ဆာဓာတ်ပဲဖြစ်ဖြစ် အသုံးပြုတဲ့
အပေါ်မှာပဲ မူတည်တယ်၊ ဓါတ်တွေကတော့ သူ့သဘောအ
င်း သဘာဝအလျောက် ရှိနေကြတာပါပဲ . . ဒါကို ယူသုံးတဲ့သူ
စိတ်စွမ်းအားပေါ်မှာမူတည်ပြီး အကျိုးသက်ရောက်မှုရှိတာ
င်းလည်း မတူနိုင်ဘူး"

"မိစ္ဆာဓာတ်ကို အသုံးပြုပြီး အပြစ်မရှိတဲ့သူတွေကို ဒုက္ခ
းနေတဲ့ မိစ္ဆာတစ်ကောင်ကို နှိမ်နင်းရမယ့်အကြောင်း တစ်ခု
နေပါတယ်၊ သူတို့ဘယ်လိုနည်းနဲ့ ဖယ်ရှားပေးနိုင်မလဲဆိုတာ
သိချင်ပါတယ်"

"မိစ္ဆာဓာတ် ဘယ်လောက်အင်အားကြီးကြီး ကိုယ်ခံစွမ်း
တောင်းတဲ့သူတွေကိုတော့ အနိုင်မယူနိုင်ပါဘူး၊ မင်း . . သူ့ကို
ယ်ရှားချင်ရင် ကိုယ်တွင်းမှာရှိတဲ့ မိမိရဲ့ ကိုယ်ခံစွမ်းအားတွေကို
င့်တင်ပေးရမယ်"

"ဘယ်လိုမြှင့်တင်ရမလဲ နည်းလမ်းပြောပြပေးပါ"

"လူတိုင်းလူတိုင်းမှာ စွမ်းအားကိုယ်စီရှိကြတယ် . . ဒါ
မယ့် လူအတော်များများက သူတို့မှာ စွမ်းအားရှိတယ်ဆိုတာ
သိကြဘူး၊ စွမ်းအားတွေကလည်း လျှို့ဝှက်စွာရှိနေတော့ သိ
င်ဖို့ခဲယဉ်းလှတယ် . .

မိမိမှာ စွမ်းအားရှိမှန်းသိလို့ အကျိုးရှိရှိ ထုတ်သုံးနိုင်တဲ့
သူအချို့သာ အောင်မြင်မှုရကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိအောင် ဘယ်လိုလုပ်ရပါမလဲ"

"လေ့ကျင့်ယူရမယ် ကိုယ်တွင်းမှာရှိတဲ့ စွမ်းအား
ကတော့ သူ့အလိုလို ပေါ်လာမှာမဟုတ်ဘူး၊ သူပေါ်လာအော
အလေ့အကျင့် လုပ်ပေးရတယ်၊ မျိုးစေ့တစ်စေ့ချထား
ဒီအတိုင်း ပစ်ထားရင်တော့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး၊ အ
အပင်ပေါက်လာအောင် နေ့စဉ် ရေလောင်းပေးမှ အပင်ပေါ
လာပြီး တဖြည်းဖြည်း ရှင်သန်ကြီးထွားလာသလိုမျိုးပေါ့"

"ဒါကဘယ်လို စွမ်းအားမျိုးပါလဲ"

"စိတ်စွမ်းအင်ကို အခြေခံလာတဲ့ မနော့စွမ်းအား
ခေါ်တယ်။ ။ မနော့စွမ်းအားကို ဖော်ထုတ်ပြီး မြှင့်တင်ပေး
ရင် ခန္ဓာကိုယ်တွင်းမှာရှိတဲ့ စက္ကရလို့ခေါ်တဲ့စွမ်းအားတွေ နိုး
လာစေနိုင်တယ်"

ယောဂီကြီးကုမာရက ခန္ဓာကိုယ်တွင်း၌ရှိသော စက္က
(စကြ)များအကြောင်းကို အသေးစိတ် ပြောပြလေသည်။

လူသားများ၏ ကိုယ်တွင်းတွင် စက္ကရ(စကြ)ဟုခေါ်
သော စကြာဌာနကလေးများ (၇)နေရာရှိသည်ဆိုခြင်းမှာ ဟိ
တန်တြ၊ ဗုဒ္ဓဘာသာတန်တြ၊ ဂိုဏ်းသားများ၏ လက်စွဲအယူဝါ
ဖြစ်ပေရာ သင်္ကရိုက်ကျမ်းများနှင့် တိဗက်ကျမ်းများတွင် တွေ့
မြင်ဖတ်ရှုရပေသည်။

နောင်အခါတွင် အနောက်နိုင်ငံကန္တာရီ အတတ်ပညာ
သုတေသီများက သူတို့တွင် ထွန်းကားနေသော ခန္ဓာဗေဒအ
ယင်း (၇)ဌာနနှင့် ကိုက်ညီသော ခန္ဓာဗေဒအခေါ်အဝေါ်များ





ပံ့ပိုးဖြည့်စွက်ပေးခဲ့ကြသည်။

ဤစကြာများသည် ကုဏ္ဍလိနီယောဂနှင့်လည်း ပတ်သက်နေပေသည်။

ကုဏ္ဍလိနီဆိုသည်မှာ မြွေသဏ္ဍာန်ရှိသော စွမ်းအင်ကလေးပင်ဖြစ်၍ အောက်ဆုံးစကြာထဲတွင် ကုဏ္ဍလိနီသည် ခွေနေသည်ဟုဆို၏။

တန်တြဝါဒသည် လိင်များနှင့်ဆက်ဆံသည်ဖြစ်ရာ ဤကုဏ္ဍလိနီစွမ်းအင်ကလေးသည် အခြေခံ စကြာထဲ၌ မိန်းမ၏အင်္ဂါဖြစ်သော ယောနိကို ကိုယ်စားပြုသည့် တြိဂံစောက်ထိုးထဲ၌ ယောကျာ်း၏အင်္ဂါဖြစ်သော လိင်ကိုရစ်ပတ်တည်ရှိနေသည်ဟု ဆိုကြသည်။ နေရာမှာ မေရုဒဏ္ဍခေါ် ကျောရိုး၏ အဆုံးတွင် ဖြစ်သည်။

မေရုဒဏ္ဍ(မြင်းမိုရ်ဝင်ရိုး) ခေါ် ကျောရိုးတစ်လျှောက်တွင် မမြင်ရသော ဖြတ်သန်းလမ်းကြောင်းကြီး သုံးခုရှိသည်ဟု ဆို၏။

၎င်းတို့မှာ ကျောရိုးအဆုံးမှသည် ငယ်ထိပ်အထိ တက်ရောက်နိုင်သော လမ်းကြောင်းကြီးများဖြစ်ကြသည်။

ယင်းဖြတ်သန်းလမ်းကြောင်းများကို သင်္ကရိုက်ဘာသာအားဖြင့် "နာဍီများ" ဟူ၍ ခေါ်ဝေါ်သည်။

ကျောရိုး၏ လက်ဝဲဘက်တစ်လျှောက် တက်သွားသော ဖြတ်သန်းလမ်းကြောင်းကို "ဣဒါနာဍီ" ဟုခေါ်သည်။ လက်ဝဲ နာဍီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ယာဘက်က ဖြတ်သန်းလမ်းကြောင်းသည် "ပိင်္ဂလာနာဍီ" ဟုခေါ်၏။ လက်ယာနာဍီဖြစ်သည်။

ကျောရိုးအလယ်ကောင်တစ်လျှောက် တက်သွားသော ဖြတ်သန်းလမ်းကြောင်းကား ကုဏ္ဍလိနီ၏ တက်ရောက်ရာလမ်းကြောင်းဖြစ်ပေသည်။ ထိုလမ်းကြောင်းကို "စုရှမ်နာနာဍီ" ဟုခေါ်သည်။

စိတ်စူးစိုက်၍ ဘာဝနာပွားခြင်းအားဖြင့် ကုဏ္ဍလိနီ စွမ်းအင်သည် နိုးထ၍ အထက်သို့တက်ရင်း စကြာတစ်ခုပြီး တစ်ခု ဖြတ်သန်းကာ ငယ်ထိပ်ရှိ ပွင့်ချပ်တစ်ထောင်စကြာသို့ ရောက်ရှိပြီး ခရီးလမ်းဆုံးလေသည်။

စကြာတို့သည် ကြာပွင့်သဏ္ဍာန်များဖြစ်ကြ၍ မူလက ငိုက်စိုက်ကျနေကြသည်။

ကုဏ္ဍလိနီ ဖြတ်သန်းလိုက်မှ ကြာပွင့်သည် ခေါင်းထောင်လာ၏။ ထိုအခါ ထိုကြာပွင့်တည်းဟူသော စကြာနှင့် သက်ဆိုင်သည့် တန်ခိုးသတ္တိထူးများကို ရရှိပိုင်ဆိုင်လာရလေတော့သည်။

ဤသို့ဖြင့် ယောဂီပုဂ္ဂိုလ်သည် ဆဋ္ဌာရုံဖြင့်မြင်ခြင်း၊ ဆဋ္ဌာရုံဖြင့် ကြားခြင်း၊ အတိတ်အနာဂတ်များကို ဆဋ္ဌာရုံဖြင့် သိခြင်း အစရှိသော ကန္တာရပညာဆိုင်ရာ တန်ခိုးသတ္တိထူးများကို ရရှိ၏။

ထိုကုဏ္ဍလိနီ မြွေစွမ်းအင်သည် ငယ်ထိပ်ရှိ ပွင့်ချပ်တစ်ထောင်စကြာနှင့် ပေါင်းဆုံမိသောအခါတွင်ကား ယောဂီ





သည် ပန်းတိုင်သို့ ရောက်ရှိလေပြီ။ ယောဂီ၏ ကိစ္စပြီးစီးလေတော့သည်။

ဟိန္ဒူများက ထိုနေရာသည် ဗိဿျုကု(ခေါ်) ဗိဿနိုးနတ်ဘုရား၏ စံပယ်ရာ ကြာပွင့်ဟူ၍ အမှတ်အသားပြုကြသည်။

စင်စစ်တွင် အမြင့်ဆုံး ကြာပွင့်ကို "စကြ" ဟူ၍ မခေါ်ကြပေ။ "ပဒ်မ" (ပဒုမ)ဟူ၍သာ ကြာပွင့်ကို ရိုးရိုးကလေး ခေါ်သဖြင့် "စကြာ(၆)ပါး"(ရှတ်ကျတ်ကရ) ဟူ၍သာ သုံးစွဲကြသည်။

သို့ဖြစ်၍ စကြာ(၆)ပါးနှင့် ကြာပွင့်ကြီး တစ်ပွင့်ဟူ၍ သုံးစွဲသင့်ပါသော်လည်း ခေါ်ဝေါ်မှတ်သားလွယ်ကူစေခြင်းငှာ "ကိုယ်တွင်းစကြာ (၇)နေရာ" ဟူ၍သုံးစွဲဖော်ပြထားပါသည်။

အချို့သော အနောက်တိုင်းသား သုတေသီများက ကုဏ္ဍလိနီ ဟူသည်မှာ တိုတောင်းသော လှိုင်းတို လျှပ်စီးကြောင်းသာဖြစ်သည်ဟု ဆိုကြသည်။

အရှေ့တိုင်းသားများကား သူတို့တွင်ရှိသော ကျမ်းလာစကားများထက် မည်သည့်အရာကိုမျှ ပို၍ လက်မခံကြပေ။

သို့ဖြစ်ရာ ဆက်လက်၍ အသေးစိတ် ဖော်ပြရာ၌ ဆေးသိပ္ပံက သတ်မှတ်ထားသော ခန္ဓာဗေဒဆိုင်ရာ နေရာကလေးများမှာ အနောက်တိုင်း ကန္တာရီသုတေသီတို့၏ အာဘော်သာဖြစ်၍ အရှေ့တိုင်းက မူလကျမ်းရင်းများလာ စာလုံးများ မဟုတ်ပေ။

ကိုယ်တွင်း စကြာ(၇)ဖြာကို အသေးစိတ် ဖော်ပြရာ၌



www.burmeseclassic.com

www.burmeseclassic.com



အမိတာ မှိုင်ငြိမ်းပြုသည့်ကျမ်းမှာ "လားမားအနာဂါရိက ဂေါဝိန္ဒ" (LAMA ANAGARIKA GOVINDA) ရေးသားသော "တိဗက် လျှို့ဝှက်ဆန်းကြယ် ပညာရပ်များ၏ အခြေခံများ" ဟု ပြန်ဆိုအပ် သော (FOUNDATIONS OF TIBETAN MYSTICISM) ဟူသော ကျမ်းပင်ဖြစ်သည်။

## ၁။ မူလာဓာရ ချက်ကရ (မူလာဓာရ စကြာ) (MULADHARA CAKRA)

မူလအရင်းအမြစ်စကြာဖြစ်သည်။ တည်ရာဌာနမှာ အင်္ဂါဇာတ်နှင့် စအိုတို့၏အကြား အလယ်နေရာဖြစ်သည်။ အချို့ သော ကန္တာရီအတတ်ရှင်များ အစီအရင်ပြုရာတွင် ဖနောင့်ဖြင့် ဖိပိတ်သောနေရာ ဖြစ်သည်။

ပွင့်ချပ်(၄)ခုရှိသော ကြာပွင့်ဖြစ်၍ ပွင့်ချပ်တစ်ခုစီ ပေါ်တွင် 'ဝံ (ဝံ)၊ ယှံ၊ ရှံ၊ ခံ (သံ)' ဟူသော ဗီဇအက္ခရာလေးခု ပါရှိသည်။

ကြာခွက်ပေါ်တွင် "လံ"ဟူသော ဗီဇအက္ခရာပါရှိသည်။

"လံ" သည်ကား ပထဝီဓာတ်၏ ဗီဇဖြစ်၏။

တွင်စကြာ၏ စီးယာဉ် (ခေါ်) ဝါဟနမှာ ဣန္ဒြေ (သိကြားမင်း) ၏ဆင်မြဖြစ်သော "အိုက်ရာဗွတိ" (AIRAVATI) (ဧရာဝဏ်)ဖြစ်သည်။

ယင်းဆင်တွင် နှာမောင်းခုနစ်ခုပါသည်ဟု ဆိုသည်။





ဤကြာပွင့်၏အတွင်းတွင် အချွန်အောက်စိုက်နေသော တြိဂံပုံ၏ အတွင်းဝယ် မူလစွမ်းအင်ဖြစ်သော ကုဏ္ဍလိနီသည် လိင်သဏ္ဌာန်တွင် ရစ်ပတ်ကျိန်းဝပ်နေ၏။

| | |
|---|---|
| ဓာတ် | = ပထဝီ |
| ဗီဇ | = လံ |
| အရောင် | = အဝါ |
| ပုံစံ | = စတုရန်း |
| ခန္ဓာဗေဒအရတည်ရာ | = ပလက်ဆပ်ပဲ(လ)ဗွစ် (PLEXUS PELVIS) |

## ၂။ သွာဓိဋ္ဌာန ချက်ကရ (SWADHISHTHANA CAKRA)

အင်္ဂါဇာတ်၏ အထက်နားကိုယ်တွင်းတွင် တည်ရှိ သည်။ (ချက်အောက် လက်(၄)သစ်)

ပွင့်ချပ် (၆)ခုရှိ၍ ပွင့်ချပ်များပေါ်တွင် 'ဗံ၊ ဘံ၊ မံ၊ ယံ၊ ရံ၊ လံ' ဟူသော ဗီဇများပါရှိသည်။

ကြာခွက်ပေါ်တွင် အဖြူရောင်လခြမ်းသဏ္ဌာန်နှင့် အဓိ က ဗီဇအက္ခရာ 'ဝံ' (VAM) ပါရှိ၏။

ဝံ(ဝမ်)သည် အာပေါဓာတ်၏ ဗီဇဖြစ်သည်။

စီးယာဉ်မှာ "မကရ" (ခေါ်) မိကျောင်းဖြစ်သည်။

ဓာတ် = အာပေါ



www.burmeseclassic.com

www.burmeseclassic.com



ဗီဇ = ဗွမ် (ဝံ)
အရောင် = အဖြူ
ပုံစံ = လခြမ်း
ခန္ဓာဗေဒအရတည်ရာ = ပလက်ဆပ်ဟိုက်ပိုဂတ်စ်ထရီကပ်(စ်)
(PTEXUS HYPOGASTRICUS)

## ၄။ မဏိပူရချက်ထရ (MANIPURA CAKRA)

ဤစကြာကို "ချက်ကြာပွင့်" ဟုအမိပ္ပါယ်ရသော "နာဘိပဒ်မ" ဟူ၍လည်း တစ်ခါတစ်ရံ ခေါ်ဝေါ်တတ်သည်။

ရင်ဝနှင့် တည့်တည့်အတွင်းဘက်ကျောရိုးနားတွင်တည်ရှိသည်။ (ချက်နောက်ဘက်တွင် တည်သည်ဟူ၍လည်း ဆိုကြသည်။

ပွင့်ချပ် (၁၀)ခုရှိ၍ 'ဍံ၊ ဎံ၊ ဏံ၊ တံ၊ ထံ၊ ဒံ၊ ဓံ၊ နံ၊ ပံ၊ ဖံ' ဟူသော ဗီဇအက္ခရာများပါရှိသည်။

ကြာခွက်တွင် အချွန်အောက်သို့ စိုက်နေသော အနီရောင် တြိဂံရှိကာ အဓိကဗီဇ 'ရံ' ပါရှိသည်။

'ရံ'သည် တေဇောဓာတ်၏ ဗီဇဖြစ်သည်။

ဓာတ် = တေဇော
ဗီဇ = ရံ
အရောင် = အနီ





ပုံစံ = တြိဂံ
ခန္ဓာဗေဒအရတည်ရာ = ပလက်ဆပ်အယ်ပီဂတ်(စ်)ထရီကတ်(စ်) (ဆိုလာပလက်ဆပ်)
(PLEXUS EPIGASTRICUS)
(SOLAR PLEXUS)

## ၅။ အနာဟတချက်ထရ (ANAHATA CAKRA)

နှလုံးသားအတွင်း တည်ရှိ၏။

ပွင့်ချပ် (၁၂)ချပ်ရှိသော ကြာပွင့်ဖြစ်သည်။

'ကံ၊ ခံ၊ ဂံ၊ ဃံ၊ ငံ၊ ကျံ (စံ)၊ ချံ (ဆံ)၊ ဂျံ (ဇံ)၊ ဃျံ (ဈံ)၊ ညံ၊ ဋံ၊ ဌံ' ဟူသောဗီဇအက္ခရာများ ပါရှိ၏။

ကြာခွက်တွင် 'ယံ'ဟူသောအဓိက ဗီဇအက္ခရာပါရှိသည်။

ယင်းသည် ဝါယော၏ ဗီဇဖြစ်ရာ ရွေ့လျားခြင်း သဘောကို ဆောင်သည်ဖြစ်သောကြောင့် စီးယာဉ်မှာ သမင် ဖြစ်လေသည်။

ဓာတ် = ဝါယော
ဗီဇ = ယံ
အရောင် = မီးခိုးရောင်အပြာ
ပုံစံ = ခြောက်ထောင့်ကြယ်



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာဗေဒအရတည်ရာ = ပလက်ဆပ်ကာဒီယဲ့ကပ်(စ်)
(PLEXUS CARDIACUS)

## ၅။ ဗိရှုဒ္ဓ စကြာ (VISHUDDHA CAKRA)

လည်ချောင်းတွင်တည်ရှိသည်။

ထို့ကြောင့် စကားနှင့် မန္တန်တို့၏ အသံများမွေးဖွားရာ ဖြစ်သည်။

ပညာရှင်အချို့က ဤစကြာသည် ဆင္ဓာရုံဖြင့်ကြားခြင်းနှင့် သက်ဆိုင်သည်ဟုဆို၏။

ပွင့်ချပ်(၁၆)ချပ်ရှိ၍ သင်္ကရိုက်ဘာသာ၏ သရ-ဗီဇ များအားလုံးပါရှိသည်။

ကြာခွက်တွင် အချွန်အောက်စိုက်နေသော တြိဂံနှင့် ထိုတြိဂံ၏အထဲတွင် စက်ဝိုင်းရှိသည်။

စက်ဝိုင်းထဲတွင် အဓိကဗီဇ 'ဟံ' ပါရှိသည်။

ထိုဗီဇ၏ စီးယာဉ်မှာ အစွယ်(၆)ချောင်းရှိသော ဆင်ဖြူ ဖြစ်၏။

ဓာတ် = အာကာသ
ဗီဇ = ဟံ
အရောင် = အဖြူ

ခန္ဓာဗေဒအရတည်ရာ = ပလက်ဆပ်ဆာဗစ်ကပ်(စ)





(PLEXUS CERVICUS)
အချို့က သိုင်းရွိုက်ဂလင်း
(THYROID GLAND )
နားတွင်ရှိသည်ဟု ဆိုသည်။

## ၆။ အာ(ဂျ)ညာစကြာ (AJNYA CAKRA)

မျက်ခုံးနှစ်ခုအလယ်၊ မျက်မှောင်တွင်တည်ရှိသည်။

ပွင့်ချပ်တစ်ထောင်ကြာပွင့်၏ တိုင်းကားတွင် တည်ရှိနေသဖြင့် တိဗက်ကျမ်းများတွင် သီးခြားမပြဘဲ ပွင့်ချပ်တစ်ထောင် ကြာပွင့်နှင့် ပေါင်း၍ပြ၏။

ပွင့်ချပ် (၂)ခုသာ ရှိ၏။

ဤအချက်တပင် ဤစကြာသည် အခြားတစ်စုံတစ်ခုကို မှီခိုနေကြောင်းပြသနေသည်ဟု ပညာရှင်များယူဆကြ၏။

ပွင့်ချပ်များပေါ်တွင် 'ဟံ' နှင့် 'ကံ' ဟူသော ဗီဇအက္ခရာများပါရှိ၏။

ကြာခွက်တွင် အချွန်အောက်စိုက်ထားသော တြိဂံပါ၍ တြိဂံထဲတွင် ဥ၏ထက်ဝက် 'အံ' ဗီဇပါရှိသည်။

တတိယမျက်လုံးသဘောကို ဆောင်သည်ဖြစ်၍ ဆဋ္ဌာရုံဖြင့်မြင်ခြင်းစွမ်းရည်ရှိသည် ဟု ယူဆကြသည်။

ဗီဇ = အံ


www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာဗေဒအရတည်ရာ - မက်ဒါးလားအော့ဘလောင်
ဂေးတား
(MEDULLA OBLONGATA)

## ရ။ ဆဟတ်ဆရာရပဒ်မ (SAHASRARA - PADMA)

ငယ်ထိပ်တွင်းတွင် တည်ရှိသည်။ ပွင့်ချပ်တစ်ထော
ရှိသည်။

သို့ဖြစ်၍ အသံအားလုံးတို့နှင့်တကွ စကြာအားလုံးတို့
ဗီဇများပါရှိသည်။

ပဒုမ္မာ ကြာခွက်တွင် 'ဥုံ' ဟူသော ဗီဇအက္ခရာပါ

ထို့ကြောင့် ဤနေရာသည် ကျန်သောစကြာ(၆)ခုထက်
ပို၍ အဆင့်မြင့်သည်။

ထို့ပြင် ထိုအကြောင်းကြောင့်ပင် ဤနေရာကို စကြာ
(ကျတ်ကရ)ဟူ၍ ခေါ်ဝေါ်ခြင်းကို မပြုလုပ်ကြခြင်းဖြစ်လေ
သည်။

ဗီဇ = ဥုံ (OM)
ခန္ဓာဗေဒအရတည်ရာ - ဦးနှောက်
(ပစ်ကျူအစ်ထရီဂလင်း)
(PITUITARY GLAND)

အချို့သောကျမ်းများတွင် ကိုယ်တွင်းစကြာများကို





တမ္ဘာမြေကြီးအပါအဝင် ဂြိုဟ်များဖြင့်လည်း တွဲယှဉ်ပြကြသေး
ရာ ဗဟုသုတအလို့ငှာ ဖော်ပြထားပါသည်။

## ရှေးဟောရာတိုင်းတွင် စကြာ(၆)ခုနှင့် ဂြိုဟ်များဆက်စပ်ပုံ

| | | |
|---|---|---|
| မူလာဓရ | = | ဗုဒ္ဓဟူးဂြိုဟ် |
| ဆွာဓိ (ရှ) ဌာန | - | သောကြာဂြိုဟ် |
| မဏိပူရ | - | ကမ္ဘာဂြိုဟ် |
| အနာဟတ | - | အင်္ဂါဂြိုဟ် |
| ဗိုရှတ်ဓ | - | ကြာသပတေးဂြိုဟ် |
| အဂျ်ညာ | - | စနေဂြိုဟ် |
| ဆဟတ်ဆရာရပဒ်မ | - | နေ၊ လ (တနင်္ဂနွေနှင့် တနင်္လာ) |

ဤကိုယ်တွင်းစကြာများနှင့်ပတ်သက်၍ ဆန္ဒာရုံဖြင့်
မြင်ခြင်းစွမ်းရည်ကို ပိုင်ဆိုင်ထားသည်ဆိုသော သီအိုဆိုဖီ အ
သင်းသား အနောက်တိုင်းသား ဘုန်းတော်ကြီး စီ၊ ဒဗလျူ လက်
ဘီတား(C.W. LEADBEATER) ရေးသားသော "ကျတ်ကရ
များ"ဟု အမည်တွင်ရသည့် သီချင်းကရာ(စ)(THE CHAKRAS)
ကျမ်းစာအုပ်တွင် သူကိုယ်တိုင် သုတေသနပြုမှုများကို အကျယ်
ဖတ်ရှုနိုင်ပါသည်။

ရှေးကျမ်းများ၏ အာဘော်နှင့် ဖွင့်ဆိုချက်ကို ဖတ်ရှု
လိုပါမူ အထက်တွင် ဖော်ပြခဲ့သော လားမားအနာဂါရိက ဝေါ



www.burmeseclassic.com

www.burmeseclassic.com



ဝိန္ဓ၏ ကျမ်းစာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

အထက်ပါအကြောင်းအရာတို့မှာ ယောဂီကြီးကုမာ[illegible] ပြောပြသော စက္ကုရစ္စမ်းအားများအကြောင်းပင် ဖြစ်ပေသည်[illegible]

"မိမိကိုယ်ခန္ဓာထဲက စက္ကုရလို့ခေါ်တဲ့ စွမ်းအား[illegible] အားကောင်းနေမယ်ဆိုရင် ဘယ်လိုမိစ္ဆာမျိုးမှ မိမိကို အန္တရာ[illegible] မပေးနိုင်ပါဘူး"

"ကျွန်တော်တို့ သဘောပေါက်ပါပြီ၊ ဒီထက်ပိုပြီး စွမ်[illegible] အားရအောင် ကြိုးစားပါမယ်"

"ဒါထက် သင့်ဆီမှာ အစွမ်းထက်တဲ့ အင်းပြားတစ်ချပ်[illegible] ပါလာတယ် မဟုတ်လား. . ခဏပေးပါ"

ဟုတောင်းသဖြင့် ဒေါက်တာမင်းထင်ကျော်က အိတ်ထဲ[illegible] မှာ အဆင့်သင့်ပါလာသော အင်းပြားချပ်ကို ထုတ်ပေးလိုက်[illegible] သည်။ ယောဂီကြီး ကုမာရက ထိုအင်းပြားချပ်ကို ယူပြီး လက်ဝဲ[illegible] ချင်းအပ်ကာ အာရုံခံကြည့်နေပြီးမှ ပြောသည်။

"ဒီအင်းပြားချပ်ဟာ သာမန်မဟုတ်ဘူး၊ ထွက်ရပ်ပေါက်[illegible] လမ်းကို ကြွသွားတဲ့ ဆရာတော်ကြီးတစ်ပါး စီရင်ခဲ့တဲ့ အစွမ်း ထက်တဲ့ အင်းတစ်ချပ်ပဲ. . .

သိဒ္ဓိတန်ခိုးရှိတော့ အန္တရာယ်တွေကို ဖယ်ရှားပေးနိုင် တယ်၊ ဒါပေမယ့် ဘယ်လောက်တန်ခိုးသိဒ္ဓိရှိတဲ့ ပစ္စည်းမျိုးပဲ ဖြစ်ဖြစ် အသုံးမပြုတတ်ရင် သိဒ္ဓိတန်ခိုးက ရှိသင့်သလောက်မရှိ ပဲ ဖြစ်တတ်တယ်"

"ဘယ်လိုလုပ်ပေးရမလဲ. . ."





"သူ့ကို သိဒ္ဓိဓာတ်နှိုးပေးရတယ်၊ သိဒ္ဓိဓာတ်ပိုမြင့်လာ အောင်လုပ်ပေးရတယ်၊ သိဒ္ဓိရှိတဲ့ပစ္စည်းတစ်ခုခုကို ရထားပြီး ရင်အိတ်ထဲမှာထည့်ပြီး ဆောင်ထားရုံနဲ့တော့ အကျိုးကျေးဇူး များမှာမဟုတ်ဘူး. . .

ရယ်စရာသဘောမျိုးနဲ့ ပြောရရင်တော့ "ပီယဆေး" ရထားပြီး အိမ်ထဲမှာထိုင်နေရုံနဲ့တော့ ဘယ်သူ့ကိုမှရမှာ မဟုတ် သလိုပေါ့. . ."

"သဘောပေါက်ပါပြီ၊ ဘယ်လိုသိဒ္ဓိဓာတ် မြှင့်ပေးရမယ် ဆိုတာသာ ပြောပြပါ. . ."

"အချိန်ရတာနဲ့ အဓိဋ္ဌာန်ဝင်ပြီး ဗုဒ္ဓဂုဏ်တော်တွေနဲ့ သိဒ္ဓိစွမ်းအား မြှင့်ပေးထားပါ၊ အရေးကြုံလာတာနဲ့ ကိုယ့်အတွက် အကာအကွယ်ရစေနိုင်ပါတယ်. ."

ဟုပြောပြီး အင်းချပ်ကိုပြန်ပေးသဖြင့် ဒေါက်တာမင်း ထင်ကျော်က ပြန်ယူပြီး အိတ်ထဲသို့ ပြန်ထည့်ထားလိုက်လေ သည်။

"မကြာခင်မှာ အန္တရာယ်တစ်ခုနဲ့ ရင်ဆိုင်တွေ့ရလိမ့် မယ်. . စိတ်အေးအေးနဲ့သာ ကျော်ဖြတ်အနိုင်ယူနိုင်ပါစေ. . ."

ဟု ဆုပေးလေသည်။


ထို့နောက် ဒေါက်တာမင်းထင်ကျော်တို့လည်း ယောဂီ ကြီးကုမာရအား နှုတ်ဆက်ပြီးနောက် ဂူအတွင်းမှ ပြန်ထွက်ခဲ့ကြ လေတော့သည်။ နေဝင်ခါနီးအချိန်တော်ပြီမို့ ဟိမဝန္တာတောင် တန်းပေါ်၌ ဆည်းဆာရောင်များက ဖြန့်လွှမ်းထားကြလေသည်။



www.burmeseclassic.com


www.burmeseclassic.com

လူ့ခန္ဓာကိုယ်တွင်းရှိစကြာများ













www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

# ကောသရီနှင့် လျှို့ဝှက်သောနေရာ

အချိန်က ညဥ့်ဦးပိုင်း အချိန်ရောက်နေချေပြီ။ အပြင်ဘက်မှာ အလင်းရောင်မရှိသော်လည်း သုတေသန အဆောက်အအုံမှထွန်းထားသော မီးရောင်အချို့က ပတ်ဝန်းကျင်သို့ ပြန့်နှံ့နေလေသည်။

အချိန်မရှိတော့မည်မို့ သုတေသနအဆောက်အအုံရှိသောနေရာတစ်ဝိုက်မှာ လူသွားလူလာရှင်းနေလေပြီ။

ထိုအချိန်ရောက်တော့မှ အမိုးနှင့်အကာများပါသော



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းတစ်စင်း အဆောက်အအုံရှေ့သို့ ရောက်လာပြီး ရပ်လိုက်လေသည်။

မြင်းလှည်းရပ်သွားပြီးသည်နှင့် တစ်ကိုယ်လုံး အဝတ်နက်ခြုံထားသောသူတစ်ဦး ဆင်းလာပြီး အဆောက်အအုံရှိရာသို့ ဝင်သွားလေသည်။

တံခါးရှေ့ရောက်သောအခါ ရပ်တံ့ပြီး. . တံခါးခေါက်လိုက်သည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

တံခါးခေါက်သံကြားသဖြင့် ဧည့်ခန်းမှာရှိနေသော ဒေါက်တာမင်းထင်ကျော်က ထလာပြီး တံခါးဖွင့်ပေးလိုက်သည်။ သူသည် လက်တစ်ဖက်ကတံခါးဖွင့်ပေးပြီး ကျန်တစ်ဖက်က ဂျာကင်အကျီအိတ်ထဲမှ အဆင်သင့်ထည့်ထားသော သေနတ်ပေါ်သို့ လက်တင်ထားသည်။

တံခါးဖွင့်သွားသော တစ်ကိုယ်လုံး အဝတ်မည်းကြီး ခြုံထားသောအမျိုးသမီးတစ်ယောက် တွေ့ရသည်။ မျက်နှာဖော်ထားသောကြောင့်သာ အမျိုးသမီးဖြစ်မှန်းသိရလေသည်။

သူမကိုမြင်တော့ ရေကန်ပေါ်မှာ မြင်လိုက်ရသည့် အမျိုးသမီးဖြစ်မည်ဟု စိတ်ထဲမှထင်လိုက်သည်။

"ဘာကိစ္စရှိလို့ပါလဲ. . ."

"ကျွန်မ ဆရာ့ဆီက အကူအညီလိုချင်လို့ လာခဲ့တာပါ"

"အထဲကိုဝင်ပါ. . ."

တံခါးကို ဟပေးလိုက်သောအခါ သူမကအတွင်းသို့ ဝင်





လာလေသည်။

သူမဝင်လာပြီးသောအခါ တံခါးကိုပြန်ပိတ်ပြီး ချက်ထိုးထားလိုက်သည်။

ဧည့်ခန်းရောက်တော့ ဦးခေါင်းပေါ်မှာ ခြုံထားသောအဝတ်များကို ဖယ်ပစ်လိုက်ရာ ဖြူဝင်းလှပသောမျက်နှာက ပေါ်လာလေသည်။

"ကျွန်မနာမည် ကေသရီ လို့ခေါ်ပါတယ်"

"ကျွန်တော်က ဒေါက်တာမင်းထင်ကျော်ပါ၊ ဘာများအကူအညီပေးရမလဲ ပြောပါ. . ."

"လူနာတစ်ယောက်ကို ဆေးကုပေးဖို့အကူအညီ လာတောင်းတာပါ. . ."

ထိုအခါမှ သူ့ကို ဆေးကုသော ဒေါက်တာနှင့်မှားပြီး လာခေါ်နေမှန်း သိရတော့သည်။

"ကျွန်တော်က ဆေးကုတဲ့ ဒေါက်တာတစ်ယောက် မဟုတ်ပါဘူးဗျာ. . ."

"ကျွန်မသိပါတယ်. . . လူနာက ဆေးကုတဲ့ဆရာဝန်နဲ့ပြပြီး ကုလို့မရတဲ့ လူနာမျိုးပါ၊ ဒါကြောင့် ဆရာ့ဆီမှာလာပြီး အကူအညီတောင်းရတာပါ. . ."

ကေသရီ ဆိုသော အမျိုးသမီး၏စကားမှာ ပဟေဠိဆန်လှသည်။ ထို့ကြောင့် စိတ်ဝင်စားမိလေသည်။

"ကျွန်တော်က ဘယ်လိုနည်းနဲ့ ကုပေးရမှာလဲ"

"ဟိုရောက်တဲ့အခါ တွေ့ရပါလိမ့်မယ်၊ အခုတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအနေနဲ့ ပြောပြခွင့်မရှိပါဘူး၊ ဆရာအကူအညီပေးဖို့ စိတ်
ဝင်စားရင် ကျွန်မနဲ့လိုက်ခဲ့ပါ. . .”

“ဘယ်နေရာအထိ လိုက်ခဲ့ရမှာလဲ. . .”

“အဲဒါလည်း ပြောခွင့်မရှိပါဘူးရှင်၊ တကယ်လို့ ဆရာ
အနေနဲ့ အကူအညီပေးမယ်ဆိုရင် ကျွန်မတို့ဘက်ကလည်း
ထိုက်ထိုက်တန်တန် ကျေးဇူးပြန်ဆပ်ပါမယ်”

ဟုပြောလေသည်။

ဒေါက်တာမင်းထင်ကျော်က ကေသရီဆိုသော အမျိုး
သမီး၏မျက်နှာကို တစ်ချက်ကြည့်ပြီး လေးလေးနက်နက်စဉ်းစား
နေသည်။

သူမသည် မျက်နှာပေါ်မှာတော့ မိစ္ဆာနှင့်ပတ်သက်
သည့် အရိပ်အယောင်တို့ကို မတွေ့ရပေ. . .။

အတန်ကြာမှ. . .

“ကောင်းပြီလေ. . . ခင်ဗျားအကူအညီ လာတောင်း
တာကို လက်ခံပါတယ်၊ ခင်ဗျားနဲ့ လိုက်ခဲ့ပါမယ်”

ဟုပြောပြီး အတွင်းသို့ ဘောင်းဘီ၊ အကျီ၊ လောင်း
ကွတ် အကျီရှည်တို့ကိုဝတ်ပြီး ဦးခေါင်းပေါ်မှာ သက္ကလတ်ဦးထုပ်
တစ်လုံး ဆောင်းလိုက်သည်။

အကျီအိတ်ထဲမှာ သေနတ်၊ အင်းပြားချပ်တို့အပြင်
အခြားအသုံးအဆောင်တို့ကိုလည်း ထည့်ယူလေသည်။ ပြီးမှ
ဦးဗန်ကောင်းနှင့် ကျော်စွာတို့ကို အကျိုးအကြောင်း မှာထားခဲ့
ပြီး ထိုအမျိုးသမီးနှင့်အတူ အပြင်သို့ ထွက်လိုက်လာသည်။





ရထားပေါ်သို့ရောက်သောအခါ ရထားမောင်းသူအပြင်
ရထားအတွင်း၌ အခြားဖေါ်တစ်ယောက် ရှိနေသေးသည်။ သူ
ရထားလုံးအတွင်း ရောက်သောအခါ ရထားကမောင်းထွက်လာ
လေသည်။

ဒေါက်တာမင်းထင်ကျော်က နာရီကြည့်လိုက်တော့ ကိုး
နာရီ ထိုးနေလေပြီ။

ထိုအခါ ရထားထဲမှာပါလာသူက သူ့ကိုခွင့်တောင်းပြီး
မျက်စိနေရာကို အဝတ်နက်ဖြင့် စည်းပေးလေသည်။

“စိတ်မရှိပါနဲ့ဆရာ. . ကျုပ်တို့က ဝတ္တရားရှိတဲ့အတိုင်း
ဆောင်ရွက်ရတာပါ”

ဟုလည်း ပြောသေးသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ဘာမှမပြောပဲ. .
ရထားသွားနေသောလမ်းများကိုသာ စိတ်ထဲမှ မှန်းဆကြည့်နေ
သည်။

အုတ်များခင်းထားသောလမ်းများ၊ ကျောက်သားများ
ခင်းထားသောလမ်းများပေါ်မှာ အချိန်အတော်ကြာကြာ ဖြတ်
မောင်းသွားပြီးမှ မြေသားလမ်းပေါ်သို့ ရောက်သွားလေသည်။

ကျောက်သားလမ်းများပေါ်မှ မောင်းသွားစဉ်က ရထား
ကို အရှိန်လျှော့ပြီးကွေ့ကောက်ကာ မောင်းသွားရာမှ မြေသား
လမ်းပေါ်သို့ရောက်သောအခါ အရှိန်မြှင့်ပြီး မောင်းလေရာ
ရထားအတွင်းမှာ လူးကာလိမ့်ကာဖြင့် ပါသွားလေတော့သည်။

အချိန်အတော်ကြာအောင် မောင်းသွားပြီးသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်သားလမ်းများရှိသောနေရာသို့ ပြန်ရောက်သွားပြီ
သည်။ ထို့ပြင် သစ်တောအုပ်များရှိသောနေရာသို့ ရောက်သွား
ပြီးကိုလည်း စိတ်ထဲမှသိနေမိသည်။

သစ်တောများအတွင်းမှ အတန်ကြာအောင် မောင်း
သွားပြီးနောက် ဂူတစ်ဂူအတွင်းသို့ရောက်သွားသကဲ့သို့ နံရံ
ပဲ့တင်သံများ ကြားနေရသည်။

နောက်တော့ ရထားရပ်တံ့သွားလေသည်။

ထိုအခါ အနီးမှာရှိနေသူက မျက်နှာပေါ်မှ စည်းထား
သောပုဝါကို ဖြေပေးလိုက်သည်။

ပထမတော့ မျက်စိပြာဝေနေသောကြောင့် ဘာမှမမြင်
ရပေ။ ရထားပေါ်မှ ဆင်းလိုက်သောအခါမှ ကျောက်ဂူကြီးတစ်
ဂူအတွင်းသို့ ရောက်နေသည်ကို တွေ့ရတော့သည်။

ကျောက်ဂူနံရံများပေါ်မှာ မီးတိုင်များ ထွန်းထားသော
ကြောင့် အလင်းရောင်ရှိနေပြီး အခြေအနေကို မြင်နေရသည်။

ဂူအတွင်းမှာလည်း ယောကျာ်း၊ မိန်းမများရှိနေကြပြီး
သူ့အလုပ်နှင့်သူ ရှုပ်နေကြသည်၊

"အခုလို ခေါ်လာရတာ ခွင့်လွှတ်ပေးပါ ဆရာ၊ မလွဲသာ
လို့ လုပ်ရတာပါ"

ကေသရီဆိုသော အမျိုးသမီးက အနားလာပြီး တောင်း
ပန်စကားဆိုလေသည်။

ဒေါက်တာ မင်းထင်ကျော်ကတော့ နားလည်သဘော
ပေါက်သော အမူအရာဖြင့် ခေါင်းညိတ်ပြလိုက်သည်။





"အဘိုးနဲ့တွေ့ရအောင် အတွင်းကိုကြွပါဆရာ . . "ဟု
ပြောပြီး ခေါ်သွားသဖြင့် နောက်မှလိုက်သွားလေသည်။ ကေသရီ
က ဂူအတွင်းပိုင်းဘက်သို့ ခေါ်သွားခြင်းဖြစ်လေသည်။ ထို
အတွင်းပိုင်းမှာလည်း မီးတိုင်များရှိသောကြောင့် ကောင်းစွာမြင်
ရလေသည်။

ထိုအတွင်းပိုင်းမှာလည်း သွားလာနေကြသော လူအချို့
ရှိကြလေသည်။

သူဝင်လာသည်ကိုမြင်သော်လည်း မည်သူကမှ ဂရုတ
စိုက် ကြည့်နေခြင်းမျိုးတော့ မရှိပေ။

တစ်နေရာရောက်သောအခါ ပိတ်ထားသော ကျောက်
တံခါးချပ်ကြီးနှစ်ချပ်ကို တွေ့ရလေသည်။

ထိုနေရာရောက်တော့ ကေသရီက ရှေ့သို့တိုးသွားပြီး
ကျောက်တံခါးချပ်ရှေ့မှာရပ်ပြီး တစ်စုံတစ်ခု ရေရွတ်နေဟန်
ရှိသည်။

ကေသရီက ခေါ်သွားသဖြင့် အတွင်းသို့ဝင်လိုက်သွား
တော့မှ အံ့သြဖွယ်ရာမြင်ကွင်းကို ထပ်မံတွေ့ရတော့သည်။

ထိုအတွင်းဘက်တွင် မီးရောင်များလင်းနေပြီး ထူးဆန်း
သော စက်ကိရိယာများကို တွေ့ရသည်။ အချိန်မှာ (၁၉၄၅)ခုနှစ်
ဝန်းကျင်အချိန်ခန့်ရှိသေးပြီး ဗြိတိသျှနယ်ချဲ့လက်အောက်သို့
ရောက်နေသော အာရှတိုက်နိုင်ငံများမှာ ခေတ်မီတိုးတက်မှု မရှိ
ကြသေးပေ။

ထိုအချိန်မျိုးမှာ အိန္ဒိယနိုင်ငံ၏ တောင်ခြေတစ်ခု၏



www.burmeseclassic.com

www.burmeseclassic.com



ဂူအတွင်း၌ ခေတ်မီလှသော စက်ကိရိယာအစိတ်အပိုင်းများ တပ်ဆင်ထားသည်ကို တွေ့ရသောကြောင့် အံ့သြနေခြင်းဖြစ်သည်။

"ဆရာ အတွင်းကိုကြွပါ၊ အတွင်းမှာ အဘိုးရှိပါတယ်"

ဟုခေါ်သွားပြန်သဖြင့် လိုက်သွားရာ အတွင်းခန်းသို့ ရောက်သောအခါ အသက်အရွယ်ကြီးလှသော အဘိုးအိုတစ်ဦးကို တွေ့ရသည်။

ဆံပင်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများက ဆွတ်ဆွတ်ဖြူနေသကဲ့သို့ အသားအရေကလည်း ဖြူသည်။

ထို့ပြင် အရပ်အမောင်းကလည်း မြင့်မားလှပြီး ရှေးခေတ်လူများ ဝတ်ဆင်သော အင်္ကျီရှည်ကြီးကို ဝတ်ဆင်ထားသည်။ ထိုအဘိုးကြီး ဒေါက်တာမင်းထင်ကျော်ကို တွေ့သောအခါ ဖော်ရွေသောအပြုံးဖြင့် နေရာထိုင်ခင်းပေးသည်။

"ထိုင်ပါ မောင်ရင်. . အခုလို တကူးတကခေါ်လာရတဲ့အတွက် အားနာပါတယ်. . ကျုပ်နာမည်ကတော့ ဦးဒီပ ဖြစ်ပါတယ်"

ဟု သူ့ကိုယ်သူ မိတ်ဆက်လေသည်။

"ဟုတ်ကဲ့. . ကျွန်တော်ကို ခေါ်တဲ့ကိစ္စကို သိပါရစေ"

"တခြားတော့ မဟုတ်ပါဘူး၊ လူနာတစ်ယောက် ပြစ်ပါပဲ"

"တစ်ခုတော့ ကြိုပြောထားပါရစေ၊ ကျွန်တော်က ဆေးကုပေးတဲ့ ဒေါက်တာတစ်ယောက်တော့ မဟုတ်ပါဘူး"





"အဲဒါကို ကျုပ်တို့ သိပါတယ်. . မောင်ရင် တတ်ကျွမ်းတဲ့ ဝိဇ္ဇာပညာတွေက သိပ္ပံပညာတွေထက် အစွမ်းထက်တယ်ဆိုတာလည်း သိပါတယ်"

ထိုစကားကြောင့် တအံ့တသြဖြစ်သွားလေသည်။

"ဒီလောက်လည်း ကြိုတင်ပြီး အထင်မကြီးပါနဲ့အဘ ဝိဇ္ဇာပညာလောကမှာ ကျွန်တော်က လေ့လာတဲ့သူအဆင့်မျိုးပဲ ရှိပါသေးတယ်"

"ဒီလောက်လည်း ကိုယ့်ကိုယ်ကိုယ် မနှိမ့်ချပါနဲ့လေ. . ဝိဇ္ဇာပညာ မရှိဘူးဆိုသော်လည်း သိပ္ပံပညာတတ်တဲ့သူတွေထက်တော့ သာပါတယ်၊ သိပ္ပံပညာရှင်တွေက လေထဲမှာသွားဖို့အခုမှ စက်မှုကိရိယာတွေ အကူအညီနဲ့ ကြိုးစားနေကြတုန်းပဲရှိကြသေးတယ်. . . ဝိဇ္ဇာပညာရှင်တွေက ဓာတ်လုံးတစ်လုံး၊ တောင်ဝှေးတစ်ချောင်းကိုင်ပြီး ဒီအတိုင်းသွားနေကြတာပဲ၊ စက်မှုကိရိယာအသုံးပြုကြတဲ့ သိပ္ပံပညာရှင်တွေက တစ်နေရာက တစ်နေရာသွားဖို့ အချိန်အတော်ကြာအောင် သွားရတယ်၊ ဝိဇ္ဇာပညာရှင်တွေက သွားချင်တဲ့နေရာကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ရောက်နိုင်ကြတယ်. . ဘယ်လောက်ကွာသလဲ"

"မှန်ပါတယ်ခင်ဗျား၊ ကျွန်တော် ဘာအကူအညီပေးရမယ်ဆိုတာသာ ပြောပါ. . တတ်နိုင်တဲ့ ကိစ္စဆိုရင် အကူအညီပေးပါ့မယ်. . "

ဟု ပြောသောအခါမှ အခန်းတစ်ခုအတွင်းသို့ ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြန်လေသည်။ ထိုအခန်းအတွင်းမှာတော့ အခန်းအလယ်[illegible]
ကျောက်စင်ပေါ်မှာ တင်ထားသော အလောင်းတစ်လောင်း[illegible]
တွေ့ရသည်။

"ဒီအလောင်းကို ကြည့်ပေးပါ"

ဟုပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တ အနား[illegible]
သွားပြီး ဖုံးအုပ်ထားသော အဝတ်စကို ဖယ်ကြည့်လိုက်သည်[illegible]

"ဟင်. . ."

အခြားမဟုတ်ပေ. . .

ထိုအလောင်းမှာ သုသာန်၌ပျောက်သွားသော. . [illegible]
လောင်းပင်ဖြစ်လေသည်။

မဟိန္ဒမျက်နှာနှင့် အလောင်းပင်ဖြစ်၏။

ရက်အတန်ကြာခဲ့ပြီဖြစ်သော်လည်း ထိုအလောင်းမှာ
မပျက်စီးသေးဘဲ အိပ်ပျော်နေသကဲ့သို့ပင် ရှိသေးသည်၊

"ဒီအလောင်းက ဘယ်လိုကြောင့် ဒီနေရာရောက်နေ[illegible]
ရတာလဲ"

"ကျွန်မတို့ ယူလာခဲ့တာပါ. ."

"မဟိန္ဒနဲ့ ဘယ်လို ဆက်စပ်မှုရှိနေလို့လဲ"

"သူက မဟိန္ဒ မဟုတ်ပါဘူး၊ ကျွန်မတို့ လူတစ်ယောက်
ပါ"

"ဘယ်လိုကြောင့် မဟိန္ဒ မျက်နှာပြောင်းနေတာလဲ"

"မိစ္ဆာအတတ်နဲ့ ပြောင်းထားခဲ့တာဖြစ်ပါတယ်"

ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်မှာ သူ[illegible]





[illegible]ငမြင်ယူဆထားခဲ့သလို ဖြစ်နေသောကြောင့် သိပ်တော့အံ့ဩ
[illegible]င်းတော့ မဖြစ်မိပေ. .။

သို့သော် ကေသရီတို့နှင့် ဆက်စပ်မှုရှိနေခြင်းကိုတော့
[illegible]ဩမိလေသည်။

"ဒီအလောင်းက သေပြီးတာကြာခဲ့ပြီ မဟုတ်လား၊
[illegible]ယ်လိုကြောင့် မပျက်စီးသေးတာလဲ"

"ကျွန်မတို့ အတတ်ပညာနဲ့ စီရင်ထားလို့ မပျက်စီး
[illegible]တာပါ"

"ဘယ်လို အတတ်ပညာမျိုးလဲ ပြောပြနိုင်မလား"

"နောက်တော့ ပြောပြပါ့မယ်ဆရာ လောလောဆယ်
[illegible]တော့ သူ့မျက်နှာကို မူလအတိုင်းပြန်ပြောင်းပေးပါ"

"ပူးကပ်နေတဲ့ မိစ္ဆာကို ခွာပစ်ရမှာဆိုတော့ ကျွန်တော်
တစ်ယောက်တည်းနဲ့တော့ တတ်နိုင်မှာ မဟုတ်ဘူး၊ ဟိုမှာ ကျန်
[illegible]နေတဲ့ ဦးဗန်ကောင်းကို ခေါ်လာပေးပါ"

"ကောင်းပါပြီ သွားခေါ်ပေးပါမယ်"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်ကို ဧည့်ခန်းမှာ
[illegible]ထားခဲ့ပြီး ကေသရီအခန်းတွင်းမှ ပြန်ထွက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်လည်း တစ်ယောက်တည်း
ကျန်ခဲ့ရင်းမှ စိတ်ထဲမှာ မျှော်လင့်ချက်တစ်ခု ဝင်လာလေသည်။
ထိုမျှော်လင့်ချက်မှာ သေချာသည် မသေချာသည်တော့ မသိ
[illegible]ရသေးပေ။

ဤသို့ဖြင့် တဖြည်းဖြည်းနှင့် အချိန်ကုန်သွား[illegible]



www.burmeseclassic.com

www.burmeseclassic.com



အရှက်တက်ချိန်လောက်တွင် ကေသရီနှင့်အတူ ဦးဇန်ကောင်း ပါလာလေသည်။

သူနှင့်အတူသွားလေရာပါသော လွယ်အိတ်ကြီးတစ်လုံး လည်းပါလာသည်။

သူရောက်လာသောအခါ ဒေါက်တာမင်းထင်ကျော် အခြေအနေကို ပြောပြလိုက်သည်။

"ဒါက ကျုပ်တို့အတွက် မခက်ခဲလှပါဘူး မောင်ထ ကျော်ရဲ့ ဖုတ်ဝင်နေတဲ့ အလောင်းကို ဖုတ်ပြန်ထုတ်တဲ့ နည်းမျိုး သုံးရင် မူလမျက်နှာအတိုင်း ပြန်ပေါ်လာမှာပါ"

ဟု အရေးမကြီးသော အမူအရာမျိုးဖြင့် ပြောလေ သည်။ ထို့နောက်မှာတော့ နှစ်ယောက်သား အလောင်းရှိသော အခန်းထဲသို့ ပြန်ဝင်လာပြီး စီစဉ်စရာရှိသည်များကို စီစဉ် လေသည်။

(၎င်းတို့ အသုံးပြုသော ဖုတ်ထုတ်နည်းများကိုတော အသေးစိတ်မရေးတော့ပြီ . . )

အလောင်းအောက်သို့ အင်းချပ်များ စီခင်းပြီးနောက် အလောင်းအပေါ်မှ အဝတ်ဖြုဖယ်ပြီး အဝတ်နက်တစ်ထည်ဖြင့် အပေါ်မှ ဖုံးလိုက်သည်။

ထိုသို့ပြီးမှ ဆေးဖယောင်းတိုင်များ ထွန်းပြီး . ဦးဇ ကောင်းက ဂါထာမန္တန်များ ရွတ်ဖတ်လေသည်။ အတန်ကြာ သောအခါ အခန်းထဲမှာ လေပြင်းတိုက်သကဲ့သို့ အသံများ ကြား လာရသည်။





အရာဝတ္ထုအတော်များများမှာ ငလျင်လှုပ်သကဲ့သို့ လှုပ် ရှားလာလေသည်။

အလောင်းထားသော အခန်းတံခါးပေါက်ကတော့ ဖွင့် ထားလေသည်။

ထိုအခိုက်မှာပင် အဝတ်နက်ဖုံးထားသော အလောင်း တစ်ခုလုံးလည်း လှုပ်ရှားလာလေသည်။

သို့သော်လည်း ဦးဇန်ကောင်းက မျက်စိမှိတ်ထားကာ ဂါထာမန္တန်များကို ဆက်လက်ရွတ်ဆိုနေသည်။ နောက်ဆုံးမှာ တော့ အခန်းထဲမှာ လေတိုက်သံကဲ့သို့ အော်မြည်နေသော အသံ များလည်း ရပ်သွားသည်။ ငလျင်လှုပ်သကဲ့သို့ လှုပ်နေမှုများ လည်း ရပ်တန့်သွားလေသည်။

အတန်ကြာတော့ ပုံမှန်အတိုင်း ပြန်ငြိမ်သွားသောအခါ မှ ဦးဇန်ကောင်းလည်း ဂါထာမန္တန် ရွတ်ဖတ်နေခြင်းများကို ရပ် တန့်လိုက်သည်။

ပြီးနောက် နေရာမှထပြီး အလောင်းပေါ်မှ ဖုံးထား သော အဝတ်စကို ဖယ်လိုက်ရာ မဟိန္ဒရုပ်သွင် ပျောက်သွားပြီး နောက် မူလရုပ်သွင်အတိုင်း ပြန်ဖြစ်နေလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

# အစားထိုး၍မရသော ခံစားမှုများ

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့မှာ ၄င်းတို့ဆောင်ရွက်ပေးရမည့်ကိစ္စ ပြီးသွားသော်လည်း ပြန်မပို့သေးသောကြောင့် အခန်းတစ်ခန်းထဲမှာပင် နေကြရသည်။ နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်သောအခါ ကေသရီကိုယ်တိုင်လာခေါ်သဖြင့် နှစ်ယောက်သား လိုက်သွားကြလေသည်။

ကျယ်ဝန်းသော အခန်းတစ်ခန်းသို့ ရောက်သောအခါ အစားအသောက်များ ပြင်ဆင်ထားသည်ကို တွေ့ရသည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရောက်သွားသောအခါ အခန်းထဲမှာ အခြား သူ
ယောက်ကို တွေ့ရသည်။

ဦးဒီပ၊ ကေသရီနှင့် အခြားတစ်ယောက်တို့ဖြစ်သည်
ထိုသူကိုမြင်သောအခါ နှစ်ယောက်သား အနည်းငယ်တော
အံ့ဩသွားကြသည်။

ကေသရီက သူတို့ကို အစားအသောက်ဝိုင်းသို့ ခေါ်
သွားပြီး နံနက်စာ စားသောက်ရင်းနှင့်ပင် ပြောပြလေသည်။

"ဆရာတို့ သူ့ကိုသိပါသလား"

"သိပါတယ် ညက မူလရုပ်ပြောင်းပေးခဲ့ရတဲ့သူ မဟုတ်
လား"

"ဟုတ်ပါတယ် သူ့နာမက ကိုသူရလို့ ခေါ်ပါတယ်"

ကိုသူရဆိုသူမှာ ယောကျာ်းပီသသူဖြစ်ပြီး ကေသရီနှင့်
ရှေ့သွားနောက်လိုက် ညီပါပေသည်ဟု ဒေါက်တာမင်းထင်
ကျော် စိတ်ထဲက တွေးလိုက်မိသည်။

"တွေ့ရတာ ဝမ်းသာပါတယ် သူဘယ်လို အသက်ပြန်
ရှင်လာတယ်ဆိုတာ သိခွင့်ရှိရင် သိချင်ပါတယ်"

ထိုသို့ပြောသောအခါ. . ဦးဒီပကာ လက်ဖက်ရည်
သောက်ရင်းမှပင် ပြောပြလေသည်။

"မောင်ရင်တို့ကိုတော့ စိတ်ချယုံကြည်မှုရှိလို့ ပြောပြ
သင့်တာတွေ ပြောပြပါ့မယ်. . ကျုပ်တို့တစ်တွေက ဘူတာဝါဟန
ပညာရှင်တွေရဲ့ အဆက်အနွယ်တွေပါပဲ"

"လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးရာလောက်က ပါဋ္ဌလိပုတ်က





နေ ပျောက်သွားတဲ့ ဘူတာဝါဟနပညာရှင် သံမလရဲ့ အဆက်
အနွယ်တွေများလား"

"မှန်ပါတယ် ကျုပ်တို့က သံမလရဲ့ သားဖြစ်တဲ့ ဦးသက္က
ရဲ့ အဆက်အနွယ်တွေပါပဲ"

"သီရိခေမ္မာသောကမင်းကြီး လက်ထက်မှာ ဘူတာဝါဟန
ပညာရှင် သံမလဟာ အမှုတော်ထမ်းခဲ့တယ်. . အဇာတသတ်
မင်းကြီးလျှို့ဝှက်ထားခဲ့တဲ့ ဓါတ်တော်တိုက်က ယန္တရားစက်ရုပ်
တွေကို ဖယ်ရှားပေးခဲ့လို့ အသောကမင်းထံမှ အမှုထမ်းခွင့်
ရခဲ့တယ်. . .

ဒီအကြောင်းကို ရောမတိုင်းသားတွေက သိတဲ့အခါ
သံမလကို သတ်ဖြတ်ဖို့ သံတံတင်းပေးပို့လိုက်တယ်၊ သံမလဟာ
သူသေရတော့မှာ သိတဲ့အခါ အိမ်ကိုပြန်သွားပြီး သားဖြစ်သူ
ကို မှာစရာရှိတာမှာပြီး သံတံတင်းကို ဖွင့်တဲ့အခါ သေဆုံးသွား
ခဲ့တယ်"

"မှန်ပါတယ်. . မောင်ရင်ပြောတာ အမှန်တွေချည်း
ပါပဲ. . သူက သူသေရကာနီးမှာ သားဖြစ်သူကို ပညာမှတ်တမ်း
တွေပေးပြီး တနယ်တကျေးကို ပြေးခိုင်းခဲ့တယ်၊ သံမလရဲ့သား
သက္ကဆိုတာ ကျုပ်တို့ ဘိုးဘေးတစ်ယောက်ပါပဲ ကျုပ်တို့မျိုးနွယ်
တွေက အဘိုးဦးသက္ကဆီက ဘူတာဝါဟနပညာတွေကို အဆင့်
ဆင့် သင်ယူလာရင်းကနေ အခြားလူတွေ မသိအောင် အခုလို
လျှို့ဝှက်စွာ နေခဲ့ကြတာပါပဲ. . "

ဟု ဦးဒီပက ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်စိတ်ဝင်စားတဲ့ ဘူတာဝါဟနပညာရှင် အ ဆက်အနွယ်တွေနဲ့ အခုလိုတွေ့ခွင့်ရတာ ဝမ်းသာပါတယ်"

ဒေါက်တာမင်းထင်ကျော်က ဦးခေါင်းညွှတ်ကာ အ အသေပေးလိုက်သည်။

"ကျုပ်တို့ကလည်း မောင်ရင်တို့လို ဝိဇ္ဇာပညာရှင်တွေ နဲ့တွေ့ရတာ ဝမ်းသာပါတယ်"

"ကျွန်တော် သိချင်တာ တစ်ခုကို မေးပါရစေ"

"မေးနိုင်ပါတယ်. ."

"ဘူတာဝါဟနပညာနဲ့ လူသားတွေကို ဖန်ဆင်းနိုင်ပါ သလား"

"ဖန်ဆင်းနိုင်ပါတယ်. . လူတွေကို အန္တရာယ်ပြုနိုင်တဲ့ စက်ရုပ်တွေ၊ စက်ယန္တရားတွေကို ဖန်ဆင်းနိုင်သလို လူတွေနဲ့ မခြားတဲ့သူမျိုးတွေကိုလည်း ဖန်ဆင်းနိုင်ကြပါတယ်. ."

ထိုအခါ ဒေါက်တာမင်းထင်ကျော်က အနီးမှာရှိနေကြ သော ကိုသူရနှင့် ကေသရီတို့နှစ်ယောက်ကို အကဲခတ်သလို တစ်ချက်ကြည့်လိုက်သည်။

ထိုနှစ်ယောက်မှာ ကိုသူရကတော့ ဘူတာဝါဟန အ တတ်ပညာ ဆန်ဆင်းထားသော လူတစ်ယောက်ဖြစ်မှန်း သိပြီး ဖြစ်သော်လည်း ကေသရီကတော့ လူသားတစ်ယောက်ပေလား။

ဒါမှမဟုတ် စက်ယန္တရားဖြင့် ဖန်ဆင်းထားသူလားတော့ သေချာစွာမသိရပေ. . .။

"ကျွန်တော်က ဘူတာဝါဟနပညာကို စိတ်ဝင်စားလို့





လေ့လာနေခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ. . တကယ်လို့ အဘအနေနဲ့ ခွင့်ပေးမယ်ဆိုရင်တော့ ဒီပညာရပ်တွေကို လေ့ လာချင်ပါတယ်. ."

"ကျုပ်အနေကလည်း အသက်အရွယ်ကြီးပြီဆိုတော့ မောင်ရင်တို့လို ဒီပညာကို စိတ်ဝင်စားတဲ့သူတွေကို မျှဝေချင်ပါ တယ်. . ဒါပေမယ့် တစ်ခုတော့ရှိပါတယ်. . ကျုပ်တို့ဘိုးဘွား အစဉ်အဆက် ထိမ်းသိမ်းလာခဲ့တဲ့ပညာကို ဆွေစဉ်မျိုးဆက် တွေကိုပဲ သင်ပေးခွင့်ရှိပါတယ်. .

အခြားသူတွေကို သင်ပေးခွင့်မရှိပါဘူး"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ သက် ပြင်းတစ်ချက် ချလိုက်လေသည်။

ဆင်ပြောင်ကြီး အမြီးကျမှတစ် ဆိုသကဲ့သို့ ဘူတာ ဝါဟန အဆက်အနွယ်များနှင့် တိုက်ရိုက်ဆိုင်ဆိုင် တွေ့ရပြီးမှ သူလိုချင်သောပညာကို လေ့လာသင်ယူခွင့် မရသဖြင့် ခဲလေသ မျှ သဲရေကျဖြစ်ရလေသည်။

"ဒီလောက်လည်း စိတ်ပျက်မသွားပါနဲ့၊ တစ်နေ့ကျရင် အခွင့်အရေးရချင် ရလာမှာပါ. . အခုလည်း မောင်ရင်တို့က ကျုပ်တို့အပေါ်မှာ ကျေးဇူးရှိလေတော့ ဘယ်သူမှမပေးတဲ့ အခွင့် အရေးတစ်ခုပေးပါ့မယ်"

ဟုပြောလေသည်။

စားသောက်ပြီးသောအခါ သူတို့နှစ်ယောက်ကို အခန်း ငယ်တစ်ခုအတွင်းသို့ ခေါ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်းထဲမှာ ယန္တရားစက်ရုပ်များ တပ်ဆင်ထားရာ မသိပဲဝင်သွားပါက ၎င်းတို့လက်ချက်ဖြင့် သေဆုံးရမည်မှာ အမှန်ဖြစ်၏။

လက်နက်များကိုင်ဆွဲပြီး အခန်းထဲမှာ ပြေးလွှားနေသော စက်ရုပ်များမှာ လူသားများနှင့် တထေရာတည်း တူလှသည်။ ဦးဒိပ အခန်းထဲအရင်ဝင်သွားပြီး ရုပ်တန့်တော့မှ ရပ်သွားကြလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့အနေကတော့ လွန်ခဲ့သော နှစ်ပေါင်းများစွာက ရှေးမတိုင်းသားများသာ စီရင်ပြုလုပ်ထားသော ဘူတာဝါဟန စက်ယန္တရားရုပ်များကို မြင်တွေ့ရသောကြောင့် အံ့သြမဆုံးအောင် ရှိနေကြသည်။ ထိုအခန်း အလယ်နေရာမှာတော့ ကျောက်သေတ္တာကြီးတစ်လုံးရှိလေသည်။

ထိုနေရာသို့သွားပြီးနောက် ဦးဒိပက ကျောက်သေတ္တာ အဖုံးတစ်နေရာမှ လျှို့ဝှက်ခလုတ်တစ်ခုကို နှိပ်လိုက်သောအခါ အဖုံးကပွင့်လာသည်။

၎င်းခလုတ်နှိပ်သောနေရာတွင် . . အခြားခလုတ်များလည်း အစီအရီရှိနေကြသည်။

အကယ်၍သာ အခြားခလုတ်များနှိပ်မိပါက ကျောက်သေတ္တာအတွင်းမှ ဓားစကြာ လှံစကြာများထွက်လာပြီးနောက် ဖွင့်သူကို သတ်ဖြတ်သွားပေလိမ့်မည်။

ကျောက်သေတ္တာအဖုံးပွင့်သွားသောအခါ အတွင်းမှာ ထည့်ထားသော ကြေးသေတ္တာတစ်လုံးကို ထုတ်ယူလိုက်သည်။





ဦးဒိက ထိုကြေးသေတ္တာငယ်ကို အခြားနေရာသို့ ယူလာရင်း ရှင်းပြသည်။

"ဒီကြေးသေတ္တာဟာ ကျုပ်တို့ဘိုးဘွားအစဉ်အဆက် ဆက်လက်ထိမ်းသိမ်းလာတဲ့ ပစ္စည်းတစ်ခုပဲ"

ဟုပြောပြီး အဖုံးကိုဖွင့်ပြီး အတွင်းမှ အရာဝတ္ထုတစ်ခုကို ထုတ်ပြီး စားပွဲပေါ် တင်ပြလေသည်။

ဒေါက်တာမင်းထင်ကျော်က အနီးသို့ကပ်ကာ အသေအချာကြည့်လေသည်။

ဦးဒိပက ထိုအရာကို ဖြန့်ပြရင်း ရှင်းပြသည်။

အခြားမဟုတ်ပေ။

တစ်ခုလုံး သက္ကတဘာသာဖြင့် စာများရေးထားသော သားရေပြားတစ်ချပ်ပင်ဖြစ်သည်။

ဦးဒိပက ထိုသားရေပြားကို စားပွဲပေါ် သို့ ဖြန့်ပြရင်းနှင့် ရှင်းပြသည်။

"ဒါက တခြားမဟုတ်ပါဘူး၊ အဇာတသတ်မင်းကြီး လက်ထက်တုန်းက ရာဇဂြိုလ်ကနေ ရှေးမတိုင်းကို ဘူတာဝါဟန ပညာသွားသင်ခဲ့တဲ့ ဦးဝိမလ ပေါင်နှစ်ဘက်က ခွာယူထားတဲ့ သားရေပြားနှစ်ချပ်ပါပဲ"

"ဗျာ. . ."

ဒေါက်တာမင်းထင်ကျော်မှာ များစွာအံ့သြသွားလေသည်။

"ဦးဝိမလဟာ အိန္ဒိယကနေ ရှေးမတိုင်းကို ပထမဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပညာသင်သွားတဲ့သူဆိုရင်လည်း မမှားပါဘူး၊ သူက ဦးမိတ္တဆို စကြွာမပညာရှင် တစ်ယောက်ထံမှာ ပညာသင်ယူခဲ့တာပါ နောက်တော့ မာလာဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျပြီးတော့ သားတစ်ယောက်ရတယ်"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ဦးမိတ္တနဲ့ မာလာတို့သေပြီးတဲ့နောက်မှာ ဦးဝိမလဟာ သားဖြစ်သူ သောမကိုခေါ်ပြီး ရာဇဂြိုလ်ကို ပြန်ပြေးခဲ့တယ်. . သူပြန်ပြေးတာကိုသိတာနဲ့ ယန္တရားရုပ်တွေက နောက်ကလိုက် လာပြီးတော့ သူ့ကိုခေါင်းဖြတ်ယူသွားကြတယ်"

"မှန်ပါတယ်. ."

"သူသေသွားတော့ သားဖြစ်သူက ဖခင်ဖြစ်သူရဲ့ ပေါင် နှစ်ဖက်မှာရေးထားတဲ့ စာတွေကို ကူးယူဖို့ အချိန်မရတာနဲ့ ပေါင် နှစ်ဖက်က အရေပြားတွေကို ခွာယူပြီးမှ အလောင်းကို သဂြိုဟ် ထားခဲ့တယ်"

"စိတ်ဝင်စားစရာပါပဲ"

"သားဖြစ်တဲ့ သောမဟာ ပေါင်ကခွာယူခဲ့တဲ့ သာရေ ပြားနှစ်ချပ်ကို မပျက်စီးရလေအောင် ဆေးပညာနဲ့ စီရင်ပြီး ကြေး သေတ္တာထဲထည့်ပြီး သိမ်းဆည်းထားခဲ့တယ် သူလည်း ရာဇဂြိုလ် မှာ မနေဝံ့တာနဲ့ ပါဋလိပုတ်ကို ရွှေ့ပြောင်းနေထိုင်ခဲ့တယ်"

"ဟုတ်ကဲ့"

"ဒီပညာကို အဆင့်ဆင့် လက်ဆင့်ကမ်းပြီး သင်ယူခဲ့ ကြရင်းက သံမလလက်ထက်ရောက်တော့ အသောကမင်းကြီး





ရဲ့ မာတ်တော်တိုက်ကို ဖွင့်ပေးလိုက်တာ ရောမတိုင်းသားတွေက ဒီသတင်းကိုကြားသွားပြီးနောက် သူလည်း သတ်ခံခဲ့ရတယ်"

"ဟုတ်ပါတယ် ဒီကြေးသေတ္တာဟာ သူမသေခင်. . သားဖြစ်တဲ့ သက္ကကိုပေးထားခဲ့တဲ့ ကြေးသေတ္တာပဲ မဟုတ်လား"

"ဟုတ်ပါတယ် ကျုပ်တို့အဘိုး ဦးသက္ကလည်း ပါဋ လိပုတ်ကနေ ထွက်ပြေးတိမ်းရှောင်ခဲ့ရတယ်၊ နောက်ပိုင်းရောက် တော့ သားစဉ်မြေးဆက်ပြောင်းလာရင်းနဲ့ ကျုပ်တို့လက်ထဲ ရောက်ခဲ့တာပါပဲ"

"ဒီပညာကို ဘယ်လိုနည်းနဲ့ သင်ယူခွင့်ရှိပါသလဲ"

"ကျုပ်တို့ရဲ့ ဆွေမျိုးသားချင်း စာရင်းဝင်မှ သစ္စာခံပြီး သင်ယူခွင့်ရပါတယ်. . အခုမောင်ရင်တို့ကတော့ ယုံကြည်စိတ် ချရတဲ့သူတွေမို့ ဒီကြေးသေတ္တာကိုပြတာပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်တို့လည်း မြင် တွေ့ရခဲ့သော ဘူတာဝါဟန မှတ်တမ်းများကို သေသေချာချာ ကြည့်ကြလေသည်။

ပေါင်မှခွာယူထားသော သားရေပြားများမှာ နှစ်ပေါင်း များစွာကြာပြီဖြစ်သော်လည်း မပျက်မစီးပဲကတိအတိုင်းရှိနေခြင်း မှာ ဆေးဝါးအစီအရင်ကောင်းသောကြောင့်သာ ဖြစ်ပေလိမ့် မည်။

အတန်ကြာအောင် ကြည့်ရှုပြီးသောအခါ ဦးဒီပက သားရေပြားနှစ်ချပ်တို့ကို ကြေးသေတ္တာထဲ ပြန်ထည့်ပြီး ပြန်ပိတ် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထိုကြေးသေတ္တာကို ကျောက်သေတ္တာ တွင်း ပြန်ထည့်ပြီး အဖုံးပိတ်ချလိုက်ပြီးမှ ဦးဒီပက ပြောသည်။

"မောင်ရင်တို့နှစ်ယောက် ကျုပ်ကိုကတိတစ်ခုတော့ ပေးကြပါ"

"ဘယ်လိုကတိမျိုးပါလဲ"

"တခြားတော့ မဟုတ်ပါဘူး၊ ဒီကြေးသေတ္တာနဲ့ ကျုပ်တို့တွေနဲ့ တွေ့ခဲ့တာတွေကို အခြားသူတွေကို လုံးဝမပြောပါဘူး ဆိုတဲ့ ကတိပါပဲ"

"စိတ်ချပါ. . ဒီအကြောင်းတွေကို ဘယ်သူ့မှ မပြောပါဘူးလို့ ကျွန်တော်တို့ ကတိပေးပါတယ်"

"အခုလို ကြားရတာ ကျေးဇူးတင်ပါတယ်ကွယ်. . ကဲ မောင်ရင်တို့လည်း အနားယူကြပေဦး၊ ညဥ့်ဦးပိုင်း အချိန်ရောက်တော့ မောင်ရင်တို့နေတဲ့ဆီကို ပြန်ပို့ပေးပါ့မယ်. . . သမီးက သူတို့နှစ်ယောက်ကို ပြသင့်ပြထိုက်တာတွေကို ပြပေးလိုက်ပါကွယ်"

ဟုမှာကြားပြီး အခန်းတွင်းမှ ပြန်ထွက်လာကြသည်။

အပြင်သို့ ရောက်သောအခါ ကေသရီက အနီးပတ်ဝန်းကျင်သို့ လိုက်ပြရန် ခေါ်သောအခါ ဦးဗန်ကောင်းက အလိုက်သိစွာဖြင့် နေရစ်ခဲ့ပြီး ဒေါက်တာမင်းထင်ကျော်သာ လိုက်သွားလေသည်။

၎င်းတို့နေသောဂူမှာ ဟိမဝန္တာတောင်စွယ်တစ်ခုအနီးမှာရှိပြီး အနီးပတ်ဝန်းကျင်တစ်ဝိုက်မှာ သစ်တောအုပ်များ ဖုံးအုပ်





လျက်ရှိသည်။

ထိုနေရာရောက်တော့ အံ့သြဖွယ်ရာမြင်ကွင်းအချို့ကို တွေ့မြင်ရသည်။

သစ်ပင်များပေါ်မှာ မျောက်၊ ငှက်နှင့် အခြားတိရစ္ဆာန်များရှိနေကြသလို တောအုပ်အတွင်းမှာလည်း လူကို အန္တရာယ်ပေးနိုင်သော ကျား၊ ကျားသစ်နှင့် မျောက်ဝံ၊ ဝက်ဝံများ သွားလာနေကြသည်ကို တွေ့ရသည်။

တောရိုင်းတိရစ္ဆာန်များကို တစ်နေရာတည်းမှာ တစုတဝေးတည်း တွေ့ရသဖြင့် အံ့သြသွားလေသည်။

"ဒီတောထဲမှာ သားရဲတိရစ္ဆာန်တွေ များလှချည်းလား"

"ဟုတ်ပါတယ်. . . ဒါတွေက သားကောင်အစစ်တွေ မဟုတ်ကြပါဘူး၊ ဘူတာဝါဟနအတတ်နဲ့ ပြုလုပ်ထားတဲ့ ယန္တရားအရုပ်တွေပါ ပတ်ဝန်းကျင်ကလူတွေ အနှောင့်အယှက် လာမပေးနိုင်အောင် အကာအကွယ်လုပ်ထားတာပါ"

"အံ့သြစရာပဲ"

"သားရဲတိရစ္ဆာန်များမှာ အခြားတောတောင်တို့တွင် သက်ရှိသဘာဝအတိုင်း ရှိနေသော သတ္တဝါများကဲ့သို့ပင် သွားလာလှုပ်ရှားနေလေသည်။

"ဒါဖြင့် ဒီမှာတွေ့နေရတဲ့လူတွေကရော ယန္တရား အတတ်နဲ့ ဖန်ဆင်းထားတာတွေပဲလား"

"ဆရာက ဘယ်လိုထင်လို့လဲ"

ကေသရီက အပြုံးဖြင့် မေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဒီအကြောင်းတွေနဲ့ပတ်သက်ပြီး [illegible] မသိသေးတော့ မခွဲခြားတတ်ပါဘူး"

"ဒီဂူထဲနေကြတဲ့ အဘိုးနဲ့ကျွန်မတို့အပါအဝင် ရှိနေ[illegible] တဲ့ လူတွေဟာ အားလုံး လူသားအစစ်တွေမဟုတ်ကြသလို အ[illegible] လုံးလည်း ယန္တရားရုပ်တွေမဟုတ်ကြပါဘူး"

"ဒီလိုဆိုတော့ အတုနဲ့အစစ်တွေ ရောနေကြတဲ့ [illegible] ဘောပေါ့၊ ဒါပေမယ့် သာမန်နဲ့တော့ ခွဲခြားသိဖို့ မဖြစ်နိုင်ဘူး[illegible] ဘယ်လိုခွဲခြားထားသလဲ"

"ယန္တရားရုပ်တွေနဲ့ လူတွေဟာ သိပ်ပြီး မကွာခြားလှ[illegible] ဘူး၊ ယန္တရားရုပ်တွေကိုလည်း လူတစ်ယောက်နဲ့ တူအောင် တို[illegible] ဆယ်ရာခိုင်နှုန်းလောက်နီးပါး ပြုလုပ်ထားတာပါပဲ၊ ဒါပေမယ့် လူ[illegible] တူအောင် မလုပ်နိုင်တာတစ်ခုတော့ရှိပါတယ်"

"ဘာများလဲ"

"ခံစားမှုလေ. . . ခံစားမှုကိုတော့ အတုလုပ်လို့ဘယ်[illegible] နိုင်ပါမလဲ၊ ခံစားမှုဆိုတာ အသည်းနှလုံးရှိမှ ဖြစ်ပေါ်တာမျိုး[illegible] မဟုတ်လား"

ဟုပြောသည်။

ဒေါက်တာမင်းထင်ကျော်က သူမကို တအံ့တဩ ကြည့်[illegible] ကာခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်. . ."

"ကျွန်မတို့နေတဲ့နေရာမှာ ယန္တရားအတတ်နဲ့ စီမံထား[illegible] တဲ့ လူတွေရော၊ လူသားစစ်စစ်တွေရော ရှိနေကြတယ်၊ ကွာတာ[illegible]





[illegible] ကျမပြောတဲ့ခံစားမှုရှိတာ မရှိတာပဲကွာပါတယ်"

"ဒါဆိုရင်တော့ ရွေးရတာလွယ်ပါတယ်"

"ရှင်. . . ဘယ်လိုရွေးမှာလဲ. . ."

"ဒီလို ကိစ္စမျိုးက ဒီအတိုင်းရွေးလို့မရဘူး၊ အချစ်ကို [illegible]တာဝန်ပေးမှရတယ်၊ ရင်ထဲကခံစားမှုကို တခြားသူက ရှာတွေ့ဖို့ [illegible]လွယ်ဘူး၊ အချစ်နဲ့တွေ့မှ နိုးထလာကြတယ်"

ထိုစကားကြောင့် ကေသရီမျက်နှာပေါ်မှာ ပန်းနုရောင် [illegible]သမ်းလာပြီး အပြုံးရိပ်ကလေးများ ယှက်သမ်းလာလေသည်။

ထိုအခြေအနေကို ကြည့်ပြီး ဒေါက်တာမင်းထင်ကျော် [illegible]က ဆက်ပြောလေသည်။

"အခုအခြေအနေမှာပဲ ကေသရီနဲ့ ပတ်သက်ပြီး သိသင့် သိထိုက်တာတွေကို သိရပြီလေ. . ."

"ဟင် ဘယ်လိုသိတာလဲ. . ."

"ကေသရီဟာ ယန္တရားအတတ်နဲ့ပြုလုပ်ထားတဲ့ သူ [illegible]မဟုတ်ပဲ လူသားတစ်ယောက် ဆိုတာ သိရပြီလေ. . ."

"ဘယ်လိုကြောင့်လဲဟင်. . ."

"အချစ်ဆိုတဲ့စကားကို ကြားရုံနဲ့ ပါးပြင်ပေါ်မှာ ချက် ချင်း ရှက်သွေးဖြာတတ်လာတာကို ကြည့်ရုံနဲ့ သိနိုင်ပါတယ်၊ ဒီထက်ပိုပြီး သေချာစေချင်ရင် တစ်ခုပဲရှိတော့တယ်"

ထိုစကားကြောင့် ကေသရီမှာ မျက်လုံးလေးအဝိုင်းသား ဖြစ်သွားသည်။

"မစိုးရိမ်ပါနဲ့. . . ကျွန်တော်ပြောတာက ကေသရီဟာ



www.burmeseclassic.com

www.burmeseclassic.com

လူသားတစ်ယောက် ဟုတ်မဟုတ်ဆိုတာ သိချင်ရင် ချစ်စ… ကြိုက်စကားပြောကြည့်ရင် ပိုသိရမယ်လို့ ပြောတာပါ"

ထိုအခါမှ မသိမသာ သက်ပြင်းလေးတစ်ချက် ချ… လေသည်။

"တော်သေးတာပေါ့ဆရာရယ်. . . ကျွန်မမှာ တို… စကားနဲ့ကိုယ် ချစ်စကားကြိုက်စကား အပြောခံရတော့မယ်… မှတ်နေတာ. . ."

"အရင်က ဒီလိုစကားမျိုး အပြောခံရဖူးသလားဟင်…"

"ဒီအချိန်ထိတော့ တစ်ခါမှ မကြားဖူးသေးပါဘူး. . ."

"အခုလိုကြားလိုက်ရတော့ ဘယ်လိုခံစားရသ… ဟင်"

"ရင်ထဲမှာတော့ တစ်မျိုးကြီးဖြစ်လာသလိုပဲ"

"ကေသရီကို လူသားတစ်ယောက်ဖြစ်မှန်း သိရတာ… ပဲကျေနပ်ပါပြီ. . ."

"ဘယ်လိုကြောင့်လည်းဟင်. . ."

"ကျွန်တော်က ဘူတာဝါဟနပညာတွေကို စိတ်ဝင်စာ… ပါတယ်၊ သင်ယူဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်၊ အိန္ဒိယမှာ… အခုလို အလုပ်လာလုပ်နေတာက ဒီပညာမျိုးတွေကို ရချင်လို့… ရည်ရွယ်ချက်တစ်ခုလည်း ပါပါတယ်"

ကေသရီက စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။

"အဘိုးဦးဒီပက ဒီပညာကို သင်ယူချင်ရင်. . မိသားစု… ဝင်ဖြစ်မှ သင်ပေးခွင့်ရတယ်လို့ ပြောပါတယ်"





"ဟုတ်ပါတယ်"

"ဒီလိုဆိုတော့ ကေသရီကိုပဲ အကူအညီတောင်းရ…တော့မှာပဲ"

"ကျွန်မက ဘယ်လိုအကူအညီပေးရမလဲ"

"ကျွန်တော်ကို မိသားစုဝင်ဖြစ်အောင် အကူအညီပေး…င်မလားဟင်. . ."

ထိုစကားကြောင့် ရှက်သွေးဖြာသော မျက်နှာလေးဖြင့်…ခါင်းငုံ့သွားလေသည်။

"ဆရာ့စကားကလည်း. . ."

"ကေသရီ အကူအညီပေးမှာလားဟင်. . ."

"ကျွန်မကတော့ အချစ်အကြောင်းတွေကို သိပ်မသိ…ပါဘူး၊ ဆရာပြောတော့ ခံစားမှုနဲ့အချစ်က အတူလုပ်လို့ မရဘူး…ဆို. . ."

"မှန်ပါတယ် အခုပြောနေတဲ့စကားတွေက ဟန်ဆောင်…ပြီး ပြောနေတာမဟုတ်ပါဘူး"

"ဘူတာဝါဟနပညာကို သင်ယူချင်တာနဲ့ ကျွန်မကို ချစ်…ဟန်ဆောင်တာ မဟုတ်ဘူးလားဟင်"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်ပြီး သူမ…လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

ကေသရီက မရုန်းပေ။

သူ့မျက်နှာကို မော့ကြည့်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က ခပ်တိုးတိုး တပ်ပြောလိုက်


www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘုတာဝါဟာန ပညာသင်ချင်လို့ မင်းကို ချစ်ဟန်ဆော
နေတာမဟုတ်ပါဘူး၊ ရင်ထဲက တကယ်နှစ်သက်လို့ ဒီစကား
ပြောတာပါ. . ."

"ကျွန်မကို စဉ်းစားဖို့အချိန်တော့ ပေးပါနော်. . ."

"ကောင်းပါပြီ. . . မင်းဆီက အဖြေရတဲ့အထိစောင့်
ပါမယ်. . ."

ဟုပြောပြီး နှစ်ယောက်သား ထိုနေရာမှ ပြန်လာခဲ့
လေသည်။

သူတို့နှစ်ယောက်ကိုတော့ ကိုသူရဆိုသူက တစ်နေရာ
ရပ်ကြည့်နေရင်းမှ စိတ်မရှင်မပျ ဖြစ်နေဟန်မျိုးရှိလေသည်။







# အခန်း(၁၄)

# မိစ္ဆာလက်ထွင်းကျရောက်ရခြင်း

ညဥ့်ဦးပိုင်းအချိန်တွင် ဗီရိုမြင်းလှည်းတစ်စီးဖြင့် ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့ နှစ်ယောက်ကို ပြန်လိုက်ပို့သည်။

ရထားမောင်းသူတစ်ယောက်အပြင် ကေသရီနှင့် ကိုသူရ တို့နှစ်ယောက်ပါ ပါလာကြသည်။

ကေသရီကတော့ မျက်နှာမကောင်းလှပေ. . .

"ကိုသူရရှိနေသောကြောင့်လည်း ဒေါက်တာမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်အနေဖြင့် ဘာမှမပြောသာပေ. . .

သူတို့ နှစ်ယောက်ကို ပြန်ပို့ပြီးနောက် ပြန်သွားတော့ ကိုသူရက ရထားပေါ်မှာမေးသည်။

"နင်. . . ဟိုလူကို ချစ်နေပြီလား. . ."

"အဲဒါ. . နင်သိရမယ့် အကြောင်းမဟုတ်ပါဘူး. . .

"ဒါပေမယ့် အားလုံးလျှို့ဝှက်ပြီးနေကြတဲ့ ငါတို့အသိုင်းအဝိုင်းထဲကို. . တခြားလူစိမ်းတစ်ယောက် ရောက်လာဖို့ ဆိုတာ မဖြစ်သင့်တဲ့ကိစ္စ မဟုတ်ဘူးလား"

ထိုအခါ ကေသရီ ကစူးစူးဝါးဝါး တစ်ချက်ကြည့်လိုက်လေသည်။

" သူက နင်အခုလို အသက်ပြန်ရှင်ခွင့်ရအောင် အကူအညီပေးခဲ့တဲ့ ကျေးဇူးရှင်ဆိုတာရော မေ့နေပြီလား. . ."

"ကျေးဇူးရှင်တစ်ယောက် ဖြစ်ရုံနဲ့တော့ နင်သူ့ကို မချစ်သင့်ဘူးထင်တယ်. . ."

"အဲ့ဒါက ငါ့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စဆိုတော့ နင်ပြောခွင့်မရှိပါဘူး. . ."

"ပြောရမှာပဲ. . ငါတို့ဆီကို တခြားလူစိမ်းတစ်ယောက် ရောက်လာမှာကိုတော့ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး၊ ဒီအကြောင်းကို အဘိုးကို အသိပေးသင့်ပေးရမှာပဲ"

ဟုပြောလေရာ ကေသရီက ဘာမှပြန်မပြောပဲ အံကိုတင်းတင်းကြိတ်ထားရင် တစ်ဖက်သို့ မျက်နှာလွှဲထားလေသည်။

ရထားကတော့ ဖြည်းဖြည်းမှန်မှန် မောင်းနေလေသည်။





ထိုအခိုက်မှာပင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုက ပေါ်လာလေတော့သည်။

အရှိန်ဖြင့် သွားနေသောရထားလုံးမှာ လမ်းပေါ်မှာချထားသော သစ်တုံးတစ်တုံးကို တိုက်မိကာ အပေါ်သို့မြောက်တက်သွားပြီးမှ 'ဝုန်း'ခနဲပြန်ကျလာလေသည်။ ရထားပေါ်မှာပါသူတို့လည်း လွင့်စင်ကျသွားကြလေတော့သည်။ ကေသရီကတခြား၊ ကိုသူရကတခြား၊ ရထားမောင်းသူက တခြားစီ ဖြစ်သွားလေတော့သည်။

သူတို့ရောက်နေသောနေရာမှာ ကျောက်တောင်တစ်ခုအနီးဖြစ်ပြီး ညအချိန်ဖြစ်သောကြောင့် အမှောင်ရိပ်များက ဖုံးလွှမ်းနေသည်။

ကေသရီက ထိတ်လန့်တကြားဖြင့် လဲကျနေရာမှ ထရပ်လိုက်သည်။

ထိုအခါမှ သူတို့ပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိနေသော မည်းမည်းသဏ္ဍာန်တို့ကို တွေ့ရသည်။

ထိုအထဲမှ မည်းမည်းသဏ္ဍာန်တစ်ခုက အနီးသို့ကပ်လာပြီး လက်ကိုဆွဲလိုက်သည်။

ကေသရီက ခွန်အားရှိသလောက် ပြန်ရုန်းသော်လည်း ကိုင်ထားသောလက်က ခွန်အားကြီးသောကြောင့် မလွတ်တော့ပေ။ အနီးကပ်လာသောအခါမှ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဍာန်နှင့် မျက်နှာကို တွေ့ရလေသည်။

"ငါ ဘယ်သူလဲဆိုတာ နင်သိတယ်မဟုတ်လား၊ ငါ နာ



www.burmeseclassic.com

www.burmeseclassic.com



မည် မဟိန္ဒလို့ခေါ်တယ်”

ထိုစကားကြားသောအခါ ကေသရီက အံတစ်ချက် ကြိတ်လိုက်လေသည်။

“နင်က လူသတ်သမား မိစ္ဆာတစ်ကောင်ပဲ အခုငါတို့တို ဘာကြောင့် အနှောင့်အယှက်ပေးရတာလဲ”

“ငါ ကလဲ့စားချေရမယ့်သူတွေရှိတယ်၊ နင့်ကိုအသုံးချ ပြီး ချေရမယ်”

ဟုပြောပြီး ကေသရီနှင့် ကိုသူရတို့ကို ဖမ်းခေါ်သွား လေသည်။

ကေသရီတို့ နှစ်ယောက်ကို ဖမ်းခေါ်သွားသော်လည်း ရထားမောင်းသောသူကတော့ ထွက်ပြေးသွားသဖြင့် မတွေ့ကြ ရတော့ပေ။

သူတို့ကို လာရောက်ဖမ်းခေါ်ရာမှာတော့ မဟိန္ဒအပါအ ဝင် မိစ္ဆာဂိုဏ်းသား ဆယ်ဦးခန့်ရှိလေသည်။

၄င်းတို့ကို ခေါ်သွားသောနေရာမှာ တောအုပ်တစ်ခု အတွင်းမှာရှိသော ကျောက်ဂူတစ်ဂူအတွင်းသို့ ဖြစ်လေသည်။

ထိုဂူအတွင်းသို့ရောက်သော အခြားမိစ္ဆာဂိုဏ်းသားများ က ချောမောလှပသော ကေသရီကို စူးစူးဝါးဝါး ဝိုင်းကြည့်ကြ သည်။

“သူကိုမထိကြနဲ့. . ငါတို့အသုံးချစရာ အသုံးချပြီးရင် မင်းတို့သဘောကျ ခွင့်ပေးမယ်”

ဟု မဟိန္ဒကပြောလိုက်မှသာ နောက်သို့ဆုတ်သွားကြ





လေသည်။ ဂူအတွင်းသို့ရောက်ပြီး ကိုသူရကို မြင်
မဟိန္ဒကပြောသည်။

“မင်းက တစ်ခါသတ်ရုံနဲ့မသေပါလား။ ငါ့ရှုပ်နဲ့မင်းရဲ့ ကိုယ်တွဲပြီး ငါလုပ်ထားတဲ့အတိုင်းနေရင် မင်းတစ်ခါပဲသေရမယ် အခုတော့မင်း နှစ်ခါသေရတော့မယ်”

“မင်း သတ်လည်း ငါက သေမှာမဟုတ်ဘူး. . တစ်နေ့ ကျရင် ငါကမင်းကို ပြန်သတ်မယ်”

ဟုပြောသောအခါ မဟိန္ဒက ဒေါသတကြီးနှင့် ကိုသူရ အနီးသို့တိုးလာပြီးမေးလိုက်သည်။

“မင်းတို့က ဘယ်လိုကြောင့် သတ်လို့မသေတာလဲ”

“မင်းက မိစ္ဆာစွမ်းအားတွေဝင်ပြီး အသက်ရှင်နေတာ ဖြစ်ပေမယ့် တစ်နေ့ကျလို့ ဒီမိစ္ဆာစွမ်းအားတွေကို နှုတ်ယူနိုင်တဲ့ သူပေါ်လာရင် သေမှာပဲ ငါတို့လို အသက်မရှင်နိုင်ဘူး”

ထိုစကားကို မဟိန္ဒက များစွာစိတ်ဝင်စားသွားလေ သည်။ သူသည် မိစ္ဆာစွမ်းအားများ မရှိတော့ပါက သာမန်လူ တစ်ယောက်သာဖြစ်သည်ကိုတော့ သူကိုယ်တိုင် သိနေသည်၊ ထို့ကြောင့် အစဉ်သဖြင့် အသက်ရှည်ပြီး နေနိုင်သောနည်းကို စိတ်ဝင်စားလေသည်။

မဟိန္ဒက ကိုသူရ၏ လက်တစ်ဖက်ကို ဆွဲကိုင်လိုက်ပြီး မေးလိုက်လေသည်။

“မင်းတို့နည်းက ဘာလဲ. . ငါ့ကိုပြောပါ”

ထိုအခါ ကေသရီကဝင်ပြီး ဟန့်တားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အကြောင်းတွေကို လုံးဝမပြောနဲ့သူရ"

သူရကလည်း မပြောပေ . . ။

"ပြောပါ . ."

"မင်မေးလည်း ငါကပြောမှာ မဟုတ်ဘူး"

ထိုအခါ မဟိန္ဒက ကိုင်ထားသော ကိုသူရလက်ကို လှန်ချိုးပစ်လိုက်သည်။

"ဂျွပ် . ."

တကယ်ဆိုပါက လက်တစ်ချောင်းလုံး အချိုးခံလိုက်ရသောကြောင့် စူးစူးဝါးဝါး အော်သံထွက်လာရမည်ဖြစ်သော်လည်း ကိုသူရထံမှ တစ်ချက်ကလေးမှ အသံထွက်မလာပေ။

ကိုသူရ လက်ဖျံရိုးကျိုးသွားသောကြောင့် တွဲလောင်းကျသွားသောလက်ကိုပင် ငုံ့ကြည့်နေသေးသည်။

"ဒီတစ်ခါ မပြောရင် . . လည်ပင်းချိုးပြီး သတ်ပစ်လိုက်မယ်"

"မပြောနဲ့ သူရ၊ ငါတို့ရဲ့ လျှို့ဝှက်ချက်တွေကို သူမသိစေနဲ့"

ကေသရီကထပ်ပြောသည်။

ဒီတစ်ခါတော့ မဟိန္ဒကစိတ်ကူးတစ်မျိုးပြောင်းသွားလေသည်။

ကိုသူရလက်ကိုလွှတ်ချလိုက်ပြီး ကေသရီရှိရာဘက်သို့ လျှောက်လာသည်။

အနီးသို့ရောက်သောအခါ ကေသရီကိုယ်လုံးကို နောက်





ဘက်မှ သိုင်းဖက်ထားလိုက်ပြီး လက်တစ်ဖက်က ဦးခေါင်းကို ကိုင်ထားလိုက်သည်။

"မင်း ဒီအကြောင်းတွေကို မပြောပဲနေရင် ငါသူ့ကို အခုချက်ခြင်း သတ်ပစ်လိုက်မယ်"

"ငါသေချင် သေသွားပစေ ငါတို့လျှို့ဝှက်ချက်တွေကို သူ့ကို လုံးဝမပြောနဲ့သူရ . ."

ကေသရီက ထိုသို့လှမ်းပြောသော်လည်း ကိုသူရက တော့ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေဟန်ရှိလေသည်။

"မင်းတို့ရဲ့ လျှို့ဝှက်တဲ့နည်းကို ပြောမလား မပြောဘူးလား"

မဟိန္ဒက ကေသရီ၏ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ညှစ်ကိုင်ထားရင်း ထပ်မေးသည်။

နောက်ဆုံးတော့ ကိုသူရက ကေသရီ အတန်တန်တားနေသည့်ကြားမှပင် ဖွင့်ပြောလိုက်ရလေသည်။

"ငါတို့ရဲ့အတတ်ပညာက ဘူတာဝါဟနလို့ခေါ်တဲ့ ပညာပဲ . . . ဒါပေမယ့် မင်းဘယ်တော့မှ မရနိုင်ဘူး"

"ဘူတာဝါဟနပညာဆိုတာ ဘာလဲ"

"ဘူတာဝါဟန ပညာဆိုတာ ဘယ်တော့မှ မသေနိုင်တဲ့လူတွေကို ပြုလုပ်နိုင်တဲ့ ပညာမျိုးပဲ"

"အဲဒီ ပညာကို ငါလိုချင်တယ်"

"မင်းလိုချင်လည်းရမှာမဟုတ်ဘူး၊ ငါတို့မှာ ပေးပိုင်ခွင့်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ငါ့လက်ထဲမှာ ရောက်နေပြီပဲ၊ ငါလိုချင် တာကို မရရအောင်လုပ်ယူရမှာပေါ့. . . ငါကမင်းတို့ကို ဖမ်း တာက ငါ ကလဲ့စားချေချင်တဲ့ လူတွေကို ကလဲ့စားချေဖို့ ဖမ်း တာ အခုတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုသလို ဘယ်တော့မှ မသေနိုင်တဲ့ပညာမျိုးပါ ရတော့မယ်. . . "

ထိုသို့ပြောပြီး သဘောကျစွာဖြင့် ရယ်မောလိုက်သည်။ ထို့နောက်မှာတော့ ကေသရီနှင့်ကို သူရနှစ်ယောက်ကို ဂူတစ်ခု အတွင်းသို့ထည့်ကာ ချုပ်နှောင်ထားလေသည်။ ထိုဂူအတွင်း ရောက်သောအခါမှ ကေသရီက အပြစ်တင်စကားဆိုလေသည်။

"နင့်ကို အသက်ပြန်ရှင်လာအောင်လုပ်ပေးခဲ့တာ ငါ တို့မှားတာပဲ၊ အခုတော့နင့်ကြောင့် ငါတို့ရဲ့ လျို့ဝှက်ချက်တွေကို တခြားသူတွေသိသွားပြီ. . ."

"အဘိုးသိရင်တော့ နင့်ကို ခွင့်လွှတ်မှာမဟုတ်ဘူး"

"ငါအသက်မရှင်ချင်လည်း ရပါတယ်၊ နင်က ငါတို့နဲ့ မတူဘူး၊ သာမန်လူသားတစ်ယောက် မဟုတ်လား၊ နင်တစ်ခုခု ဖြစ်သွားမှာစိုးလို့ ဝင်ပြောတာပါ. . ."

"ဘာပဲဖြစ်ဖြစ် ငါတို့ အကြောင်းတွေကို ဒီမိစ္ဆာကောင် တွေ သိသွားတာတော့မကောင်းဘူး"

"ဒါထက် ငါတို့ကို ဘာအတွက်ဖမ်းတာလဲ"

"ငါလည်း ဘယ်သိပါ့မလဲ. . သူတို့မှာ အကြောင်းရှိလို့ ဖြစ်မှာပေါ့"

ဟုပြောလေသည်။





မကြာခင်မှာပင် သူတို့သိချင်သောအဖြေကို သိရလေ သည်။ မဟိန္ဒက ကေသရီအား ဒေါက်တာမင်းထင်ကျော်ထံ စာတစ်စောင်ရေးပြီးမှာရန် စေခိုင်းလေသည်။

"သူ့ကို ဒီနေရာရောက်အောင် ခေါ်ပေးပါ"

ပထမတော့ ကေသရီက ငြင်းပယ်ရန် စိတ်ကူးလိုက် သေးသည်။ နောက်မှ တစ်စုံတစ်ခုကို သတိရပြီး ရေးပေးရန် သဘောတူလိုက်သည်။

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ ဒေါက်တာမင်းထင် ကျော်တို့ရှိသော ရှေးဟောင်းသုနေသနဌာနသို့ လူတစ်ယောက် ရောက်လာပြီး စာတစ်စောင် လာပေးသွားလေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသောကြောင့် စာရွက်ကို အလျင်အမြန်ဖြေပြီး ဖတ်ကြည့်လိုက်ရာ အောက်ပါ အတိုင်းတွေ့ရလေသည်။

*"ကေအလက် နေလမှာ လာသန္တတွင်းဗြိကွ အကယ် ရီရာယ် ရောက်သေတောင်ပြန်ပါ"*

ထိုစာကို မြင်သောအခါ ဒေါက်တာမင်းထင်ကျော်က အသအချာကြည့်ပြီး အခေါက်ခေါက်အခါခါ ဖတ်ကြည့်နေ သည်။

"စာက ဘယ်လိုရေးထားတာလဲ. . အဓိပ္ပာယ်က ဘယ် လိုတဲ့လဲ ဆရာ. . ."

ကျော်စွာကမေးလိုက်သည်။

ဒေါက်တာမင်းထင်ကျော်လည်း အကြိမ်ကြိမ်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ဦး အစိပ္ပာယ်ဖော်ကြည့်တော့မှ စာ၏ လျို့ဝှက်ချက်ကို တွေ့
လေသည်။

"ဒါက လျို့ဝှက်စာရေးနည်း တစ်ခုပါပဲ. . အစိပ္ပာယ်
တော့ ကေသရီ အန္တရာယ်နဲ့ တွေ့နေပြီဆိုတာပဲ"

"ဒါထက် နေပါဦး၊ ဒီလျို့ဝှက်စာက ဘယ်လိုရေးနည်း
မျိုးလဲ မောင်ထင်ကျော်"

ဦးဗန်ကောင်းကပါ စိတ်ဝင်စားသဖြင့် ဝင်မေးလိုက်
သည်။

"ဒါက ရှေးကလူတွေ အသုံးပြုခဲ့တဲ့ နည်းတွေထဲကတ
ခုပါပဲ၊ ရှေးကလူတွေက တစ်ဦးနဲ့တစ်ဦး အဆက်အသွယ်ပြု
တာကို အခြားသူတွေ မသိစေချင်ရင် အခုလိုလျို့ဝှက်စာ
နည်းတွေ အသုံးပြုကြတယ်၊ သူတို့ အသုံးပြုတဲ့နည်းတွေကတော
အများကြီးရှိတာပေါ့၊ အဲ့ဒီအထဲကမှ တစ်နည်းပါပဲ"

"ဘယ်လိုနည်းမျိုးလဲ"

"ဒါက 'ရာဇမနော်ဟရာ' လျို့ဝှက်စာရေးနည်းလို့ခေ
ပါတယ်. . ရေးနည်းဖတ်နည်းကတော့ အစကနေပြီး ခြော
လုံးကျော်ရေးပြီး ခြောက်လုံးကျော်ဖတ်ရပါတယ်. . စာရွက်ပေ
မှာ ကျွန်တော်ရေးချပြပါ့မယ်"

ဟုပြောပြီး ဒေါက်တာမင်းထင်ကျော်က စာလုံးများ
အစီအစဉ်အတိုင်း ရေးချလိုက်ရာ အောက်ပါအတိုင်း တွေ့
လေသည်။

*"ကေသရီ အန္တရာယ်လက်တွင်း ရောက်နေပြီ. .*





*သေလက္ခ တောင်ဂူထဲမှာ လာကယ်ပါ"*

"ဒီလိုတော့လည်း အလွယ်သားပါလား၊ သူတို့ကို ဘယ်
သူက ဒုက္ခပေးတာဖြစ်မလဲ"

"ကျွန်တော်အထင်ပြောရရင်တော့ မိစ္ဆာဂိုဏ်းသားတွေ
ဖြစ်မှာပေါ့"

"ဘယ်လိုလုပ်မလဲ"

"ဒုက္ခရောက်နေပြီဆိုမှတော့ သွားကယ်ရမှာပေါ့၊ ဒါပေ
မယ့် ကျွန်တော်တို့ချည်း သွားတာနဲ့စာရင် ပဏ္ဍဝဂတ်တဲက
နာရသန်တို့ကိုပါ အသိပေးပြီးသွားတာ ပိုကောင်းမယ်ထင်တယ်"

"ဒါကတော့ ပိုကောင်းတာပေါ့၊ ဒါပေမယ့် ပုလိပ်တွေ
ခေါ်သွားတာသိရင် မိန်းကလေးကို အန္တရာယ်ပေးမှာ စိုးရိမ်ရ
သေးတယ်"

"သူတို့မသိအောင် သွားရမှာပေါ့. . တစ်ခုတော့ရှိတယ်
ဒါက ကျွန်တော်တို့အတွက် ထောင်ချောက်လည်း ဖြစ်နေနိုင်
တယ်ဆိုတော့ သတိဝီရိယထားပြီး အစစအရာရာ ပြင်ဆင်သွား
ကြရမယ်"

ဟုပြောပြီး သုံးယောက်သားတိုင်ပင်ပြီး လိုအပ်သော
အစီအစဉ်များကို ပြုလုပ်ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

# ဦးဒိဝ၏ အကြံအစည်

အချိန်က ညဦးပိုင်းအချိန် ကျော်လွန်လာခဲ့လေပြီ။ မိုးတဖွဲဖွဲ ရွာသွန်းနေသောကြောင့် အမှောင်ထုများက နေရာအနှံ့ ဖုံးအုပ်ထားလေသည်။ သေလက္ခတောင်ရှိသော နေရာတစ်ဝိုက်မှာ တောအုပ်များက ဖုံးအုပ်ထားသောကြောင့် အမှောင်ထုများက ပိုမိုများပြားနေသည်။

ထိုနေရာမှာ လူသူမနေသောနေရာဖြစ်သည်ကတစ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်း တောကြမ်းသောနေရာတစ်ခု ဖြစ်သည်ကတစ်ကြောင်း ကြောင့် ညအချိန်မဆိုထားနှင့် နေ့အချိန်မှာပင် အသွားအလာ မပြုဝံ့သောနေရာများ ဖြစ်ကြသည်။

ထို့ကြောင့် ယခုကဲ့သို့ ရာသီဥတုမကောင်းသောအချိန် များမှာတော့ လူမဆိုထားနှင့် တိရစ္ဆာန်များပင် အသွားအလာ မရှိကြပေ။

ထိုအချိန်မှာပင် သေလက္ခတောင်နှင့် မနီးမဝေးမှာရှိ သောတောအုပ်အတွင်းသို့ လူသုံးယောက် ဝင်လာကြသည်။ ဒေါက်တာမင်းထင်ကျော်၊ ဦးဗန်ကောင်းနှင့် ကျော်စွာတို့ သုံး ယောက်ပင်ဖြစ်သည်။

၎င်းတို့ သုံးယောက်စလုံး မိုးကာအင်္ကျီရှည် အမည်း ရောင်များကို ဝန်ဆင်ထားပြီး ဦးခေါင်းပေါ်မှာလည်း ဦးထုပ် များ ဆောင်ထားလေသည်။

၎င်းတို့သုံးယောက်စလုံးမှာ သေနတ်များပါလာသော် လည်း အသုံးပြု၍မရနိုင်မှန်း သိသောကြောင့် အခြားလက်နက် များကို ယူဆောင်လာကြသည်။

မိစ္ဆာဓာတ်(ဖုတ်ဝင်နေသူများ)ဝင်နေသူများနှင့် တိုက် ခိုက်ရာမှာ သေနတ်ကနေရာတကာမှာ အသုံးမဝင်လှပေ။

ထို့ကြောင့် မြားတပ်ပစ်ရသော လက်နက်အချို့ကို ယူ ဆောင်လာကြလေသည်။

ထိုလက်နက်မှာ ဒူးလေးပုံသဏ္ဌာန်ဖြစ်ပြီး အလျားရော ကိုင်းတံပါ မရှည်လျားလှပေ။





သို့သော် သံကိုင်းတပ်ပြီး စတီးကြိုးတပ်ဆင်ထားသော ကြောင့် ပစ်လျှင် ထိရောက်မှုရှိသည်။

မြားတံကလည်း တစ်ပေခန့်သာရှည်ပြီး ထိပ်ဖူးတွင် သံချွန်များ စွပ်ထားသည်။

ထိုသံချွန်များအတွင်းမှာတော့ ထိသည်နှင့် မိစ္ဆာဓာတ်ရှိ သူများကို သေစေနိုင်သော ဂမုန်းနက်ဖြင့် စီရင်ထားသည့် ဆေး များထည့်ထားသည်။

သံချွန်များကိုလည်း အင်းချပ်များရေးထားသည်။ မိစ္ဆာ ဓာတ်ရှိသူများမှာ သာမန်လက်နက်ဖြင့် ပစ်ပါက မသေပဲ ချက် ချင်း ပြန်ထလာနိုင်လေသည်။

အစီအရင်ပြုလုပ်ထားသော မြားတံဖြင့် ပစ်မှသာ မိစ္ဆာ ဓာတ်ထွက်သွားပြီး သေကျေပျက်စီး နိုင်ကြသည်။ ထိုမြားတံမျိုး ကို နိုင်ငံခြားတိုင်းပြည်များတွင် သွေးစုပ်ဖုတ်ကောင် ဖမ်းဆီးရာ တွင် အသုံးပြုကြသည်။ တစ္ဆေများကို လိုက်လံဖမ်းဆီးပြီး နှိမ်နင်း ကြသော တစ္ဆေလိုက်မုဆိုးများလည်း အသုံးပြုကြသည်။

ထိုလက်နက်မျိုးကို 'မှော်ဝိဇ္ဇာဥ်'လက်နက်ဟု အမည် ပေးထားကြသည်။

ယခု သူတို့သုံးယောက်တွင် မှော်ဝိဇ္ဇာဥ်လက်နက်နှင့် အစီအရင်ဖြင့် ပြုလုပ်ထားသော မြားတံများပါလာကြသည်။

သူတို့သည် ထိုနေရာသို့မလာခင် ပဏ္ဏဝဂတ်တဲမှ နာရသန်ကိုလည်း အကြောင်းကြားထားခဲ့သည်။

ထိုပြင် ၎င်းတို့ထံမှ သေလက္ခတောင်သို့ မည်သို့မည်ပုံ

www.burmeseclassic.com



ရောက်အောင်သွားရမည်ကိုပါ မေးမြန်းမှတ်သားလာခဲ့သော ကြောင့် ယခုကဲ့သို့ ခရီးဖြောင့်အောင် လာနိုင်ကြခြင်းဖြစ် သည်။

ယခုတော့ တောင်ခြေမှာရှိသော ဂူပေါက်ဝကို လှမ်းမြင် ရသောနေရာသို့ ရောက်လာကြချေပြီ။

သုံးယောက်သား အမှောင်ရိပ်တစ်နေရာမှ အခြေ နေကို ကြည့်ကြလေသည်။

"သေလက္ခတောင်ဆိုတာကတော့ ရှေ့မှာ မြင်နေရတဲ့ တောင်ပဲ ဂူတစ်ပေါက်လည်းတွေ့ရတယ်၊ အဲဒီဂူပေါက်အထဲမှာ များရှိလေမလား"

"ဘယ်လိုလုပ်မလဲ အတွင်းဝင်ကြည့်မှာလား"

"အထဲမှာ အခြေအနေဘယ်လိုရှိမှန်း မသိရသေးဘူး ထောင်ချောက်တစ်ခုလည်း ဖြစ်နိုင်တယ်. . အကောင်းဆုံးက တော့ မိစ္ဆာကောင်တွေ အထဲမှာရှိနေရင် အပြင်ကိုထွက်လာ အောင်လုပ်တာက ပိုကောင်းမယ်"

ဒေါက်တာမင်းထင်ကျော်က ကျန်နှစ်ယောက်ကို အ သေးစိတ်ပြောပြပြီးနောက် မှော်ဝိဇ္ဇာဥ်လက်နက်ကို အဆင်သင့် ကိုင်ကာ ဂူပေါက်ဝရှိရာသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွား လေသည်။

သစ်တောများ ရှိနေသောနေရာနှင့် ဂူပေါက်ဝရှိနေ သောနေရာကြားတွင် ကွက်လပ်ကျယ်တစ်ခုရှိနေရာ အမှောင် ရိပ်များ ဖုံးနေသော်လည်း သူလျှောက်လာသည်ကို ဝိုးတဝါး





လှမ်းမြင်နိုင်လေသည်။

ဂူပေါက်ဝနှင့် မနီးမဝေးရောက်သောအခါ ဂူအတွင်း မှ မည်းမည်းသဏ္ဌာန်အချို့ ထွက်လာကြသည်။

၎င်းတို့က ဒေါက်တာမင်းထင်ကျော်ကို အန္တရာယ်ပေး ရန် ပြေးလာကြခြင်းဖြစ်သည်။

"မင်းတို့အတွက်က ဒီကနေ့ နောက်ဆုံးပဲ"

ဟု ပြောပြီး အနီးဆုံးရောက်လာသော မိစ္ဆာကောင်တစ် ကောင်ကို မြားဖြင့်ပစ်ချလိုက်သည်။

ထိသည်နှင့် စူးစူးဝါးဝါး အော်ကာ လဲကျသွားလေ သည်။ နောက်ထပ်ဝင်လာသော နှစ်ကောင်ကိုတော့ အသင့် စောင့်နေသော ဦးဇန်ကောင်းနှင့် ကျော်စွာတို့က သုတ်သင်လိုက် ကြသည်။

ထို့နောက်မှာတော့ သုံးယောက်သား လက်နှိပ်မီးရောင် များကိုအသုံးပြုကာ ဂူပေါက်ဝသို့ ဝင်ကြလေသည်။

သူတို့ဂူပေါက်ဝသို့ရောက်သည်နှင့် အသင့်စောင့်ဆိုင်း နေကြဟန်တူသော မိစ္ဆာကောင်များက သဲကြီးမဲကြီး ဝင်ရောက် တိုက်ခိုက်ကြရာ ပါလာသော မှော်ဝိဇ္ဇာဥ်လက်နက်များကိုပင် အသုံးမပြုနိုင်တော့ပဲ ပြန်လည်တိုက်ခိုက်ကြရတော့သည်။

မိစ္ဆာစွမ်းအား ဝင်နေသူများမှာ ဖုတ်ကောင်ဝင်နေသူ များကဲ့သို့ စွမ်းအားသတ္တိရှိကြသည်။

ရက်စက်ကြမ်းကြုတ်မှုလည်း ရှိကြသည်။

၎င်းတို့ကို တော်ရုံလက်နက်များဖြင့် သတ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

မသေနိုင်ပေ။

ချက်ချင်းပြန်ထလာနိုင်ကြသည်။

နောက်ဆုံး မတတ်သာသည့်အဆုံး သေနတ်များထု ထုတ်ပစ်ကြရတော့သည်။

သေနတ်ဖြင့် ပစ်ခတ်ရာမှာလည်း အခြားနေရာကို ပစ်၍မရပဲ ဦးခေါင်းကို ပစ်ပြီး ကြေမွသွားတော့မှ ကိစ္စပြီးလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့သုံးယောက် တက်ညီလက်ညီ တိုက်ခိုက်ကြလေရာ မိစ္ဆာကောင်အတော်များများ သေကျေပျက်စီးသွားကြစဉ်မှာ ဂူအတွင်းပိုင်းမှာ အသံကြားကြရလေသည်။

"ရပ်လိုက်ကြစမ်း. . မင်းတို့ တိုက်ခိုက်နေတာတွေကို မရပ်ရင်. . . ငါ သူ့ကို သတ်ပစ်လိုက်မယ်"

ထိုအသံကြောင့် လက်နှိပ်မီးရောင်ဖြင့် အသံကြားရာသို့ ထိုးကြည့်လိုက်ရာ လက်တစ်ဖက်ဖြင့် ကေသရီကို ချုပ်ထားသော မဟိန္ဒကို တွေ့ကြရသည်။

"ဆရာ ကျွန်မကို မညှာပါနဲ့. . သေချင်သေသွားပါစေ ဒီမိစ္ဆာကောင်ကို သတ်ပစ်လိုက်ပါ"

ကေသရီကလှမ်းပြောသည်။

ဒေါက်တာမင်းထင်ကျော်က သေနတ်ဖြင့် ချိန်ထားရင်း အခြေအနေကို ကြည့်နေသည်။

မဟိန္ဒရောက်လာပြီဖြစ်သောကြောင့် မိစ္ဆာကောင်များ





ကလည်း ဝင်ရောက်တိုက်ခိုက်ခြင်းမပြုကြတော့။ နံဘေးနားမှ ဝန်းရံကာ မျက်လုံးပြူးများဖြင့် အခြေအနေကြည့်နေကြသည်။

"မင်းတို့လက်နက်တွေအားလုံး အောက်ကိုချပြီး အဖမ်းခံပါ. . ငါပြောတာကို နားမထောင်ရင်သူ့ကို အခုချက်ချင်း သတ်ပစ်လိုက်မယ်. . ."

ဟု ထပ်ပြောလေသည်။

အခြေအနေကို ကြည့်ပြီး. . အခြေအနေမကောင်းမှန်းသိသဖြင့် ပါလာသောလက်နက်တို့ကို ချပေးလိုက်ကြရသည်။ ထိုအခါ မိစ္ဆာဂိုဏ်းသားများက အနားရောက်လာပြီး ထိုလက်နက်များကို သိမ်းယူပြီး ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်စလုံးကို ဖမ်းဆီးချုပ်နှောင်လိုက်ကြလေသည်။

ထိုအခါမှ မဟိန္ဒာအနားသို့ ကပ်လာပြီး ပြောလေသည်။

"ငါကမင်းကို လက်စားချေချင်လို့ အခုလို စာရေးခိုင်းလိုက်တာပဲ၊ အခုတော့ ငါ့အတွက် အနှောင့်အယှက်ပေးခဲ့တဲ့ မင်းတို့ကို သုတ်သင်ပစ်ဖို့ အခွင့်အရေးရပြီ. . ၊

မင်းတို့သုံးယောက်စလုံးကို ငါလိုချင်တာရပြီးတာနဲ့ ကာလီနတ်ဘုရားမအတွက် အသက်သွေးနဲ့ပူဇော်ရမယ်. . ဟား. . ဟား. . ဟား"

ဟု ရယ်မောနေလေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်စလုံးကို ကိုသူရ ရှိသော ကျောက်ဂူအခန်းထဲသို့ ထည့်ထားလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုမြင်တော့ ကိုသူရက အံ့ဩနေလေသည်။

"ဟင်. . ဆရာတို့ပါ ဒီထဲရောက်လာပါလား"

"ဒါပေါ့ကွာ ရေစက်မကုန်တော့လည်း ဒီလိုပဲ ပြန်တွေ့ကြရတာပေါ့။ ဒါထက်မင်းတို့က ဘယ်လိုဖြစ်ပြီး အဖမ်းခံရတာလဲ"

"ဆရာတို့ကိုလိုက်ပို့ပြီး အပြန်မှာ အဖမ်းခံရတာပါပဲ"

"ဒါထက် သူပြောတဲ့အထဲမှာပါတဲ့ သူလိုချင်တာဆိုတာ ဘာကိုပြောတာလဲ"

"သူက ကျွန်တော်တို့ရဲ့ ဘူတာဝါဟနပညာရဲ့ လျှို့ဝှက်ချက်တွေကို လိုချင်နေတာ"

"ဘယ်လိုနည်းနဲ့ သိသွားတာလဲ"

"ကေသရီကို သတ်တော့မယ်ဆိုတာနဲ့ ကျွန်တော်ပြောလိုက်တာပါ"

ထိုအခါမှ ကိုသူရအနေဖြင့် ကေသရီအပေါ်မှာထားသော သံယောဇဉ်အခြေအနေကို ရိပ်မိသွားတော့သည်။

ထို့နောက်မှာတော့ မဟိန္ဒက ကေသရီကို ပြောသည်။

"နင်တို့ဆီက ဘယ်တော့မှ မသေနိုင်တဲ့ပညာကို ငါလိုချင်တယ်"

"နင်လိုချင်လည်း ဘယ်တော့မှ ရမှာမဟုတ်ဘူး"

"နင် ယူမပေးရင် အခုငါ့လက်ထဲရောက်နေတဲ့ လူသုံးယောက်ကို တစ်ယောက်ပြီးတစ်ယောက် နင့်ရှေ့မှာ ခေါင်းဖြတ်ပြီး သတ်ပြမယ်. . .





တကယ်လို့ ငါလိုချင်တာရရင်တော့ နင်တို့ကို ပြန်လွှတ်ပေးမယ်"

ဟုပြောပြီး မိစ္ဆာဂိုဏ်းသားများကို တစ်စုံတစ်ခု စေခိုင်းလိုက်ရာ ခဏကြာတော့ လေးယောက်စလုံးကို ကြိုးဖြင့်တုပ်ကာ ခေါ်လာသည်။

မဟိန္ဒက ဓားတစ်လက်ကို လက်ထဲမှာ ကိုင်ထားပြီး ဒေါက်တာမင်းထင်ကျော် လည်ကုပ်ပေါ် သို့ မိုးထားသည်။

"ငါလိုချင်တာကို ယူပေးမလား၊ မယူပေးဘူးဆိုရင် ဒီလေးယောက်စလုံး တစ်ယောက်ပြီးတစ်ယောက် လည်ပင်းဖြတ်ပြီး သတ်ပစ်မယ်"

ထိုအခါမှ ကေသရီက ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"နင် သူတို့ကို သတ်စရာမလိုဘူး၊ နင်လိုချင်တဲ့ ငါတို့ရဲ့ ပညာတွေကို ငါယူပေးမယ်"

"ဒီလိုမှပေါ့. . ဒါပေမယ့် နင်သွားစရာ မလိုဘူး၊ နင်နဲ့ပါလာတဲ့ လူကိုလွှတ်လိုက်ရင်ရတယ်"

"နင်က အကျိုးအကြောင်း စာရေးပေးလိုက်ပါ"

ဟု ပြောလေသည်။

ထို့နောက်မှာတော့ ကေသရီက လျှို့ဝှက်စာတစ်စောင်ရေးပေးရာ ကိုသူရကို စခန်းသို့ ပြန်ပို့ခိုင်းလေသည်။ ကိုသူရ ပြန်ရောက်လာတော့ လွှတ်မြောက်သွားသော မြင်းလှည်းမောင်းသူက စခန်းသို့ပြန်ရောက်နေပြီကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက ပြန်ပြောထားသောကြောင့် ကေသရီတို့ နှစ်ယောက် ရန်သူလက်တွင်းရောက်နေပြီဖြစ်ကြောင်း ဦးဒီပက သိနှင့်နေပြီ. . .

ကိုသူရပြန်ရောက်လာသောအခါ သူပေးသောစာကို ဖတ်ကြည့်ပြီး ခေါင်းတစ်ချက် ညိတ်လိုက်လေသည်။

"ဒီမိစ္ဆာကောင်ကများ ငါတို့ပညာတွေကို လိုချင်သတဲ့လား. . ဒီပညာတွေ ရတော့ရော သူကဘာလုပ်တတ်မှာမို့လဲ. .

" ဒါပေမယ့် သူလိုချင်တာမရရင် ကေသရီနဲ့ ဟိုလူသုံးယောက်စလုံးကိုပါ သတ်ပစ်မယ်ပြောပါတယ်"

"ငါကလည်း ဒီသတင်းကိုကြားကတည်းက သူကို ဘယ်လိုဆုံးမရမလဲလို့ စဉ်းစားနေတာ အခုမှပဲ အကြံရပေတော့တယ်၊ သူက ဘယ်တော့မှ မသေနိုင်တဲ့ပညာမျိုး လိုချင်တယ်ဆိုတော့လည်း ပေးရမှာပေါ့ကွာ. . "

ဟုပြောပြီး မောင်သူရကိုပါခေါ်ပြီး အခန်းထဲသို့ ဝင်သွားလေတော့သည်။







## အခန်း(၁၆)

# မဟိန္ဒနှင့် နောက်ဆုံးတိုက်ပွဲ

ဦးပန်ကောင်းနှင့် ကျော်စွာတို့ နှစ်ယောက်က အခန်းထောင့်တစ်နေရာမှ စိတ်ချလက်ချသဘောမျိုးဖြင့် အိပ်နေကြစဉ် ဒေါက်တာမင်းထင်ကျော်နှင့် ကေသရီတို့က အခြားတစ်နေရာမှာ ထိုင်ပြီး စကားပြောနေကြသည်။

"ကျွန်မတို့အတွက်နဲ့ ဆရာတို့ အခုလို ဒုက္ခရောက်ကြရတာ စိတ်မကောင်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တို့အတွက်ကတော့ ဒီလို အန္တရာယ်မျိုးတွေနဲ့ မကြာခဏကြုံတွေ့နေရတာဆိုတော့ သိပ်ပြီး မထူးဆန်းတော့ပါဘူး၊ ကျွန်တော်က ကေသရီအတွက်ပဲ စိုးရိမ်တာပါ"

"ကျွန်မအတွက် အခုလို စိုးရိမ်ပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါထက် ဒီမိစ္ဆာကောင်တွေက ဆရာတို့ကို ဘာကြောင့် အန္တရာယ်ပေးချင်တာလဲ. . ."

"သူနဲ့ ကျွန်တော်နဲ့က ဆုံတွေ့ဖူးပါတယ်၊ သူလုပ်နေတာတွေကို ကျွန်တော်တို့ကသိနေတော့ အနှောင့်အယှက်တွေပေးတယ်ထင်ပြီး သတ်ချင်နေတာပဲဖြစ်မှာပေါ့. . ."

"ဒါထက် ဆရာက ကျွန်မအတွက် စိုးရိမ်တယ်ဆိုတာဘယ်လိုကြောင့်လဲဟင်. . ."

"ကေသရီက ဒါကိုမသိသေးဘူးလား၊ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ဖြစ်လာပြီဆိုရင် နှစ်ကိုယ့်တစ်စိတ်လိုဖြစ်လာတတ်ကြတယ်လေ. . ."

"တကယ်လို့ ကေသရီတစ်ခုခုဖြစ်သွားရင် ကျွန်တော်ဖြစ်သလိုပဲ ခံစားရမှာပေါ့၊ ဒါကြောင့် စိုးရိမ်နေမိတာပါ"

"ဆရာပြောတာ မှန်မယ်ထင်ပါတယ်၊ ကျွန်မလည်း ဆရာ တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေမိသလိုပဲ. . ."

သူမက သံယောဇဉ်နှင့်ပတ်သက်လျှင် ရိုးသားသူတစ်ယောက်ဖြစ်သဖြင့် ရင်ထဲမှ ရှိနေသည်ကို အမှန်အတိုင်းပင် ဖွင့်ပြောလေသည်။

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်





ရင်ထဲမှာ ကျေနပ်သွားလေသည်။

"ဒီလိုဆိုရင်တော့ ကျွန်တော်လိုချင်တဲ့အဖြေမျိုးကို မစဉ်းစားရသေးခင်မှာ ကေသရီ ရင်ထဲက ရောက်လာပြီပဲ ဆိုရမှာပေါ့နော်"

သူမကထိုစကားကို မငြင်းပေ. . .

သက်ပြင်းတစ်ချက်ချလိုက်ရင်းက ခပ်တိုးတိုး ပြန်ပြောလေသည်။

"ကျွန်မလည်း မသိတော့ပါဘူး ဆရာရယ်၊ ဒါပေမယ့် ဆရာနဲ့ ပတ်သက်လာရင်တော့. . . ရင်ထဲမှာ တစ်ခုခုရှိနေတာအမှန်ပါပဲ. . ."

"ဒီစကားကြားရတာနဲ့တင် ကိုယ်ကျေနပ်ပါပြီကွယ်"

"ကျွန်မတို့နှစ်ယောက်ရဲ့ သံယောဇဉ်က အန္တရာယ်တွေကြားက တွေ့ကြရတာဆိုတော့ ရှေ့ခရီးမှာ ချောချောမွေ့မွေ့မှ ရှိပါ့မလားဟင်. . ."

"ဒီလောက်လည်း စိုးရိမ်မပူပန်မှုတွေ မထားပါနဲ့. . ၊ ဒီအန္တရာယ်မျိုးတွေကို ကိုယ်တို့နှစ်ယောက် ကျော်ဖြတ်သွားနိုင်ကြမှာပါ၊ ဒါထက် ကေသရီရဲ့ အဘိုးဆီကို လျှို့ဝှက်စာရေးပေးလိုက်တယ် မဟုတ်လား. . ."

"ဟုတ်တယ်. . ."

"သူတို့ဘယ်လိုမှ မသိနိုင်တဲ့ လျှို့ဝှက်သင်္ကေတတွေနဲ့ အဘိုးဆီကို စာရေးပေးလိုက်တယ်၊ မကြာခင်မှာတော့ အဘိုး ရောက်လာပြီး ကျွန်မတို့ကို ကယ်တင်ပေးမှာပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြလေသည်။

နောက်တစ်ရက်မှာတော့ ကိုသူရတစ်ယောက် ထိုဂူသို့ ပြန်ရောက်လာသည်။

သူ့ကိုမြင်တော့ မဟိန္ဒကမေးသည်။

"ငါလိုချင်တာတွေ ပါလာပြီလား"

"မင်းလိုချင်တဲ့ ပညာတွေက ငါတို့ ပေးပိုင်ခွင့်မရှိဘူး။ ဂူအပြင်ဘက်မှာ သက်ဆိုင်သူပါလာတယ်၊ မင်းတို့ အပြင်ဘက်ကို ထွက်တွေ့လိုက်ပါ"

ဟုပြောသဖြင့် မဟိန္ဒက ကိုသူရနှင့် ဖမ်းထားသူများကို ပါ ကြိုးဖြင့်တုပ်ပြီး ဂူအပြင်ဘက်သို့ ခေါ်သွားလေသည်။

ဂူပေါက်ဝနှင့် မနီးမဝေးနေရာမှာတော့ ဗီရိုလှည်းတစ်စီး ရပ်ထားပြီး ထိုရှေ့မှာ လူသုံးယောက် ရပ်နေလေသည်။

"မင်းဘာလိုချင်တာလဲ. . ."

"ခင်ဗျားတို့ဆီက တစ်သက်လုံး မသေနိုင်တဲ့ပညာရပ်တွေ ကျုပ်လိုချင်တယ်. . ."

"မင်းလိုချင်တာပေးရင် သူတို့ကို ပြန်လွှတ်ပေးမှာလား"

"ကျုပ်လိုချင်တာရရင် ကတိပေးထားတဲ့အတိုင်း ပြန်လွှတ်ပေးမယ်. . ."

"ကောင်းပြီ. . . မင်းလိုချင်တာကို ငါပေးမယ်"

ဟုပြောပြီး နံဘေးမှာ ရပ်နေသူနှစ်ယောက်က တံခါးပိတ်ထားသော ဗီရိုလှည်းနောက်သို့ ဝင်သွားကြသည်။

အတန်ကြာတော့ ကြီးမားသောသေတ္တာကြီးတစ်လုံး





ကို သယ်ယူလာပြီး မဟိန္ဒရှေ့သို့ လာချပေးသည်။

"အဲဒီသေတ္တာထဲမှာ မင်းလိုချင်တဲ့ပညာကို သင်ပေးနိုင်တဲ့သူပါတယ်. . . ဖွင့်ကြည့်ပေတော့"

ထိုသို့ပြောသည်နှင့် မဟိန္ဒက မိစ္ဆာဂိုဏ်းသားနှစ်ယောက်ကို သေတ္တာအဖုံးကို ဖွင့်ခိုင်းလိုက်သည်။

ထိုသူနှစ်ယောက်က သေတ္တာအဖုံးကို ဖွင့်လိုက်သည်။ အဖုံးဖွင့်သွားတော့ အထဲမှ မီးခိုးငွေ့များ ထွက်လာသည်။

အတန်ကြာတော့ မဟိန္ဒရပ်နေသောနေရာသို့ အရာဝတ္ထုနှစ်ခု လိမ့်ပြီး ရောက်လာလေသည်။

မဟိန္ဒက သူ့ခြေထောက်နားရောက်လာသော အရာနှစ်ခုကို ငုံ့ကြည့်လိုက်သည်။

ခေါင်းပြတ်နှစ်လုံးတို့ပင် ဖြစ်သည်။

"ဟင်. . . ."

ထိုအခိုက်မှာပင် သေတ္တာအတွင်းမှ လူတစ်ယောက် ကုန်းထပြီး အပြင်သို့ ထွက်လာသည်။

"မင်းကို ပညာသင်ပေးမယ့် လူတစ်ယောက် ငါခေါ်လာခဲ့တယ်၊ မင်းလိုချင်တဲ့ပညာတွေကို သူ့ဆီမှာသင်ပေတော့"

ဟု ဦးဒီပကာလှမ်းပြောနေစဉ် လက်ထဲမှာ ဓားလှံတစ်လက် ကိုင်ထားသော ထိုလူက မဟိန္ဒရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းလာလေသည်။

ထိုအခြေအနေကို မြင်တော့ မဟိန္ဒက သူ၏ မိစ္ဆာဂိုဏ်းသားများအား ထိုလူကို သတ်ဖြတ်သုတ်သင်ရန် အမိန့်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မိစ္ဆာဂိုဏ်းသားများက ပြေးဝင်သွားကြလေသည်။

သို့သော်လည်း ၎င်းတို့၏ မိစ္ဆာစွမ်းအားများက ဘူတာ
ဟနပညာဖြင့် စီရင်ပြုလုပ်ထားသော ယန္တရားရုပ်ကို အသ
မှု မရပ်တန့်နိုင်ပဲ ယန္တရားရုပ်လက်ချက်ကြောင့်ပင် တစ်ယော
ပြီး တစ်ယောက် ဦးခေါင်းပြတ်ကျသွားလေတော့သည်။

ထိုသို့အခြေအနေ ရှုပ်ထွေးနေစဉ် ဒေါက်တာမင်းထ
ကျော်က ၎င်းခါးမှာဝှက်ထားသောဓားကို ကျော်စွာအားလ
ပြန်နိုက်ယူခိုင်းပြီး ကြိုးများကို ဖြတ်စေသည်။

လက်မှာချည်ထားသော ကြိုးများပြတ်သွားသောအခ
ထိုဓားဖြင့်ကျန်လူများကိုပါ ကြိုးဖြတ်ပေးလိုက်သည်။ အနှော
အဖွဲ့မှ လွတ်မြောက်သွားသောအခါ မိမိတို့လက်နက်များရှိရာ
သို့ သွားကြလေသည်။

ဦးဒီပနှင့်အတူပါလာသော နှစ်ယောက်မှာလည်း ယ
ရားရုပ်များဖြစ်ကြသောကြောင့် မိစ္ဆာဂိုဏ်းသားများ အသုံးပြ
သော မိစ္ဆာစွမ်းအားများဖြင့် မရပ်တန့်နိုင်ကြပဲ ထိုသူများ၏ လက်
ချက်ကြောင့်သာ တစ်ယောက်ပြီးတစ်ယောက် ဦးခေါင်းပြတ်ကာ
သေကြရသည်။

ဦးဒီပကတော့ ကေသရီကို ခေါ်ပြီး တစ်နေရာမှ အေး
အေးဆေးဆေး ကြည့်နေသည်။

ကိုသူရပါ အနှောင်အဖွဲ့မှ လွတ်မြောက်သွားသောအ
ခါ ယန္တရားအတတ်ဖြင့် ပြုလုပ်ထားသူ လေးယောက်ဖြစ်သွား
ပြီး မိစ္ဆာဂိုဏ်းသားများမှာ ဘယ်လိုမှ မတတ်နိုင်တော့ပဲ တစ်





ယောက်ပြီးတစ်ယောက် သေဆုံးသွားကြလေတော့သည်။

ထိုအခြေအနေကို မြင်သောအခါ မဟိန္ဒက ဂူအတွင်း
သို့ ဝင်ပြေးလေတော့သည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က မှော်ဝိဇ္ဇာဥ်
လက်နက်ကိုယူပြီး နောက်မှပြေးလိုက်သွားလေသည်။

သူ့နောက်မှ ကိုသူရကလည်း ပြေးဝင်လိုက်လာသည်။
သူတို့လိုက်လာမှန်းသိတော့ မဟိန္ဒက ကျောက်တံခါးချပ်များ
တပ်ဆင်ထားသောနေရာသို့ ပြေးလေသည်။

ထိုနေရာရောက်တော့ ခလုတ်တစ်ခုကို နှိပ်လိုက်ရာ
ကျောက်တံခါးချပ်က ပွင့်လာသည်။

သူဝင်သွားပြီးတော့ ကျောက်တံခါးနှစ်ချပ်က တဖြည်း
ဖြည်းနှင့် ပြန်ပိတ်သွားသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရောက်သွားတော့ တံခါး
နှစ်ချပ်က လူတစ်ယောက် ဝင်သာရုံသာကျန်တော့သည်။

ထိုအခြေအနေကို မြင်သောအခါ ကိုသူရက ပြေးဝင်
သွားပြီး သူ့ကိုယ်ဖြင့် ခံထားလိုက်သည်။

ဒေါက်တာမင်းထင်ကျော်ပင် တားချိန်မရလိုက်တော့
ပေ။

"ဆရာ အတွင်းကို မြန်မြန်ဝင်ပါ"

ဟုအော်ပြောနေသဖြင့် ထွေထွေထူးထူး စဉ်းစားမနေ
တော့ပဲ လွတ်နေသောနေရာမှ အတွင်းသို့ရောက်အောင် ထိုးမှ
ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူအတွင်းရောက်သွားပြီးနောက်တွင် ကြီးမားသော ကျောက်တံခါးချပ်နှစ်ခုက ကိုသူရ၏ ခန္ဓာကိုယ်ကို ပြားချပ်သွားအောင် ဖိညှပ်ပိတ်သွားလေပြီ။ ဘာမှ မတတ်နိုင်တော့ပေ။

လျှပ်တစ်ပြက်အခြေအနေအတွင်းမှာ ဖြစ်ပျက်သွားသောကြောင့် သည်တစ်ကြိမ်မှာတော့ ကိုသူရအတွက် ကယ်တင်ပေးချိန် မရလိုက်နိုင်တော့ပေ။

ကျောက်တံခါးချပ်ကြီးက စေ့နေအောင် ပြန်ပိတ်သွားလေပြီ. . ။ ဒေါက်တာမင်းထင်ကျော်က အခန်းအခြေအနေတို့ ကြည့်လိုက်လေသည်၊

ကျောက်ဂူအခန်းမှာ သိပ်မကျယ်ဝန်းပဲ အခန်းအလယ် နေရာမှာတော့ ကျောက်ဖြင့်ပြုလုပ်ထားသော နတ်ရုပ်ကြီးတစ်ရုပ် ရှိနေသည်။

လက်များစွာတပ်ဆင်ထားသော ကာလီနတ်ဖုရားမ နတ်ရုပ်ကြီးပင် ဖြစ်သည်။

ဦးခေါင်းပေါ်မှာ မြွေရုပ်များတင်ထားလေသည်။ ထို့ပြင် တပ်ဆင်ထားသော လက်များမှာလည်း ဓားကောက်၊ ခက်ရင်းလှံ၊ ဓား စသည်တို့ ကိုင်ထားလေသည်။

ထိုအခန်းမှာ ဝင်ပေါက်တစ်ပေါက်သာ ရှိပြီး ထိုအပေါက်မှာလည်း ပိတ်နေချေပြီ။

ဒေါက်တာမင်းထင်ကျော် လက်ထဲမှာ မှော်ဝိဇ္ဇာဥ် လက်နက်ပါလာပြီး အကျီအိတ်ထဲမှာတော့ သေနတ်တစ်လက် ရှိနေသည်။





ထို့ပြင် သွားလေရာအမြဲပါသော 'စ. ခ. ဗ. ဂ' အင်းချပ်တော်လည်း ပါလေသည်။

သူသည် ထိုနေရာရောက်တော့ သတိကြီးစွာထားနေရသည်။

မဟိန္ဒက ထိုအထဲမှာပင်ရှိနေသောကြောင့် အချိန်မရွေး အန္တရာယ်ကရောက်လာနိုင်သည်။

ထိုအခိုက်မှာပင်. . . ရုပ်တုနောက်ဘက်မှ မဟိန္ဒထွက်လာသည်။ သူ့လက်ထဲမှာ ဓားကောက်ကြီးတစ်လက်ကို ကိုင်ထားသည်။ သူထွက်လာတာမြင်တော့ ဒေါက်တာမင်းထင်ကျော်က မြားဖြင့်ပစ်သည်။

အနီးကပ်ပစ်သောကြောင့် ချက်ကောင်းကို ထိသည်။ အခြားမိစ္ဆာများဆိုလျှင် တစ်ချက်ထိရုံနှင့် ကိစ္စပြီးသော်လည်း သူကတော့မပြီးပေ။

နောက်တစ်ချက်ထပ်ပစ်ရန် ပြင်နေစဉ်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက ပေါ်လာသည်။

နတ်ဘုရားရုပ်ကြီး၏ မျက်လုံးနှစ်ဖက်မှ. . အနီရောင် အလင်းတန်းများထွက်လာပြီး မျက်နှာကို လာထိသောကြောင့် မျက်စိများ ပြာဝေသွားသည်။

ထိုအခိုက်မှာပင် မဟိန္ဒက ပြေးဝင်လာပြီး ဓားကောက်ဖြင့် ပိုင်းချလိုက်လေသည်။

ရုတ်တရက် အခြေအနေမို့ ဘယ်လိုမှ ရှောင်ချိန်မရတော့သဖြင့်. . . မှော်ဝိဇ္ဇာဥ်လက်နက်ဖြင့် ရိုက်ဖယ်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com

ကံကောင်းထောက်မစွာဖြင့် လွတ်သွားသော်လည်း လက်နှ
ကတော့ နှစ်ပိုင်းပြတ်ကျသွားသဖြင့် အသုံးပြု၍ မရတော့
ဒေါက်တာမင်းထင်ကျော် လက်ထဲတွင် လက်နက်
သောအခါ မဟိန္ဒကစားဖြင့် တရကြမ်းဝင်ခုတ်ရာ ခုခံချိန်
မရတော့ပဲ ရှောင်ပေးနေရလေသည်။

ထိုထက်ပိုဆိုးသည်က နတ်ဘုရားရုပ်တု မျက်လုံး
ဖက်မှ ဖြာကျလာသော အနီရောင်အလင်းတန်းများက မျက်
ဆီသို့လာရောက်ထိနေလေရာ မျက်စိများပြာစေလျက် ဘာ
မမြင်ရပဲဖြစ်နေသည်။

ထို့ကြောင့် ပြန်လည်မတိုက်ခိုက်နိုင်ပဲ မဟိန္ဒာစားချ
မမိအောင်သာ ကြိုးစားပြီး ရှောင်ပေးနေရသည်။

ဒီအတိုင်းဆိုပါက သူဘက်မှ အခြေအနေကောင်းတော
မည်မဟုတ်ပေ။

ထိုအခိုက်မှာပင် အဝေးမှ ပြောလိုက်သော စကား
အချို့ကို မသဲမကွဲကြားရသည်။

သူစိတ်ထဲမှာတော့ ထိုအသံမှာ ယောဂီကြီးကုမာရ
အသံဖြစ်မည် ဟုထင်လိုက်သည်။

"စ. ခ. ဗ. ဝ အင်းချပ်ကို ထုတ်ပြီး မိစ္ဆာစာတ်တွေ
ဖယ်ရှားပစ်တော့လေ. . . "

ထိုအသံကြားတော့မှ အိတ်ထဲမှာပါလာသော အင်းချ
ကိုသတိရလာသည်။

ထို့ကြောင့်ရှောင်ရင်းတိမ်းရင်းနှင့်ပင် အိတ်ထဲမှာပါ





သော အင်းချပ်ကို ဆွဲထုတ်လိုက်သည်။

ထို့နောက်သူမျက်နှာကို မီးဆလိုက်ဖြင့် ထိုးသကဲ့သို့ လိုက်ထိုးနေသော အနီရောင်အလင်းတန်းများအား အင်းချပ်ဖြင့် ကာလိုက်ရာ ဘက်ထရီကုန်သွားသော လက်နှိပ်မီးကဲ့သို့ တဖြည်းဖြည်းအလင်းရောင် လျော့ကာမှိန်ကျသွားလေသည်။

ထိုအခါမှ မျက်စိမှာ ပြန်မြင်လာတော့သည်။ သူသည် အင်းချပ်ကို လက်တစ်ဖက်မှာကိုင်ထားရင်း ကျန်တစ်ဖက်ဖြင့် သေနတ်ကို ဆွဲထုတ်လိုက်သည်။

"ဒီတစ်ခါတော့ မင်းအတွက် နောက်ဆုံးပဲလို့သာ မှတ်ပေတော့"

ဟုပြောပြီး သေနတ်ဖြင့် ပစ်ရာ ဓားတခြားလူတခြားဖြစ်ကာ လဲကျသွားလေသည်။

သို့သော်လည်း အသက်မသေပဲ ပြန်ထလာရန်ကြိုးစားနေသည်။

ဒေါက်တာမင်းထင်ကျော်က တုံ့ဆိုင်းမနေတော့ပဲ. . . လွတ်ကျနေသော ဓားကောက်ကို ယူပြီး ဒယိမ်းဒယိုင်နှင့် ပြန်ထလာသော မဟိန္ဒဦးခေါင်းကို ပိုင်းချလိုက်လေတော့သည်။

ဦးခေါင်းပြတ်ကျသွားသော်လည်း ခန္ဓာကိုယ်ကြီးက နေရာမှာ ရပ်လျက်သားပင်ရှိနေသေးသည်။

ဒေါက်တာမင်းထင်ကျော်က လက်ထဲမှ အင်းချပ်နှင့် ထိပြီး တွန်းချလိုက်တော့မှ လဲကျသွားလေသည်။

ပြတ်ကျသွားသောဦးခေါင်းက နတ်ဘုရားမခြေရင်းမှာ


www.burmeseclassic.com

www.burmeseclassic.com



ရောက်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုဦးခေါင်းပြွတ်ကို ယူပြီး အပေါက်ဝသို့ လျှောက်လာလေသည်။

ထို့နောက် အတွင်းတစ်နေရာမှာရှိသော မောင်းတံကို ဆွဲလိုက်ရာ ကျောက်တံခါးချပ်က ပြန်ပွင့်လာသည်။

ထိုအခါမှ အပြင်သို့ ပြန်ထွက်ခဲ့လေသည်။ တံခါး နှစ်ချပ်ကြားမှာ ညပ်လျက် စေ့စေ့ညက်ညက် ကြေနေသော ကိုသူ့ရ အလောင်းကိုပါ ဆွဲထုတ်ရလေသည်။

ဒေါက်တာမင်းထင်ကျော် အပြင်ဘက်ပြန်ရောက်တော့ အရုဏ်ဦးအလင်းရောင်များပင် တက်နေပေလေသည်။

အပြင်ဘက်မှာတော့ နာရသန်နှင့် ပုလိပ်အဖွဲ့ဝင်များ ရောက်နေကြလေသည်။

၄င်းတို့က မိစ္ဆာဂိုဏ်းသားများကို ဖမ်းဆီးကြသည်။ ဒေါက်တာမင်းထင်ကျော်က နာရသန်နှင့် တွေ့သောအခါ ပြောပြသည်။

"ဒါ . . ခင်ဗျားလိုချင်တဲ့ တရားခံ မဟိန္ဒရဲ့ ဦးခေါင်းပဲ ဒီခေါင်းကိုရရင် သူ့အမှုတွဲကို ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ လွယ်သွားပြီပေါ့"

ဟုပြောပြီး ဦးခေါင်းပြွတ်ကို နာရသန် လက်ထဲသို့ ထည့်ပေးလိုက်ရာ အရိုအသေပေးပြီး ကျေးဇူးတင်ကြောင်း အခါခါ ပြောလေသည်။

" သူသေပြီဆိုပြီး အမှုပိတ်လိုက်ရပေမယ့်၊ သူတကယ်





မသေသေးဘူးဆိုတာ ကျွန်တော်သိနေတယ်၊ အခုမှပဲ . . စိတ်ချလက်ချ ဖြစ်သွားတော့တယ်၊ ဒီအတွက်ဆရာတို့ကို အများကြီး ကျေးဇူးတင်ပါတယ်"

ဟု ပြောလေသည်။


တဖြည်းဖြည်းမြင့်တက်လာသော အရုဏ်ဦးအလင်းရောင်များကတော့ အမှောင်ရိပ်များကို ဖယ်ရှားကာ ပတ်ဝန်းကျင်တစ်ခုလုံး ပြန့်နှံ့လာချေပြီ။





www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၇)

# ဟိမဝန္တာကိုပဲ သက်သေတည်

ဦးဒီပတို့နေသော ကျောက်ဂူအတွင်းမှာဖြစ်သည်။ အခြားသူများကတော့ တစ်နေရာသို့ ရွှေ့ပြောင်းကြရန်အတွက် ၎င်းတို့ ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်နေကြသည်။ အချို့က ပစ္စည်းများကို လှည်းများပေါ် တင်နေသည်။ တစ်နေရာမှာတော့ ဦးဒီပ၊ ဒေါက်တာမင်းထင်ကျော်နှင့် ကေသရီတို့ ရှိနေကြသည်။

"ကျုပ်တို့က လူသိမခံပဲနဲ့ လျှို့ဝှက်ပြီး နေလာကြတာ နှစ်ပေါင်းအတော်ကြာခဲ့ပြီ၊ ဒီနေရာမှာနေတာတောင် နှစ်အ


www.burmeseclassic.com

www.burmeseclassic.com



တော်ကြာခဲ့ပြီ. . အခုတော့ ကျုပ်တို့ ဒီနေရာမှာ ရှိနေကြတာကို သိနေကြတဲ့လူတွေ ရှိလာပြီဆိုတော့ ဒီနေရာကနေ ရွှေ့ပြောင်းကြရတော့မယ်"

"အဘတို့က ဘယ်နေရာကို ရွှေ့ပြောင်းမှာပါလဲ"

"ဒါကတော့ ပြောခွင့်မရှိလို့ မပြောပါရစေနဲ့၊ သေချာတာကတော့ ဟိမဝန္တာတောင်ရဲ့ တစ်နေရာရာပဲဖြစ်မှာပေါ့"

မိုင်ပေါင်း(၁၅၀၀)ခန့် အလျားရှည်လျားသော ဟိမဝန္တာတောင်တန်းပေါ်မှာ လျှို့ဝှက်သောဂူပေါက်များစွာရှိကြသည်။ အချို့ဂူများမှာ လူသိသော်လည်း. . အချို့လူသူမရောက်ဖူးသေးသော မသိကြသေးသော. . ဂူပေါက်များစွာတို့လည်း ရှိကြလေသည်။

ထိုဂူများသည် လူတွေ့မခံလိုသော တရားဓမ္မရှာဖွေသူများ၊ သူတော်စင်များအတွက် နေရာကောင်းများဖြစ်ကြသလို ဦးဒီပတို့လို လူသိမခံလိုသော ပညာရှင်များအတွက်လည်း နေရာကောင်းများ ဖြစ်ကြပေသည်။

"ဒါထက် မောင်ရင်လေးကို မေးစရာရှိပါတယ်"

"မေးပါအဘ"

"ကျုပ်ရဲ့မြေး ကေသရီနဲ့ တစ်ဦးနဲ့တစ်ဦး မေတ္တာမျှနေတယ်ဆိုတာ မှန်ပါသလား"

"မှန်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့နှစ်ယောက် မေတ္တာရှိနေကြပါတယ်"

"သူ့အပေါ်မှာ တစ်သက်လုံး သစ္စာရှိရှိနဲ့ စောင့်ရှောက်





ပေးနိုင်ပါ့မလား"

"တစ်သက်လုံးစောင့်ရှောက်ပေးပြီး လက်တွဲသွားပါ့မယ်လို့ အဘကို ကတိပေးပါတယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်ကွယ်၊ ကျုပ်ကလည်း သူ့ကို စိတ်ချယုံကြည်ရတဲ့ လူတစ်ယောက်ရဲ့လက်ထဲမှာ အပ်ပြီး ပြင်ပလောကမှာပဲ ထားချင်နေတာပါ၊ အခုမှပဲ စိတ်အေးရတော့တယ်"

"ဒီအတွက်တော့ မပူပါနဲ့အဘ ကျွန်တော်အနေနဲ့ သူ့အပေါ်မှာ တကယ်မေတ္တာစစ်နဲ့ ချစ်နေတာဆိုတော့ တစ်သက်လုံး စောင့်ရှောက်ပေးသွားမှာပါ"

"ငါ့မြေးသဘောကရော ဘယ်လိုလည်းကွယ်"

"ဆရာပြောတာမှန်ပါတယ်၊ ကျွန်မကလည်း ဆရာ့အပေါ်မှာ မေတ္တာရှိနေပြီဆိုတော့ အဘိုးကသာ ခွင့်ပေးမယ်ဆိုရင် ဆရာနဲ့အတူ လိုက်သွားပါရစေ"

ဟု ခွင့်တောင်းလေသည်။

ဦးဒီပက ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"အေးလေ ဒါကလည်း အချိန်တန် အရွယ်ရောက်ကြတဲ့ သူတွေအတွက် သဘာဝကျတဲ့ သဘာဝတရားပါပဲ. . ငါ့မြေးကိုယ်တိုင်က နှစ်သက်နေမှတော့ အဘိုးက ခွင့်ပြုပေးရမှာပေါ့၊ အဘိုးတို့မသွားခင် ငါ့မြေးတို့နှစ်ယောက်ကို အဘိုးကိုယ်တိုင် လက်ထပ်ပေးပါ့မယ်"

ထိုစကားကြားသောအခါ ကေသရီပါးပြင်ပေါ်သို့ မျက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ရှည်များ စီးကျလာပြီး ခေါင်းငုံ့သွားလေသည်။

"ကျုပ်တို့က တောထဲတောင်ထဲမှာဆိုတော့ မောင်ရင်တို့ရဲ့ မင်္ဂလာပွဲကိုတော့ ခမ်းခမ်းနားနား မလုပ်ပေးနိုင်တာတစ်ခုကတော့ စိတ်မကောင်းစရာပါပဲ၊ ဒါပေမယ့် မင်းတို့နှစ်ယောက်အတွက်ကတော့ အကောင်းဆုံး သက်သေတော့ရှိပါတယ်"

ဦးဒီပက စကားမဆက်သေးပဲ ဂူပေါက်ဝမှတဆင့် လှမ်းမြင်နေရသော အပြင်ဘက်သို့ လှမ်းကြည့်နေသည်။

အချိန်မှာ နေဝင်ရီတရောအချိန် ဖြစ်သောကြောင့် တောင်ခြေတစ်ဝိုက်မှာ နှင်းများကျနေသည်။

သို့သော် မြင်ကွင်းပျောက်လောက်အောင်တော့ မများလှသေးပေ။

မြူနှင်းများဖုံးစပြုနေသော ဟိမဝန္တာတောင်တန်းများရှိရာသို့ လက်ညှိုးထိုးပြပြီး စကားပြန်ဆက်သည်။

"မင်းတို့နှစ်ယောက်အတွက် အကောင်းဆုံး သက်သေအဖြစ်နဲ့ ဟိမဝန္တာတောင်တန်းကိုပဲ တိုင်တည်ပေးထားခဲ့ပါတယ်၊ ကမ္ဘာပေါ်မှာ ဟိမဝန္တာတောင်တန်းကြီးတွေ တည်ရှိနေသရွေ့ မင်းတို့နှစ်ယောက်ရဲ့ မေတ္တာလည်း ခိုင်မြဲပါစေကွယ်"

ထိုသို့ပြောပြီး ဒေါက်တာမင်းထင်ကျော်နှင့် ကေသရီတို့နှစ်ယောက်ကို သူကိုယ်တိုင်လက်ထပ်ပေးလေသည်။

ကေသရီကတော့ ဝမ်းနည်းဝမ်းသာ ဖြစ်နေသောကြောင့် တရှုံ့ရှုံ့ငိုနေရှာသဖြင့် ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးတစ်ဖက်ကို ကိုင်ကာ နှစ်သိမ့်မှုပေးရလေသည်။



BURMESE CLASSIC .com



"အခုဆိုရင် မောင်ရင်က ကျုပ်တို့ မိသားစုဝင် မျိုးနွယ်ဝင်တစ်ယောက်ဖြစ်လာပြီဆိုတော့ ကျုပ်တို့ဘိုးဘွားအစဉ်အဆက်က ထိမ်းသိမ်းလာခဲ့တဲ့ ဘူတာဝါဟနပညာကို သင်ပေးခွင့်ရပါပြီ။

ဒါပေမယ့် အခုလောလောဆယ်တော့ မဟုတ်သေးဘူး၊ ကျုပ်တို့တစ်တွေ နေရာသစ်မှာ အခြေချသွားပြီးရင် လာခေါ်ပြီး သင်ပေးပါမယ်လို့ ကတိပေးခဲ့ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ..."

ဒေါက်တာမင်းထင်ကျော်အတွက်ကတော့ လှပချောမောသည့် ချစ်သူတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရသည့်အပြင် သူလိုချင်သော တတ်မြောက်ချင်သော ဘူတာဝါဟနပညာတို့ပါ တစ်ချိန်ကျလျှင် သင်ခွင့်ရတော့မည်မို့ များစွာကျေနပ်ဝမ်းမြောက်စရာပင်ဖြစ်ပေတော့သည်။

ဦးဒီပတို့သည် ညတွင်းချင်း ပစ္စည်းများကို သိမ်းဆည်းပြီး ကြွင်းကျန်ခဲ့သော အရာဝတ္ထုများကိုပါ ဖျက်ဆီးခဲ့ပြီးနောက် မိုးမလင်းမီမှာပင် ဒေါက်တာမင်းထင်ကျော်နှင့် ကေသရီတို့ နှစ်ယောက်ကို နှုတ်ဆက်ကာ ထိုနေရာမှ ထွက်သွားကြလေတော့သည်။

အတန်ကြာသောအခါ အရှေ့ဘက် ဟိမဝန္တာ တောင်တန်းများပေါ်မှ အရုဏ်ဦးအလင်းရောင်များ ပေါ်ထွက်လာချေပြီ။

သာယာလှပသော နံနက်ခင်းအချိန်လေးကမှ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်သားလက်တွဲကာ မနီးမဝေးမှာရပ်ထားသော ဗီရိုလှည်း ရှိရာသို့ လျှောက်လာကြလေသည်။

ယခုတော့ မြူနှင်းများဖြင့် ဖုံးအုပ်နေသော ဟိမဝန္တာ တောင်ကြောပေါ်တွင်. . အရုဏ်ဦးအလင်းရောင်များက ထိုး ဖောက်ဝင်လာသောကြောင့် မြူခိုးငွေ့များ၊ မြူနှင်းများ ပျက်ပြယ် စ ပြုလာချေပြီ. . ။

ထိုအတူ အန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသော သူတို့ နှစ်ဦးအတွက်လည်း ယခုအခါမှာတော့ အန္တရာယ်ဆိုးများ တင်း စင်သွားပြီး သာယာလှပသော ဘဝခရီးလမ်းကို လျှောက်လှမ်း ကြရတော့မည်ဖြစ်ပေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော. . . (စက္ကောမ ကေသရီ) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာ နိဂုံးကမ္ပတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သည်။ ။

BURMESE CLASSIC .com

အနီယာပဟော္သျ သုခီအတ္တာနံ ပရိဟရန္တု

ကြိုးခုကြ (၂)



www.burmeseclassic.com